# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 3 September 2019 ၉၇၆၁


## ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျေအင်း၏ ကိုယ်ရေးအကျဉ်း



ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ မွန်ဂျေအင်းကို ၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဘူဆန်မြို့ရှိ ဂယောင်းနမ်း အထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့ပြီး ဆိုးလ်မြို့ရှိ ဂယောင်းဟီး တက္ကသိုလ်မှ ဥပဒေပညာဘွဲ့ရရှိခဲ့သည်။

၁၉၈၂ ခုနှစ်တွင် သမ္မတဟောင်း မစ္စတာ နိုမူဟွန်း (ကိုရီးယားသမ္မတနိုင်ငံ၏ ၁၆ ကြိမ်မြောက် သမ္မတ) နှင့်အတူ လူ့အခွင့်အရေးနှင့် လူမှုအဖွဲ့အစည်းများဆိုင်ရာ အထူးပြုဥပဒေရုံးအား တည်ထောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ လူမှုရေးရာနှင့် လူမှုအဖွဲ့အစည်းရေးရာဉက္ကဋ္ဌ၏ အကြီးတန်းအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် သမ္မတအိမ်တော်၏ အတွင်းဝန်အကြီးအကဲနှင့် ဒုတိယအကြိမ်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐


## ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၏ဇနီး မစ္စစ် ကင်မ်ဂျောင်းဆု၏ ကိုယ်ရေးအကျဉ်း



ကိုရီးယားသမ္မတနိုင်ငံသမ္မတ၏ဇနီး မစ္စစ် ကင်မ်ဂျောင်းဆုကို ၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဆွန်းမြောင်းမိန်းကလေးကျောင်းတွင် အလယ်တန်းနှင့် အထက်တန်းပညာသင်ယူခဲ့ပြီး ဆိုးလ်မြို့ရှိ ဂယောင်းဟီးတက္ကသိုလ်မှ အဆိုပညာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

၁၉၇၈ မှ ၁၉၈၂ ခုနှစ်အထိ ဆိုးလ်မြို့တော်သံပြိုင်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် "ဂျောင်းဆုနှင့် အနုပညာမိတ်ဆွေများ စကားစမြည်" စာအုပ်အား ရေးသားထုတ်ဝေခဲ့သည်။

မစ္စစ် ကင်မ်ဂျောင်းဆုသည် သားတစ်ဦးနှင့် သမီးတစ်ဦး ထွန်းကားခဲ့သည်။

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်သို့ မြန်မာနိုင်ငံ ပါဝင်နိုင်ရေးကိစ္စ အတည်ပြု



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ကျင်းပစဉ်။

**နေပြည်တော် စက်တင်ဘာ ၂**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့တွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ စာချုပ်၏ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးကိစ္စ**ကို အတည်ပြုခဲ့သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်က ဆွေးနွေးရာတွင် မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခသည် ဒေသအချို့တွင် ယနေ့တိုင်ဆက်လက်ရှိနေသည်ကို တစ်နိုင်ငံလုံးအသိဖြစ်ပါကြောင်း၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍





ကြေးမုံ

## ဖြစ်နိုင်ခြေကိုသတိမူ ကြိုတင်ပြင်ဆင်

သဘာဝဘေးအမျိုးမျိုးတို့အနက် ငလျင်ဘေးအန္တရာယ်သည် ထိခိုက်ပျက်စီးဆုံးရှုံးမှုကို လျော့ပါးသက်သာအောင် စွမ်းဆောင်နိုင်စွမ်းမရှိသည့် ဘေးတစ်မျိုးဖြစ်သည်။ ငလျင်ပြင်းအား အနည်းအများအပေါ်မူတည်၍ ပြင်းအားများလျှင်များသလောက် ပျက်စီးဆုံးရှုံးမှုများမည်ဖြစ်သည်။ ငလျင်သည် ကမ္ဘာမြေကြီး၏ ဖွဲ့စည်းဖြစ်တည်မှုကိုအကြောင်းပြု၍ မလွဲမသွေဖြစ်ပေါ်လာနိုင်သည့် သဘာဝဖြစ်စဉ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ငလျင်သမိုင်းကြောင်းတွင် ရာစုနှစ်အလိုက် ကြီးမားသောဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ဖူးပြီး မျက်မှောက်ကာလတွင်လည်း ဖြစ်ပေါ်နေသည်။ မကြာသေးမီ နှစ်ကာလများအတွင်းက အင်အားအသင့်အတင့်ရှိသည့်ငလျင်များ နှစ်စဉ်လှုပ်ခတ်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် တာလေငလျင်၊ ၂၀၁၂ ခုနှစ်တွင် သပိတ်ကျင်းငလျင်၊ ၂၀၁၆ ခုနှစ်တွင် ကလေးမြို့အနီးနှင့် ချောက်မြို့အနီးတို့တွင် အင်အားပြင်းသောငလျင်များ လှုပ်ရှားခဲ့သည်။

အဆိုပါငလျင်ဒဏ်ကြောင့် လူ့အသက်နှင့် အိုးအိမ်အဆောက်အဦများ ထိခိုက်ပျက်စီးခဲ့ရုံသာမက တန်ဖိုးမဖြတ်နိုင်သော ပုဂံရှေးဟောင်းအမွေအနှစ်များ ပြိုကျပျက်စီးခဲ့ရပေသည်။ ယခုအနီးစပ်ဆုံးကာလများကိုပြန်ကြည့်မည်ဆိုလျှင် ဩဂုတ်လ ၂ ရက်နေ့က မော်လိုက်မြို့အနီးတွင် ၄ ဒသမ ၇ ရစ်ချ်တာစကေးရှိသည့်ငလျင်၊ ဩဂုတ်လ ၃ ရက်နေ့က မိုးညှင်းမြို့အနီး ၃ ဒသမ ၅ ရစ်ချ်တာစကေးရှိငလျင်နှင့် ဆင်ဘိုမြို့အနီးလှုပ်ခတ်ခဲ့သည့်ငလျင်တို့မှာ သတိပြုဖွယ်ဖြစ်ခဲ့ပြီး ဩဂုတ်လ ၃၁ ရက်နေ့ ည ၉ နာရီ ၃၉ မိနစ် ၂၂ စက္ကန့်အချိန်၌ ရွှေဘိုမြို့အနီး အင်အားရစ်ချ်တာစကေး ၆ အဆင့်ရှိ လှုပ်ရှားမှုသည် ငလျင်အန္တရာယ်ကို သတိမူကြရန် သတိပေးလိုက်ခြင်း ဖြစ်သည်။

အဆိုပါငလျင်သည် စစ်ကိုင်းပြတ်ရွေ့နှင့် ကဘော်ပြတ်ရွေ့အကြားရှိပြတ်ရွေ့ကြောင်းတစ်ခုဖြစ်ပြီး ငလျင်ဖောက်တိမ်သဖြင့် နောက်ဆက်တွဲငလျင်များ လှုပ်ခတ်နိုင်သည်ကို သတိမူရမည်ဖြစ်သည်။ ငလျင်ဘေးအန္တရာယ်သည် အခြားမီးဘေး၊ ရေဘေး၊ လေဘေး စသည့်ဘေးအန္တရာယ်များကဲ့သို့ ကြိုတင်သိရှိနိုင်ခြင်းမရှိသည့်အပြင် မကြာခဏဖြစ်ပွားလေ့မရှိသောကြောင့် ပြည်သူများအနေဖြင့် ငလျင်ဘေးအန္တရာယ်ကို သတိမမူပေ့ါပေ့ါဆဆ မေ့မေ့လျော့လျော့ နေတတ်ကြပေသည်။

ယခုမိုးရာသီကာလ ရေကြီးရေလျှံ၊ လေပြင်းထန်နေသောအချိန်တွင် ငလျင်ဘေးအန္တရာယ်ကို ပို၍ပင် သတိမမူမိကြပေ။ ငလျင်အန္တရာယ်သည် အခြားသဘာဝဘေးများကဲ့သို့ ရာသီအလိုက်ဖြစ်ပွားခြင်းမရှိဘဲ အချိန်အခါရာသီမရွေး ဖြစ်ပွားတတ်ပေသည်။ မြန်မာနိုင်ငံတွင် ကျရောက်နိုင်သော သဘာဝဘေးအန္တရာယ်ကြီးများအနက် ရေရှည်တွင် ငလျင်ဘေးအန္တရာယ်သည် အကြီးမားဆုံးဖြစ်မည်ဟု ပညာရှင်များက ယူဆထားကြသည်။ မည်သို့ပင်ဖြစ်စေ ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်ရေးနည်းလမ်းများကို ကြိုတင်ပြင်ဆင် အကောင်အထည်ဖော်ဆောင်ရွက်ထားရမည် ဖြစ်သည်။

မကြာသေးမီက အမျိုးသားအဆင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် မိတ်ဆက်ခြင်းပြုလုပ်ခဲ့သည်။ ကြိုတင်ပြင်ဆင်ရေးနှင့်ပတ်သက်၍ မဟာဗျူဟာများနှင့် စီမံချက်များရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်း၊ ပြည်သူလူထုအတွင်း ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများပြုလုပ်ခြင်း စသည်တို့ကို ပြင်ဆင်ဆောင်ရွက်ထားရမည် ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဖြစ်စဉ်များ ယိုယွင်းပျက်စီးနေသည်ကို အားလုံးသိရှိကြပြီးဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် လူတို့ထိခိုက်မှုနည်းနိုင်သမျှနည်းအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသော ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးပျက်စီးမှု နည်းနိုင်သမျှနည်းပါးအောင် ကြိုတင်သတိထား ပြင်ဆင်ထားရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## တရားမအထူးအယူခံမှု ၁၃ မှု စီရင်ချက်ချ၊ ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ၁၃ မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ Gala Dinner & Award Night အခမ်းအနား ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်၏ Gala Dinner & Award Night အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ရှိ Novotel Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**ပေးအပ်**

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးအောင်မြင့်က ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် အသင်းချုပ် နာယကကြီးများအား ဂုဏ်ထူးဆောင်လက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ကုမ္ပဏီအသင်းသားများနှင့် အကြီးတန်းအသင်းသားများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

**သတင်းစဉ်**

## ကျောက်ဖြူ၌ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**ကျောက်ဖြူ စက်တင်ဘာ ၂**

ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမတွင် စာရေးဆရာ ဒေါက်တာဖေမြင့် ရေးသားသော "စိတ်ဓာတ်နှင့် နည်းနာ"စာအုပ်ဖြင့် အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူ ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ယုယုနွယ်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားစေရေး၊ စာအုပ်စာစောင်များဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရေး၊ ပြည်သူ့စာကြည့်တိုက်သို့ ဝင်၊ ထွက်တတ်စေရန်လစဉ်ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက "လူငယ်နှင့် တိုးတက်ရေး" ခေါင်းစဉ်ဖြင့် အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ပြိုင်ပွဲတွင် အကောင်းဆုံးစာဖတ်စွမ်းရည်ဆုကို ခရိုင်ဦးစီးမှူး ဒေါ်ခင်ယုယုနွယ်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂-၉-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၈,၂၂၀ | ၉၈,၆၄၀,၀၀၀ |
| MTSH | ၄,၁၀၀ | ၄,၂၀၀ | ၅,၀၁၄ | ၂၀,၅၆၇,၈၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၇၄၄ | ၆,၂၄၉,၆၀၀ |
| FPB | ၂၆,၀၀၀ | ၂၅,၅၀၀ | ၆၃ | ၁,၆၁၂,၀၀၀ |
| TMH | ၃,၀၅၀ | ၃,၀၅၀ | ၅၉၈ | ၁,၈၂၃,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၂**

ရန်ကုန်(ရွှေဈေး) ၁၂၆၅၀၀၀ မန္တလေး(ရွှေဈေး) ၁၂၆၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၄၀/၈၈၅ ကျပ် | ၈၉၅/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၀/၈၇၅ ကျပ် | ၉၂၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၀/၇၈၅ ကျပ် | ၈၁၅/၈၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၅၀/၈၉၅ ကျပ် | ၉၁၀/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၈/၈၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၃၈/၈၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၃၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၃.၂ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၇၁.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၂.၃၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၇၃၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၂.၁၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၆၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၃၃.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၆၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၄.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၅.၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

❒ **ကိုရီးယားသမ္မတမှ**
တောင်-မြောက် ထိပ်သီးအစည်းအဝေး မြှင့်တင်ရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် နိုမူဟွန်း ဖောင်ဒေးရှင်းဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် ဆန်းသစ်တီထွင်မှုနှင့် ပေါင်းစည်းရေးဆိုင်ရာ အမြဲတမ်းတွဲဖက်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် (၁၈) ကြိမ်မြောက် သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ယူနိုက်တက်ပါတီကိုယ်စားလှယ်နှင့် (၁၉) ကြိမ်မြောက် အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် ဒီမိုကရက်တစ်ယူနိုက်တက်ပါတီ၏ အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ဒီမိုကရေစီနိုင်ငံရေး မိတ်ဖက်သစ်ကြားဖြတ်ကော်မတီ အဖွဲ့ဝင်နှင့် နျူကလီးယားစက်ရုံဆိုင်ရာ အထူးတုံ့ပြန်ဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌအဖြစ်လည်းကောင်း ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် (၁၉) ကြိမ်မြောက် သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်အရွေးချယ်ခံခဲ့ပြီး သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

သမ္မတကြီးသည် မစ္စစ် ကင်မ်ဂျောင်းဆုနှင့် လက်ထပ်ခဲ့ပြီး သားတစ်ဦးနှင့် သမီးတစ်ဦး ထွန်းကားခဲ့သည်။

## မြန်မာနိုင်ငံပြန်တမ်း
### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးအောင်ကျော်ဇံကို ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

❍ **ရှေ့ဖုံးမှ**
အဆိုပါ လက်နက်ကိုင်ပဋိပက္ခအတွင်းရှိနေသည့် ကလေးသူငယ်များ၏ ဘဝလုံခြုံမှု၊ ငြိမ်းချမ်းမှု၊ အာဟာရပြည့်ဝမှု၊ ကျန်းမာရေး၊ ပညာရေးတို့အပြင် ကြီးလေးသော ချိုးဖောက်ခံရမှုများဖြစ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ လူသစ်အဖြစ် စုဆောင်းခံရခြင်း၊ မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသည့် လက်နက်ပစ္စည်းများကြောင့် အသက်ဆုံးရှုံးရခြင်း၊ ကိုယ်လက်အင်္ဂါချို့တဲ့သွားခြင်းများအပြင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုများ၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများ ရှိနေတတ်ပါကြောင်း။

အချို့နေရာများတွင် ကလေးများအတွက် လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှု၊ အခွင့်အရေးတားဆီးဟန့်တားမှုများ ရှိနေပါကြောင်း၊ ထို့ကြောင့် တင်ပြလာသည့် အခြေပြစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ခြင်းဖြင့် နိုင်ငံသားများ၏အခွင့်အရေးနှင့် အထူးသဖြင့် ကလေးသူငယ်များ၏ အခွင့်အရေးကို နိုင်ငံတကာဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်နိုင်သည့် နိုင်ငံဖြစ်သည့်အတွက် နိုင်ငံရေးကတိကဝတ်ပြုရာ ရောက်သည့်အပြင် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းများ ဖြစ်ထွန်းနိုင်သောကြောင့် အတည်ပြုပေးသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။



ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်



မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်လှဌေး(ခေါ်) ဒေါ်အုန်းကြည်

### နိုင်ငံတကာဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မည့် နိုင်ငံရေးကတိကဝတ်တစ်ရပ် ပြုရာရောက်

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခေါ်) ဒေါ်အုန်းကြည်က မြန်မာနိုင်ငံအနေဖြင့် အဆိုပါစာချုပ်တွင် အတည်ပြုပါဝင်ခြင်းအားဖြင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့်အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခကာလအတွင်း ကလေးသူငယ်များ၏ အခွင့်အရေးများကို နိုင်ငံတကာဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မည့် နိုင်ငံရေးကတိကဝတ်တစ်ရပ် ပြုရာရောက်သည့်အပြင် နိုင်ငံတကာ၏ မျက်နှာစာတွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အရွယ်မရောက်သေးသူများကို လက်နက်ကိုင်တပ်ဖွဲ့များမှ အသုံးပြုသည့်စာရင်းမှ ပယ်ဖျက်ရန် ကြိုးစားရာတွင်လည်း အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် လက်ရှိအခြေအနေ၌ အဆိုပါစာချုပ်တွင် ပါဝင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ၊ အစီအမံဆောင်ရွက်ချက်များ၊ ဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းပြီးလည်းဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံတွင်လည်း မိမိတို့တစ်နိုင်ငံသာ ကျန်ရှိသည့်အတွက် ယနေ့အချိန်တွင် အတည်ပြုပါဝင်နိုင်ရေးအတွက် အသင့်ဖြစ်နေပါကြောင်း၊ ထို့ကြောင့် အဆိုပါစာချုပ်သို့ အတည်ပြုပါဝင်ခြင်းကို လေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲနိုင်လွင်က မိမိတို့နိုင်ငံအတွင်း လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် မည်သို့ပင် ရည်မှန်းချက်၊ ရည်ရွယ်ချက်များ ကွဲပြားနေစေကာမူ အခြေခံအားဖြင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ ဘုံသဘောတူညီချက်များကို အားလုံးလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရတစ်ရပ်အနေဖြင့် လိုအပ်သည့် စီမံဆောင်ရွက်မှုများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ စာချုပ်ပါ article 4 ၏ သဘောတူညီချက်အရ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးအပေါ်တွင် ခိုင်မာအားကောင်းသည့် ဥပဒေစည်းနှောင်မှုရှိရန် လိုအပ်ပြီး လတ်တလောအနေဖြင့် စာချုပ်ကိုလက်မှတ်ရေးထိုးသည့်



တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးရဲနိုင်လွင်



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်

အခါတွင် အစိုးရအနေဖြင့် သီးခြားမှတ်ချက်တစ်ခု ထည့်သွင်းပြီးမှသာ လက်မှတ်ရေးထိုးသင့်သည်ကို ဖြည့်စွက်အကြံပြုတင်ပြလိုပါကြောင်း၊ နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေးရရှိပြီးပါက အားလုံးလိုက်နာပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည့်အတွက် အစိုးရအနေဖြင့် စာချုပ်ပါပြဋ္ဌာန်းချက်များအားလုံးကို အာမခံနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ဖာပွန် မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ပဲခူး မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်၊ တာမွေမဲဆန္ဒနယ်မှ ဦးစိုးဝင်း၊ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်ကျော်မိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ ဘားအံ မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေနှင့် ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

### သဘောတူ အတည်ပြုကြောင်း ကြေညာ

ယင်းကိစ္စနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် အဆိုပါ နောက်ဆက်တွဲ အခြေပြစာချုပ်တွင် ပါဝင်ခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် တပ်မတော်၏ပုံရိပ်ကိုလည်း တိုးတက်ကောင်းမွန်စေမည်ဖြစ်ပါကြောင်း၊ ကလေးသူငယ်များအခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက်လည်း မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုမှာ အပြုသဘော တိုးတက်မှုတစ်ရပ် ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်မှ အဆိုပါစာချုပ်ကို အတည်ပြုရန်အတွက် သဘောတူမည်ဆိုပါက မိမိတို့အနေဖြင့် လာမည့် စက်တင်ဘာလလယ်တွင် ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အတည်ပြုကြောင်း စာချွန်လွှာကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးကို ပေးအပ်နိုင်မည့် အနေအထားရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါစာချုပ်ကို အတည်ပြုရေးအတွက် မိမိအနေဖြင့် လေးစားစွာ ထောက်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါက်ကျိန်ဒိုက်မန်က **လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်လမ်းများဆက်သွယ်ရေးစီမံကိန်းဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ထံမှ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၂၀ သန်း ချေးငွေရယူရေးကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်က ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အဘက်ဘက်မှ အောင်မြင်တိုးတက်ရန်အတွက် ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရန်မှာ အဓိက အရေးကြီးသည့်အချက်ဖြစ်ပါကြောင်း၊ စီမံကိန်းဆောင်ရွက်မည့် မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သာမက အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဖောက်လုပ်မည့် ကျေးလက်လမ်းများ ရေတိုက်စားမှုမဖြစ်စေရန်အတွက် တောင်ကျရေများနှင့် မြစ်ချောင်းများမှ စီးဆင်းလာသည့် ရေများ၏ အခြေအနေများကို လေ့လာဆန်းစစ်ပြီး လိုအပ်သည့်နေရာများတွင် တံတားများ ထည့်သွင်းတည်ဆောက်ရမည် ဖြစ်ပါကြောင်း။

ထို့ပြင် လမ်းဘေးဝဲ၊ ယာရှိ သတ်မှတ်ထားသည့်နေရာများတွင် နှစ်ရှည်သီးပင်များလည်း စိုက်ပျိုးရမည်ဖြစ်ပါကြောင်း၊ ချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်း အောင်မြင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အတူ ချေးငွေကို မိမိပိုင်ငွေကဲ့သို့ လေလွင့်မှုမရှိစေရန် ဂရုစိုက်၍



ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်



လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို

ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ကျေးလက်ပြည်သူများအတွက် အကျိုးသက်ရောက်မှုရှိမည်ဖြစ်သောကြောင့် အဆိုပါချေးငွေ ချေးယူခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ချေးငွေဖြင့် ဆောင်ရွက်မည့်လမ်းလုပ်ငန်းသည် ဒေသခံပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ရှိသည်မှာ မှန်သော်လည်း အလားတူ လမ်းပန်းဆက်သွယ်ရေးအခြေအနေဆိုးရွားသည့် ပြည်နယ်များတွင်နေထိုင်သည့် ပြည်သူများ၏ အခက်အခဲနှင့် နှိုင်းယှဉ်မည်ဆိုပါက ကွာခြားမှုမရှိသည်ကိုတွေ့နိုင်ပါကြောင်း၊ နိုင်ငံ၏ အဓိကထွက်ကုန် တိုးတက်ရရှိရေးနှင့် ဝင်ငွေရှာဖွေရေးကို အထောက်အကူပြုသည့် အခြေအနေ၊ နိုင်ငံ၏ပို့ကုန် ဝင်ငွေတိုးမြှင့်ရှာဖွေရန်အတွက် အထောက်အကူပြုနိုင်သည့် လုပ်ငန်းများတွင် ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို နိုင်ငံ၏ ဘဏ္ဍာငွေဖြင့် မဆောင်ရွက်နိုင်သည့်အခါ ပြည်ပချေးငွေဖြင့် ဆောင်ရွက်ရန်အတွက် ငွေချေးငှားခြင်းသည် သင့်လျော်ပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်အနာဂတ်အတွက် အထောက်အကူပြုသည့် လုပ်ငန်းများတွင် သုံးရန်အတွက်သာ ငွေချေးသင့်သည်ဟု ယူဆပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆိပ်ကမ်း မဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ ရွှေတောင် မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးချစ်ထွေးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို စက်တင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**
**အေးအေးသန့် (သတင်းစဉ်)**

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၃၁ / ၂၀၁၉) ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၃၁ / ၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် China Daily & RVIPS အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးကြည်သိန်းကိုနှင့် China Daily & Resources Venture International Publication Services (RVIPS) မှ အမှုဆောင်အရာရှိချုပ် Mr. Ang Wei Kwaung တို့အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် China Daily & RVIPS Myanmar Marathon အပြေးပြိုင်ပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံဒေသ၌ ကျင်းပရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် Bright View Travels & Tours Co.,Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်ရွှေ၊ Myanmar Motor Sports Organization (MMSO) မှ ဦးကျော်ဇေယျာဝင်းနှင့် မြန်မာပြိုင်ပွဲဝင် အသင်းခေါင်းဆောင် ဒေါက်တာစိုးထွဋ်အောင်တို့နှင့်တွေ့ဆုံ၍ Bright View Travels & Tours Co.,Ltd. နှင့် MMSO တို့ပူးပေါင်း၍ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံပါဝင်သည့် နိုင်ငံဖြတ်ကျော်ကားမောင်းပြိုင်ပွဲ Asia Cross Country Rally (2019) အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကားမောင်းပြိုင်ပွဲ အစီအစဉ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များအတွက် ဗီဇာကင်းလွတ်ခွင့်နှင့် ဆိုက်ရောက်ဗီဇာ စမ်းသပ်ခွင့်ပြုမှု တစ်နှစ်ထပ်တိုးဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၂**

ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များအတွက် ဗီဇာကင်းလွတ်ခွင့်နှင့် ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) စမ်းသပ်ခွင့်ပြုမှုကို တစ်နှစ် သက်တမ်းတိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

**ပိုမိုလာရောက်ရေးကို ဦးတည်**

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ပိုမိုလာရောက်ရေးကို ဦးတည်၍ ခရီးသည်များ ဝင်ရောက်လည်ပတ်မှု ပိုမိုလွယ်ကူစေရေးအတွက် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံသားများ၊ တရုတ်နိုင်ငံ၏ ဟောင်ကောင်နှင့် မကာအို အထူးအုပ်ချုပ်ရေးဒေသမှ ကမ္ဘာလှည့်ခရီးသည်များအတွက် ဗီဇာကင်းလွတ်ခွင့်ဖြင့် လည်းကောင်း၊ တရုတ်နိုင်ငံသား ခရီးသည်များအနက် လေကြောင်းဖြင့် လာရောက်သည့် ခရီးသည်များအတွက် ကမ္ဘာလှည့်ဗီဇာကို ဆိုက်ရောက်ဗီဇာဖြင့် လည်းကောင်း ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ စမ်းသပ်ကာလ တစ်နှစ်သတ်မှတ်၍ ဝင်ရောက်ခွင့်ပြုခဲ့သည်။ အိန္ဒိယနိုင်ငံသား ခရီးသည်များအနက် လေကြောင်းဖြင့် လာရောက်သည့် ခရီးသည်များကို ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်)ဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ စမ်းသပ်ကာလ တစ်နှစ်သတ်မှတ်ခွင့်ပြုခဲ့ပြီးဖြစ်သည်။

**တစ်နှစ်စီသက်တမ်းတိုးခွင့်ပြုသွားမည်**

အဆိုပါ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံသားများ၊ တရုတ်နိုင်ငံ၏ ဟောင်ကောင်နှင့် မကာအို အထူးအုပ်ချုပ်ရေးဒေသမှ ကမ္ဘာလှည့်ခရီးသည်များအတွက် ကမ္ဘာလှည့်ဗီဇာကို ဗီဇာကင်းလွတ်ခွင့်ဖြင့် ခွင့်ပြုထားမှုနှင့် လေကြောင်းဖြင့် လာရောက်သည့် တရုတ်နိုင်ငံသား ခရီးသည်များအတွက် ကမ္ဘာလှည့်ဗီဇာကို ဆိုက်ရောက်ဗီဇာဖြင့် ခွင့်ပြုထားမှုကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်အထိလည်းကောင်း၊ လေကြောင်းဖြင့်လာရောက်သည့် အိန္ဒိယနိုင်ငံသား ခရီးသည်များကို ဆိုက်ရောက်ဗီဇာ(ကမ္ဘာလှည့်) ဖြင့် ခွင့်ပြုထားမှုကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၃၀ ရက်အထိလည်းကောင်း စမ်းသပ်ကာလ တစ်နှစ်စီ ထပ်မံသက်တမ်းတိုးခွင့်ပြုသွားမည်ဖြစ်သည်။

အဆိုပါ ဗီဇာဆိုင်ရာကိစ္စရပ်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ သတင်းမီဒီယာများ တက်ရောက်သတင်းရယူနိုင်

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် စက်တင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် အဆိုပါပြပွဲသို့ စက်တင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ပြပွဲအရောင်းစာရင်း အချက်အလက်များနှင့်ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ စက်တင်ဘာ ၂၅ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် စက်တင်ဘာ ၁၂ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၄၊ ၄၁၂၁၂၅ သို့လည်းကောင်း၊ ၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၊ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း-၀၆၇-၄၁၄၄၉၇ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# အလုံမြို့နယ် စာပေချစ်မြတ်နိုးသူများအသင်း ရသစာပေဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၂**

ကျောင်းသား ကျောင်းသူလူငယ်များ မြန်မာစာပေချစ်မြတ်နိုးစေရန် မိသားစုမေတ္တာ၊ ကျေးလက်တောရွာဓလေ့တို့ကိုသိရှိပြီး ဗဟုသုတရရှိစေရန်ရည်ရွယ်၍ ရန်ကုန်မြို့ အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် စာပေဆွေးနွေးပွဲပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် စာရေးဆရာမ ခင်ခင်ထူး၊ စာရေးဆရာ နေဝင်းမြင့်တို့ရေးသားသော "ပိုးရည်တောင်စာရသစာအုပ်"ကို အခြေတည်၍ Book Club အဖွဲ့ဝင်များဖြစ်ကြသော တရားလွှတ်တော်ရှေ့နေ ဦးလှဝင်း၊ ဦးစောရန်နောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ချိုတို့က ဦးဆောင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ မြို့နယ်ရှိ စာပေချစ်မြတ်နိုးသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(လှိုင်စစ်)**

# လူငယ်များအတွက် ဆိုက်ဘာအသိပညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂**

လူငယ်များအတွက် ဆိုက်ဘာအသိပညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Workshop on the Cyber Wellness for the Youth) ကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

**ဦးဆောင်ကျင်းပ**

အဆိုပါဆွေးနွေးပွဲကို ASEAN–Japan Media and Information Literacy for the Youth စီမံကိန်းတွင် အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံက ပူးပေါင်းပါဝင် ဆောင်ရွက်ပြီး ASEAN Identity ကို ဖော်ဆောင်သည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဦးဆောင်ကျင်းပခြင်း ဖြစ်သည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ကမ္ဘာတစ်ဝန်းတွင် ဆိုက်ဘာရာဇဝတ်မှုများ၊ ဆိုက်ဘာခြိမ်းခြောက်မှုများ တိုးတက်များပြားလာသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ဆိုက်ဘာလုံခြုံရေးနှင့် အရေးပါမှုကို ပိုမိုသိရှိစေရန် လိုအပ်သလို လူငယ်လူရွယ်များ၏ သတင်းအချက်အလက် လုံခြုံရေးနှင့် ဆိုက်ဘာ လုံခြုံရေးပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ ဆိုက်ဘာတိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး ကာကွယ်နိုင်မည့် နည်းလမ်းများကို ပိုမိုသိရှိနားလည်စေရန်လည်း အထူးလိုအပ်ပါကြောင်း။

ထို့ပြင် Cyber Wellness Campaign များအား လူငယ်များအတွက် ရည်ရွယ်၍ နိုင်ငံတကာတွင် ကျင်းပပြုလုပ်ပေးလေ့ရှိသလို အာဆီယံနိုင်ငံများတွင်လည်း မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများ၊ ဟောပြောပွဲများ၊ ပညာပေးနှီးနှောဖလှယ်ပွဲများ ပြုလုပ်ကျင်းပလျက်ရှိပါကြောင်း။

**အာဆီယံစီမံကိန်းတစ်ခုဖြစ်**

ယခုအလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရသည့် အကြောင်းရင်းမှာ အာဆီယံ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံမှ ASEAN – Japan Media and Information Literacy for the Youth စီမံကိန်း ဆောင်ရွက်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို ၂၀၁၇ ခုနှစ်မှစ၍ အဆိုပြု တင်ပြခဲ့ပါကြောင်း၊ ထို့နောက် အာဆီယံအမြဲတမ်းကော်မတီ၏ ခွင့်ပြုချက်ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ်မှ ယနေ့အချိန်ထိ ဆောင်ရွက်လျက်ရှိသည့် အာဆီယံ စီမံကိန်းတစ်ခုဖြစ်ပါကြောင်း။

ယနေ့တွင် ဆက်သွယ်ရေးကဏ္ဍများ များစွာဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သကဲ့သို့ တစ်ကမ္ဘာလုံး ဖြန့်ကြက်ဆက်သွယ်နိုင်ပြီး IT ကဏ္ဍ အပါအဝင်ဖြစ်သည့် ဒစ်ဂျစ်တယ်၊ အင်တာနက်ဝန်ဆောင်မှုများနှင့် Cyberspace နည်းပညာအား များစွာအသုံးပြုနေကြပြီဖြစ်ပါကြောင်း၊ နည်းပညာများ၊ ပစ္စည်းကိရိယာများကို အသုံးပြု၍ Cyberspace ပေါ်မှ မိမိအယူအဆများကို အမျိုးမျိုးအဖုံဖုံ ဖြန့်ချိ၍ရသည့်အပြင် ကွန်ပျူတာ၊ ဒစ်ဂျစ်တယ်၊ IT တို့ကို အသုံးပြု၍ Cyberspace မှတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စမျိုးစုံကို လှုပ်ရှားဆောင်ရွက်နေကြပြီ ဖြစ်ပါကြောင်း၊ ယင်းလှုပ်ရှားဆောင်ရွက်မှုများတွင် လူငယ်များအနေဖြင့် IT နည်းပညာအပေါ် ပိုမိုစိတ်ပါဝင်စားမှုရှိလာခြင်းနှင့် ကမ္ဘာတွင် ဖြစ်ပျက်နေသမျှကို အချိန်နှင့်တစ်ပြေးညီ သိရှိလေ့လာနေကြပြီဖြစ်ပါကြောင်း။

**ဆွေးနွေးဟောပြော**

ယခုအလုပ်ရုံဆွေးနွေးပွဲကိုလည်း မြန်မာနိုင်ငံ၏ အင်တာနက်အသုံးပြုမှုနှင့် ဒစ်ဂျစ်တယ်ယဉ်ကျေးမှုကဏ္ဍ၊ ဒစ်ဂျစ်တယ်ခေတ်အတွင်း လူငယ်များအကြား မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှု၊ ဆိုက်ဘာမှုခင်း၊ ဆိုက်ဘာအနိုင်ကျင့် ခြိမ်းခြောက်ခြင်း၊ အင်တာနက်စွဲလမ်းမှုရောဂါ၊ အွန်လိုင်း Privacy ချိုးဖောက်မှုများအား ကာကွယ်တားဆီးခြင်း၊ မြန်မာနိုင်ငံတွင် ရေပန်းစားနေသည့် လူမှုကွန်ရက်များ၏ အသုံးဝင်ပုံနှင့်အန္တရာယ်ကြီးမားပုံအကြောင်း၊ အင်တာနက်လုံခြုံမှုနှင့် သတင်းအချက်အလက်ဝေဖန်ဆန်းစစ်နိုင်မှုအကြောင်းများကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ နားလည်သဘောပေါက်စေရန် ဆွေးနွေးဟောပြောသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံမှ ဖန်တီးထားသည့် ဆိုက်ဘာအသိပညာဆိုင်ရာ Multimedia Materials များအား ပရိုဂျက်တာဖြင့် ပြသခဲ့သည်။

**ဒစ်ဂျစ်တယ်ယဉ်ကျေးမှု**

အလုပ်ရုံဆွေးနွေးပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးက မြန်မာနိုင်ငံ၏ အင်တာနက် အသုံးပြုမှုနှင့် ဒစ်ဂျစ်တယ်ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို)မှ စီမံကိန်းအရာရှိ ဒေါ်နိုင်နိုင်အေးက ဒစ်ဂျစ်တယ်ခေတ်အတွင်း လူငယ်များအကြား မီဒီယာနှင့် သတင်းအချက်အလက် သိမြင်နားလည်မှုခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့မှ ရဲမှူး ငြိမ်းချမ်းအောင်က ဆိုက်ဘာမှုခင်း၊ ဆိုက်ဘာ အနိုင်ကျင့်ခြိမ်းခြောက်ခြင်း၊ အင်တာနက်စွဲလမ်းမှုရောဂါ၊ အင်တာနက်ဂိမ်းများ၊ Online Privacy ချိုးဖောက်မှုများအား ကာကွယ်တားဆီးခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်း၏ လူမှုစိတ်ခံစားဆိုင်ရာ သက်ရောက်ရိုက်ခတ်မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ နည်းပညာနှင့် ဖွံ့ဖြိုးမှုအဖွဲ့(MIDO) ဒစ်ဂျစ်တယ် လုံခြုံရေးဌာနမှ ပရိုဂရမ် အလုပ်အမှုဆောင် ကိုဟိန်းမင်းဦးက လူငယ်များအတွက် ဒစ်ဂျစ်တယ် လုံခြုံမှု ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

**ရှင်းလင်းဖြေကြား**

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများက သတင်းအမှား/အမှန် ဆန်းစစ်မှု၊ ယူနီကုတ်သုံးစွဲခြင်း၏ အကျိုး၊ လူမှုကွန်ရက်သုံးစွဲရာတွင် သတ်မှတ်ထားသည့် နည်းလမ်းများကို စနစ်တကျအသုံးပြုမှု၊ ဆိုက်ဘာအနိုင်ကျင့်ခံရမှုကို တုံ့ပြန်ကာကွယ်ရန် နည်းလမ်းများ၊ လူမှုကွန်ရက်သုံးချိန်ကို အကန့်အသတ်နှင့် သုံးစွဲမှုများ၊ ကျင့်ဝတ်အမှားများကို မျှဝေသုံးစွဲမှုမပြုရေး စသည်ဖြင့် သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**လူငယ်များအတွက် ရည်ရွယ်**

ဆိုက်ဘာအသိပညာပေး ကမ်ပိန်းများအား လူငယ်များအတွက် ရည်ရွယ်၍ နိုင်ငံတကာတွင် ကျင်းပလျက်ရှိသကဲ့သို့ အာဆီယံနိုင်ငံများတွင်လည်း မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာဆွေးနွေးပွဲများ၊ သင်တန်းများ၊ ဟောပြောပွဲများ၊ ပညာပေးနှီးနှောဖလှယ်ပွဲများကို အာဆီယံယဉ်ကျေးမှု ရန်ပုံငွေ ASEAN Cultural Fund (ACF)ဖြင့် ပြုလုပ်ကျင်းပလျက်ရှိသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆိုက်ဘာနှင့်ဆက်စပ်သော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူငယ်များအတွက် ဆိုက်ဘာအသိပညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။




လူငယ်များအတွက် ဆိုက်ဘာအသိပညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

# အာရှဖောင်ဒေးရှင်းနှင့် နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ရေးဆိုင်ရာ လက်မှတ်ရေးထိုးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အာရှဖောင်ဒေးရှင်းတို့အကြား နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ရေးဆိုင်ရာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

နားလည်မှု စာချွန်လွှာအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် အာရှဖောင်ဒေးရှင်းဘက်မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ မစ္စ ဆူဇန် ဆစ္စကယ် တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဦးစီးဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အာရှဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




စာပေမြင့်မှ
လူမျိုးတင့်မည်

# လူငယ်များအတွက် ဆိုက်ဘာအသိပညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ စကားသံများ

တွေ့ဆုံမေးမြန်း-ဝင်းစန္ဒီ
ဓာတ်ပုံ-လှမိုး

**ASEAN – Japan Media and Information Literacy for the Youth စီမံကိန်းတွင် အာဆီယံအဖွဲ့ဝင်မြန်မာနိုင်ငံက ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ASEAN Identity ကို ဖော်ဆောင်သည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးဆောင်ကျင်းပသည့် လူငယ်များအတွက် ဆိုက်ဘာအသိပညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Workshop on the Cyber Wellness for the Youth)မှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်-**


ဦးရဲနိုင်မိုး


ဒေါ်နိုင်နိုင်အေး


ရဲမှူးငြိမ်းချမ်းအောင်


ဦးဇေယျာ


ဦးအောင်စိုးမိုး


မောင်သက်ထူးနိုင်


မောင်ထက်နိုင်ရှိန်


ကိုဟိန်းမင်းဦး

**ဦးရဲနိုင်မိုး**
**ညွှန်ကြားရေးမှူး**
**သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

မြန်မာနိုင်ငံမှာ အင်တာနက် အသုံးပြုမှုက များလာတယ်။ များလာကြတဲ့အပေါ်မှာ အိုင်တီက လက်တစ်ကမ်းမှာ ရှိနေတယ်။ အဓိကက လူငယ်တွေ သုံးစွဲကြတဲ့အခါ ဘယ်အချက်ကတော့ ကောင်းတဲ့ဘက်ကို သယ်သွားမယ်။ ဘယ်အချက်ကတော့ ဆိုးတဲ့ဘက်ကို သယ်သွားမယ်ဆိုတာကို အထူးဂရုပြုစေချင်တယ်။

**ဒေါ်နိုင်နိုင်အေး**
**စီမံကိန်းအရာရှိ**
**ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို)**

မီဒီယာနဲ့ သတင်းအချက်အလက်သိနားလည်ဖို့ကို လူငယ်တွေအနေနဲ့ သိထားဖို့ အရေးကြီးတယ်။ မီဒီယာနဲ့ သတင်းအချက်အလက်သိနားလည်မှုရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် အဓိကတော့ မီဒီယာကို အသုံးပြုရာမှာ၊ ဖန်တီးထုတ်လုပ်ရာမှာ ဘယ်နေရာမှာ သတင်းအချက်အလက်ကို ရယူရမလဲဆိုတာ ဆန်းစစ်ဝေဖန်နိုင်ရမယ်။ ဒီလိုပြုလုပ်တဲ့ အဆင့်တိုင်းမှာ ဆင်ခြင်ဉာဏ်ရှိရှိ ကျင့်ဝတ်နဲ့အညီ အသုံးချနိုင်တယ်။ ကိုယ့်ရဲ့လူမှုဘဝမှာဖြစ်စေ၊ အလုပ်အကိုင်မှာဖြစ်စေ ဒီအချက်တွေနဲ့အညီ လုပ်ကိုင်သင့်တယ်ဆိုတာကို အဓိကပြောဖို့ဖြစ်ပါတယ်။ နောက်ပြီးတော့ လူငယ်တွေအနေနဲ့ မီဒီယာရဲ့ဩဇာလွှမ်းမိုးမှုက အလွန်ကြီးမားတဲ့အခါမှာ ထိန်းသိမ်းဆင်ခြင်နိုင်ဖို့အတွက် ပြောသမျှကိုမယုံဖို့၊ ကျင့်ဝတ်နဲ့ မညီညွတ်တဲ့ မက်ဆေ့တွေ၊ ကျင့်ဝတ်နဲ့ မညီညွတ်တဲ့ အပြုအမူတွေကိုအွန်လိုင်းမှာ တွေ့တဲ့အခါ၊ ကိုယ်တိုင်တွေ့ကြုံခံစားရတဲ့အခါ ဒီအရာတွေကို ထပ်ဆင့်ပြီး မမျှဝေဘဲ ကိုယ့်အဆင့်မှာတင် ရပ်တန့်ဖို့ အဓိကတော့ အန္တရာယ်ဖြစ်စေတာကို လျှော့ချဖို့လည်း လိုတယ်။

အာဆီယံဒေသက လူသန်း ၃၀၀ ကျော်မှာ ၆၀ ရာခိုင်နှုန်းလောက်က နေ့တိုင်း မိုဘိုင်းဖုန်းနဲ့ အင်တာနက်ကိုသုံးနေကြတယ်။ ဒီအထဲမှာမှ တစ်နေ့ကို ခြောက်နာရီလောက် အသုံးပြုကြတယ်။ ဒါကြောင့် မီဒီယာကို အသုံးချမှု အလွန်များပြားတယ်ဆိုတာ တွေ့ရတယ်။ ၂၀၁၇ ခုနှစ်မှာ ယူနီဆက်က ထုတ်ပြန်တဲ့ အစီရင်ခံစာအရဆိုရင် အင်တာနက်သုံးတဲ့သူ သုံးယောက်မှာ တစ်ယောက်က ကလေးလူငယ်တွေ ဖြစ်နေတယ်။ ၁၉၉၅-၂၀၁၂ ခုနှစ်အတွင်း မွေးဖွားတဲ့ ကလေးတွေ၊ သူတို့တွေ လမ်းမလျှောက်၊ စကားမပြောတတ်ခင်ကတည်းက သူတို့ရဲ့ ဒစ်ဂျစ်တယ်ခြေရာလေးတွေကို အွန်လိုင်းပေါ်မှာ ကျန်ရစ်တယ်။ သူတို့အနေနဲ့ မိဘ သို့မဟုတ် သူတို့ကိုယ်တိုင် ပြန်လည်အသုံးချရာမှာ တစ်ချိန်မှာ ဒါကို မလိုချင်တဲ့ဖြစ်ရပ်တွေ မဖြစ်ပေါ်စေဖို့ကို မီဒီယာနဲ့ သတင်းအချက်အလက်တွေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ထိထိရောက်ရောက်မြှင့်တင်ဖို့ လိုအပ်ပါတယ်။

**ရဲမှူးငြိမ်းချမ်းအောင်**
**မှုခင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(ပြည်ထဲရေးဝန်ကြီးဌာန)**

ဒီဆွေးနွေးပွဲမှာ လူငယ်တွေအနေနဲ့ ဆိုက်ဘာအနိုင်ကျင့်ခံရမှုတွေ တွေ့ကြုံရတဲ့အခါမှာ ဆိုက်ဘာရဲတပ်ဖွဲ့ထံကို တိုင်ကြားလို့ရတယ်။ တိုးတက်နေတဲ့ ခေတ်ကြီးမှာ လူတွေရဲ့အချက်အလက်တွေ လုံခြုံဖို့၊ ဂရုစိုက်ကာကွယ်ဖို့ ကျောင်းသားလူငယ်တွေကို အသိပညာပေးမှာ ဖြစ်ပါတယ်။

လူမှုကွန်ရက်တွေမှာ အနိုင်ကျင့်ခြိမ်းခြောက်တာတွေ၊ မှုခင်းဖြစ်တာတွေ၊ ကိုယ်ရေးအချက်အလက်တွေနဲ့ ဓာတ်ပုံတွေယူပြီးတော့မှ ချောက်တွန်းစော်ကားမယ့်လူတွေက အင်တာနက်မှာတင်ပြီး လွှင့်တာတွေကို မပြုလုပ်မိစေအောင် ပညာပေးသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိကတော့ အင်တာနက်စွဲလမ်းတဲ့ရောဂါဖြစ်ပြီး အွန်လိုင်းဂိမ်းတွေ ကစားနေတာနဲ့ လူမှုကွန်ရက်တွေ သုံးတာများနေပြီဆိုတာ ဖြစ်တဲ့အကြောင်းနဲ့ ဒါတွေကို ဘယ်လိုလျှော့ချမလဲဆိုတဲ့ အကြောင်းတွေ ပြောကြားမှာပါ။ ကျွန်တော့်အနေနဲ့ကတော့ လူငယ်တွေကို သတင်းစကားပေးချင်တာက တိုးတက်နေတဲ့ နည်းပညာခေတ်မှာလည်း မဖြစ်မနေသုံးမှာဖြစ်တဲ့အတွက် သူတို့ကို အန္တရာယ်ကင်းစွာ အသုံးပြုဖို့၊ စာတွေများများဖတ်ကြဖို့ အကြံပြုချင်ပါတယ်။ အင်တာနက်ကွန်ရက်မှာ တချို့လူငယ်လေးတွေက ခြိမ်းခြောက်ခံရမှန်းမသိတာတွေ ရှိတယ်။ ဒါကို သိလာခဲ့ရင်လည်း လူကြီးသူမတွေကို တိုင်ကြားမယ်။ တိုင်ကြားရင်လည်း အီလက်ထရွန်နစ်သက်သေခံအထောက်အထားတွေယူပြီး မိမိတို့နီးစပ်ရာ ရဲစခန်းတွေမှာ အမှုဖွင့်တိုင်ကြားနိုင်ပါတယ်ဆိုတာ ပြောချင်ပါတယ်။

**ဦးဇေယျာ**
**ခေတ္တဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

လူငယ်တွေ နေ့စဉ်ကြုံတွေ့နေရတဲ့ ဆိုက်ဘာ၊ ဒစ်ဂျစ်တယ်နဲ့ပတ်သက်တဲ့ အသိအမြင်ဗဟုသုတသိရှိမှုနဲ့ နားလည်တတ်ကျွမ်းမှုတွေကို ပိုသိရှိလာအောင် ဖော်ထုတ်ပေးမယ်။ တစ်ဖက်ကလည်း ဆိုက်ဘာနဲ့ပတ်သက်ပြီး မှန်မှန်ကန်ကန်နဲ့ အကျိုးရှိရှိအသုံးချပြီး နိုင်ငံအတွက်၊ ဒေသအတွက်၊ အာဆီယံအတွက် အကျိုးရှိပြီး ထူးချွန်ထက်မြက်သူတွေအဖြစ်နဲ့ ဒစ်ဂျစ်တယ်ကို ကောင်းကောင်းအသုံးချနိုင်အောင်၊ ဆိုက်ဘာတွေ ကောင်းကောင်းအသုံးချနိုင်အောင် ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတဲ့ ဆောင်ရန်၊ ရှောင်ရန်တွေကို ဆွေးနွေးမှာဖြစ်တယ်။

တာဝန်ယူမှု၊ တာဝန်ခံမှုအနေနဲ့ အွန်လိုင်းသုံးတဲ့အခါ ပို့စ်တစ်ခုတွေ့ရင် အဆိပ်အတောက်ဖြစ်သလား၊ မဖြစ်သလား၊ ပြန်မျှဝေဖို့ သင့်၊ မသင့်စဉ်းစားမယ်။ ကိုယ်တင်တဲ့ Post မှာလည်း စစ်မှန်တာကို တင်မယ်။ တင်ဖို့သင့်၊ မသင့် စဉ်းစားမယ်။ ကိုယ်ချင်းစာတရားရှိရမယ်။ တစ်ဖက်သားအပေါ် ဘယ်လိုသက်ရောက်မလဲဆိုတာ စဉ်းစားရမယ်။ စနစ်တကျသုံးမှ ထိထိရောက်ရောက် သုံးနိုင်မှာဖြစ်ပြီး သက်ရောက်မှုတွေအပေါ် ခွဲခြားလေ့လာနိုင်ဖို့ လူငယ်တွေမှာ လိုအပ်တယ်။ ဒါ့ကြောင့် မိမိနဲ့ မိမိပတ်ဝန်းကျင်မှာရှိတဲ့သူတွေကို အသိပညာတွေ လက်ဆင့်ကမ်းပေးနိုင်ဖို့ဖြစ်တယ်။

**ဦးအောင်စိုးမိုး**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း**
**ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း**

Digital Society ဖြစ်လာတဲ့အချိန်မှာ လူမှုအသိုက်အဝန်းအပေါ် ရိုက်ခတ်ပြောင်းလဲမှုတွေရှိတယ်။ အထူးသဖြင့် မြန်မာလူငယ်တွေရဲ့လူမှုဘဝထဲမှာ ဘယ်လိုပြောင်းလဲမှုတွေ ဖြစ်လာမလဲ၊ ဘယ်လိုပြင်ဆင်ထားသင့်သလဲ၊ ဘယ်လိုအခွင့်အလမ်းတွေရှိသလဲ၊ ဒါတွေက ဓားသွားနှစ်ဖက်လိုပါပဲ၊ ဒစ်ဂျစ်တယ်ရေစီးမှာ ကမ္ဘာ့စုံရှိတယ်။ နည်းပညာအပြောင်းအလဲတွေကြားမှာ ရိုက်ခတ်မှုကြောင့် အဆိုးနဲ့အကောင်း အမြဲတမ်းဒွန်တွဲနေတယ်။ အဝေးရောက်တဲ့ မိသားစုကို ဆက်သွယ် နိုင်ပေမယ့် အနီးကပ်နေတဲ့ မိသားစုဝင်တွေကြားမှာတော့ နည်းပညာတွေသုံးတဲ့အတွက် ပိုပြီးဝေးကွာသွားကြတယ်။ လူငယ်တွေ တကယ်သိသင့်ဖို့ လိုအပ်တယ်။ ဒီပွဲမျိုးစီစဉ်တာ ကျွန်တော်ကြိုဆိုတယ်။

**မောင်သက်ထူးနိုင်**
**အဋ္ဌမတန်း**
**အထက(၆)ဗိုလ်တထောင်**

ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ကျွန်တော်တို့အကောင့်တွေ ဘယ်လိုထိန်းသိမ်းမလဲ၊ ကျွန်တော့် page ကို ဘယ်လိုကာကွယ်ရမလဲ၊ ပို့စ်တွေတင်ရင် ဘယ်လိုစဉ်းစားရမလဲ၊ ဆိုက်ဘာဟတ်ထိတာ ဘယ်လိုမျိုးလဲ၊ ဘယ်လိုတိုင်ကြားရမလဲ၊ ဒါတွေသိခွင့်ရတယ်။ နိုင်ငံတကာအဆင့်မီပညာရေးကိုလည်း ခြေလှမ်းနေတဲ့အချိန်မှာ ကျောင်းသားတွေအတွက် အသိပညာဗဟုသုတတွေ တိုးလာတယ်။ ကျွန်တော်တို့အနေနဲ့ သိရှိထားတဲ့အကြောင်းအရာတွေကို ပြန်လည်ပြန်မျှဝေနိုင်တယ်။ Post/ Page တွေတင်ရင် ကြိုတင်စဉ်းစားပြီးမှ တင်ပါ။ တစ်ဦးတစ်ယောက်ကို ထိခိုက်နစ်နာစေမယ့် အကြောင်းအရာတွေအစား ကောင်းကျိုးရရှိစေတာတွေ တင်ပါလို့ ပြောချင်ပါတယ်။

**မောင်ထက်နိုင်ရှိန်**
**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**
Master Thesis Student
Cybersecurity and forensics Major

ကျွန်တော့်အနေနဲ့ တော်တော်အကျိုးရှိတဲ့ပွဲလို့ မြင်ပါတယ်။နည်းပညာကျောင်းသားဖြစ်တဲ့အတွက် နားလည်ထားတာတွေ ရှိပေမယ့် သာမန်လူတွေ အသိပညာရှိဖို့လည်း လိုအပ်တယ်။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံမှာ ဆိုရှယ်မီဒီယာအတွက် ဖေ့စ်ဘွတ်ကို အများကြီးသုံးနေကြတယ်။ ကိုယ့်အကောင့်ကို လုံခြုံအောင် ဘယ်လိုထားရမယ်ဆိုတာကို နားမလည်ကြဘူး။ အနည်းဆုံးကတော့ ကိုယ့်ရဲ့လှုပ်ရှားဆောင်ရွက်မှုတွေ အမြဲမတင်ဖို့၊ Post/ Page သို့မဟုတ် Status တစ်ခုတင်တိုင်းမှာ တင်သင့်၊ မတင်သင့်ဆုံးဖြတ်ဖို့၊ လုံခြုံမှုရှိ၊ မရှိသိရှိဖို့အတွက် ဒီပွဲမှာ ပိုပြီးနားလည်လာကြတယ်။ အခြေခံပညာကျောင်းတွေမှာပါ ဒါမျိုးတွေ ကျင်းပပေးရင် အများကြီး ကောင်းလိမ့်မယ်လို့ ထင်ပါတယ်။

**ကိုဟိန်းမင်းဦး**
**မြန်မာနိုင်ငံ နည်းပညာနှင့် ဖွံ့ဖြိုးမှုအဖွဲ့ (MIDO)**
**ဒစ်ဂျစ်တယ်လုံခြုံရေးဌာန**
**ပရိုဂရမ်အလုပ်အမှုဆောင်**

ဒီပွဲမှာ လူငယ်တွေနဲ့ပတ်သက်ပြီး ပိုပြီးလုံခြုံတဲ့ ဒစ်ဂျစ်တယ်လူမှုဘဝကို အသုံးချဖို့ မျှဝေမှာပါ။ Device၊ စမတ်ဖုန်း၊ ဆိုရှယ်မီဒီယာမှာ နေ့စဉ်ပြုမူဆောင်ရွက်ပုံ၊ ဆက်သွယ်ရေး စတဲ့အပိုင်းတွေ ပါပါတယ်။ အွန်လိုင်းကို Private အဖြစ် ခံစားနေကြတယ်။ အင်တာနက်က Public Space ဖြစ်တယ်။ ကိုယ်တစ်ခုခုလုပ်မယ်ဆိုရင် ဒါတွေက မှတ်တမ်းအဖြစ် ကျန်ခဲ့မယ်။ ကိုယ့်ရဲ့ Password ကို ဘယ်သူ့ကိုမှ မပေးပါနဲ့၊ အင်တာနက်ပေါ်က ဆောင်ရန်၊ ရှောင်ရန်တွေကို နားလည်မယ်ဆိုရင် ကိုယ့်အတွက် ပိုပြီးလုံခြုံနိုင်တယ်။ ဆွေးနွေးပွဲမှာ ကမ္ဘာ့စုံက ပညာရှင်တွေ ပါဝင်တာတွေ့ရတယ်။ တက်ရောက်လာတဲ့ လူငယ်တွေက မေးခွန်းတွေ မေးလို့ရတယ်ဆိုတော့ သူတို့ ကြုံတွေ့နေရတဲ့ ပြဿနာတွေကို ရှင်းလင်းစွာ သိရှိနားလည်သွားမယ်။ တက်ရောက်သူတွေက ဆင့်ပွားပြီး မိမိတို့ပတ်ဝန်းကျင်၊ စာသင်ခန်း၊ အိမ်တွေကို ပျံ့နှံ့သွားရင် လူငယ်တွေအနေနဲ့ ပိုပြီးကောင်းမွန်တဲ့ Digital life တစ်ခု ရရှိမယ်လို့ မြင်ပါတယ်။

# အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**
အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ (High Level Working Group - HLWG) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဒုတိယအကြိမ်ကျင်းပ**

ညှိနှိုင်းအစည်းအဝေးတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယနေ့ကျင်းပသည့် အစည်းအဝေးသည် လာမည့် အောက်တိုဘာလကုန်တွင် စတင်ကျင်းပမည့် ILO အုပ်ချုပ်မှုအဖွဲ့အစည်းအဝေး၌ ဆွေးနွေးမည့် "မြန်မာနိုင်ငံမှ ILO ပြဋ္ဌာန်းချက်အမှတ် ၂၉ လိုက်နာကျင့်သုံး အကောင်အထည်ဖော်မှု"နှင့်ပတ်သက်ပြီး အချက်အလက်များရရှိနိုင်ရေးအတွက် ဒုတိယအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း။

ILO ၏ (၃၃၇)ကြိမ်မြောက် ILO အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးတွင် (၃၃၅)ကြိမ်မြောက် ILO အုပ်ချုပ်မှုအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ပါ အချက်အလက်များအပြင် (၁၀၈)ကြိမ်မြောက် ILC ကာလအတွင်းပြုလုပ်ခဲ့သည့် CAS အစည်းအဝေး၏ ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ တိုးတက်အကောင်အထည်ဖော်မှုများကို ဖော်ပြနိုင်ရန် အရေးကြီးပါကြောင်း။

မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုများ အတိုင်းအတာတစ်ခုအထိ ပပျောက်နေပြီဖြစ်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ တိတိကျကျဖော်ပြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် CAS အစည်းအဝေးပါဆုံးဖြတ်ချက်များနှင့်ပတ်သက်၍လည်း အရေးယူဆောင်ရွက်မှု၊ ILO နှင့် ပူးပေါင်းဆောင်ရွက်မှု၊ NTDF အစည်းအဝေးကျင်းပနိုင်မှုနှင့် တိုးတက်မှုများ၊ အလုပ်သမားရေးရာ ဥပဒေများပြင်ဆင်ရန် ကြိုးပမ်းလုပ်ဆောင်နေမှုများ၊ အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာ ဖွဲ့စည်းလုပ်ဆောင်နိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ အချက်အလက်များကို ကိန်းဂဏန်းအချက်အလက်များဖြင့် ဖော်ပြသွားရန် လိုအပ်ပါကြောင်း။

HLWG အဖွဲ့ဝင်ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များရယူပြီး ရေးဆွဲထားသည့် အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် (New Action Plan)၊ အမျိုးသားအဆင့် အဓမ္မစေခိုင်းမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism - NCM) နှင့် ကြားကာလတွင် အဓမ္မခိုင်းစေမှုများ တိုင်ကြားဖြေရှင်းနိုင်မည့်နည်းလမ်းတို့ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးမှ ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်ကိုလည်း အသိပေးလိုပါကြောင်း။

ILO ၏ 337th GB အစီရင်ခံစာတွင် ဌာနဆိုင်ရာများက သက်ဆိုင်ရာနယ်ပယ်ကဏ္ဍအလိုက် ကြိုးပမ်းအားထုတ်မှုများကို နိုင်ငံတကာက ယုံကြည်မှုရရှိစေရန် အချက်အလက် ပြည့်ပြည့်စုံစုံနှင့် ထိထိရောက်ရောက် ပြန်ကြားပေးပို့နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး IOM အဖွဲ့နှင့် တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် International Organization for Migration(IOM), Mission in Myanmar ၏ Chief of Mission, Mr.Akio Nakayama နှင့် အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၏ မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူကုန်ကူးမှုတိုက်ဖျက်ကာကွယ်ရေးနှင့်စပ်လျဉ်း၍ လူကုန်ကူးခံရသူများအား ကူညီပံ့ပိုးခြင်း၊ ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ နည်းပညာဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့ပူးပေါင်း၍ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် မိသားစုပြန်လည်ပေါင်းစည်းနိုင်ရေး ဆောင်ရွက်နေမှုများ၊ IDPs စခန်းများတွင် လူကုန်ကူးမှု တားဆီးကာကွယ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော Standard Operation Procedures (SOP)များ ပေါ်ထွက်လာရေး ဆောင်ရွက်နေမှု၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေး ဦးစီးဌာနနှင့် MoU ရေးထိုးဆောင်ရွက်နိုင်မည့်အခြေအနေ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့ပါးရေးဆိုင်ရာကိစ္စရပ်များအတွက် MoU ရေးထိုးဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။


**သတင်းစဉ်**

# မြေငလျင်လှုပ်ခတ်မှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်ရေအားအဆောက်အဦများ၊ ဓာတ်အားပေးစက်ရုံများ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပျက်စီးမှုမရှိ

**နေပြည်တော် စက်တင်ဘာ ၂**
မြေငလျင်လှုပ်ခတ်မှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်ရေအားအဆောက်အဦများ၊ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၏ အနောက်မြောက်ဘက် ၁၄ မိုင်ခန့်အကွာကို ဗဟိုပြု၍ ဩဂုတ် ၃၁ ရက် ည ၉ နာရီ ၃၉ မိနစ်က အင်အားရစ်ချ်တာစကေး ၆ ဒသမ သုည အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်ပေါ်ခဲ့မှုအရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အုပ်ချုပ်မှုအောက်ရှိ ငလျင်ဗဟိုချက်အနီးတစ်ဝိုက်၌ရှိသော သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်ရေအားအဆောက်အဦများ၊ ဆောင်ရွက်ပြီး ၂၃၀ ကေဗွီ ညောင်ပင်ကြီး ပင်မဓာတ်အားခွဲရုံနှင့် အုန်းတောပင်မဓာတ်အားခွဲရုံ၊ ၁၃၂ ကေဗွီ ကျောက်ပုထိုး ပင်မဓာတ်အားခွဲရုံ၊ ငုက်ပျောဒိုင်းပင်မဓာတ်အားခွဲရုံနှင့် အောင်ချမ်းသာပင်မဓာတ်အားခွဲရုံ၊ ဆောင်ရွက်ပြီး ၂၃၀ ကေဗွီ အုန်းတော-ညောင်ပင်ကြီးဓာတ်အားလိုင်း၊ ၁၃၂ ကေဗွီ ညောင်ပင်ကြီး-မုံရွာဓာတ်အားလိုင်းနှင့် သဖန်းဆိပ်-ငုက်ပျောဒိုင်းဓာတ်အားလိုင်း၊ ဆောင်ရွက်ပြီး ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၅၁ မိုင်နှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇၉၂ မိုင်၊ ဆောင်ရွက်ဆဲ ၂၃၀ ကေဗွီ နဘား-ရွှေဘို-အုန်းတောဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများ ထိခိုက်ပျက်စီးမှု တစ်စုံတစ်ရာမရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



# မိုင်းတုံမြို့နယ်အတွင်း ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းတုံ စက်တင်ဘာ ၂**
ကျေးလက်နေပြည်သူများ ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေဖူလုံစေရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်အတွင်းရှိ မိုင်းဟန်ကျေးရွာအုပ်စု ကုန်းဆာကျေးရွာတွင် ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်နေမှုကို ဩဂုတ် ၂၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ရေကန်အား မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုမွမ်းမံရန်ပုံငွေဖြင့် ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်အား တည်ဆောက်နေခြင်းဖြစ်ပြီး မြို့နယ်ကျေးလက်ဦးစီးမှူးဒေါ်မိုးသဥ္ဇာဟန်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးကာ ကျေးရွာမှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ အချိန်မီပြီးစီးရေး စံချိန်စံညွှန်းပြည့်မီစေရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ပြီးစီးသွားပါက မိုင်းဟန်ကျေးရွာအုပ်စု ကုန်းဆာကျေးရွာပြည်သူများ ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေကို ဖူလုံစွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**၅၆၈**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၃ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၁) ရပ်ကွက်နေ စိုးနိုင်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၈-၂၀၁၉ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ အမှတ် (၁၁) ရပ်ကွက်၊ ပုလဲလမ်းနှင့် ကသာလမ်းထောင့်နေ စိုးနိုင်ဝင်း(၄၄)နှစ်၊ (ဘ) ဦးအေးသာ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သောင်ကြီး) မယ (ပ)၄၁ / ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်းနှင့်မြို့ပေါ်ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများသုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၈)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၅)ဦး၊ မ(၃)ဦး၊ ပေါင်း(၂၈)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၈-၈-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက်၊ ဂန္ဓမာလမ်းပေါ်၌ စိန်ပန်းရပ်ကွက်၊ ယုဇနလမ်းနေ ဝင်းကိုဦး(၂၃)နှစ်၊ (ဘ) ဦးဝင်းအောင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး)မယ(ပ)၄၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးသုံးစွဲ / ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၉)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၂)ဦး၊ မ(၁)ဦး၊ ပေါင်း(၁၃)ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၃၁-၈-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်၊ ပါမိုးနဲလမ်းနေ ရန်ရှိုဖာ(၆၂)နှစ်၊ (ဘ) ဦးရန်ရှောက်ရော် ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး)မယ(ပ)၈၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ) ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်၊ ပါမိုးနဲလမ်းနေ ရန်ရှမ်း(၂၆)နှစ်၊ (ဘ) ဦးရန်ရှိုဖာ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး) မယ(ပ)၈၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၃၁-၈-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၇၃၄) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၉၆၁)ဦး၊ မ(၁၈၁)ဦး၊ ပေါင်း(၁၁၄၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၆၇၀၈.၂၇၈၄)ဂရမ်၊ ICE(၁၃၁၈.၇၂) ဂရမ်၊ ဘိန်း(၃၉၇၇၆.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၁၉၈၀၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား (၃၃၈၃၁၃) ပြား၊ ဆေးခြောက်(၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့ (၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၉.၁၅)ဂရမ်၊ Ecstasyအကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၂) ရပ်ကွက်၌ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၂)ပြား၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၅)ပြား၊ ဘိန်းဖြူ(၁.၅)ဂရမ်၊ ဘိန်း(၁၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၅၀)ဂရမ်၊ ဝိုင်းမောမြို့နယ်၊ ဂေါ်ဆက်ယန်ကျေးရွာ စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၀)ပြား၊ ဘိန်း(၃၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၂၉) ပြား၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ မဟာမြိုင်ရပ်ကွက်၊ မြို့ရှောင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ သံဖြူဇရပ်မြို့နယ်၊ သင်္ကောကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဘိန်းစာရွက် (၁၇၉၆၃)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အနောက်စံပြရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ မောင်တောမြို့၊ ရွာသစ်ကေရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၃၅)ပြား၊ ဘူးသီးတောင်မြို့နယ်၊ သပြေတောကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၈၉၀)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ၊ သစ်တောရပ်ကွက်၌ ကွမ်းလုံမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးအမှုဖြင့် သိမ်းဆည်းရမိထားသည့် Fortuner ယာဉ်၏ စပယ်ယာဘီး တာယာများကို လေဖြည့်ရန်ဖြုတ်ရာ တာယာအတွင်းမှ စိတ်ကြွဆေးပြားအကြေမှုန့်(၆၃၀၀)ဂရမ်၊ ရွာငံမြို့နယ်၊ ကျောက်ကူပြင်ကျေးရွာအနီး ရွာငံ-ကျောက်ဆည်သွားကားလမ်းပေါ်၌ သတင်းအရ RAV-4 ယာဉ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား (၁) ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၈၂၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ရပ်စောက်မြို့နယ်၊ နန်းကောင်းမူကျေးရွာအနီး ရပ်စောက်-နောင်ချိုသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၇၆၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ ရွှေညောင်မြို့နယ်၊ သံလွန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ နမ့်ခမ်းမြို့၊ အမှတ်(၁၃)ရပ်ကွက်၌ တရားခံအမျိုးသား(၄) ဦးထံမှ စိတ်ကြွဆေးပြား(၅၇၀၀)ပြား၊ ဘိန်းဖြူ(၂၂၀)ဂရမ်၊ နောင်ချိုမြို့နယ်၊ နောင်ချို-ရပ်စောက်သွားကားလမ်း မိုင်တိုင်(၁၁၇/၅)၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၆၀) ပြား၊ ဆိုင်ကယ် (၁)စီး၊ မဘိမ်းမြို့၊ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀) ပြား၊ ဘိန်းဖြူ (၂၅၄)ဂရမ်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်နေ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဘိန်းဖြူ(၄၄၀)ဂရမ်၊ ကျိုင်းတုံမြို့၊ အမှတ်(၁) ရပ်ကွက် အဝေးပြေးကားဂိတ်၌ လူမဲ့တန်ဆာပစ္စည်းအဖြစ် ပခုက္ကူမြို့သို့ ပို့ဆောင်မည့် ပေးပို့တရားခံစုံစမ်းဆဲ စက္ကူဂျပ်ဖာအတွင်းမှ စိတ်ကြွဆေးပြား(၉၇၅၀) ပြား၊ ဝမ်ပေါက်ကျေးရွာအနီး ဝမ်ပေါက်-ကတ်ဝိုးကျေးရွာသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ ကတ်ဝိုးကျေးရွာရှိ တရားခံနေအိမ်မှ စိတ်ကြွဆေးပြား (၁၅၃)ပြား၊ ဝမ်လျှံကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၈၄၀)ပြား၊ မိုင်းပျဉ်းမြို့နယ်၊ ဖာခမ်းကျေးရွာအနီး (၁၆)မိုင်လမ်းဆုံ၌ သတင်းအရ Revo ယာဉ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ ICE (၇၆၂၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပင်းမလွတ်ကျေးရွာ၊ မီးရထားသံလမ်းကူးအနီး၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၂၂)ပြား၊ ဘိန်းဖြူ (၁၂၈၇)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ကလေးမြို့နယ်၊ အနောက်ခုံသာကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ Tramadol Capsule(၁၅)တောင့်၊ တမူးမြို့နယ်၊ ဝိတုတ်ကျေးရွာအထွက် တမူး-ကလေးသွားကားလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အားရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၀.၆) ဂရမ်၊ Buprenorphine Tablet(၆၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဖောင်းပြင်မြို့နယ်၊ ဟော်ဇောင်းကျေးရွာအနီး ဖောင်းပြင်-ပင်လည်ဘူးသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၂၀၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ သိမ်ကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ICE(၆၅)ဂရမ်၊ ကျွန်းစုမြို့နယ်၊ တောနောက်လယ်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၅၀)ပြား၊ ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၀)ပြား၊ ဘိန်းစာမှုန့်(၉)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရပ်ကွက်ကြီး(၇)၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၅၀)ပြား၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၀)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ မြို့ရှောင်လမ်း မိုင်တိုင် (၅/၅)၌ အချိန်ကြာမြင့်စွာ ရပ်တန့်ထားသည့် Hino (၁၂)ဘီးယာဉ်အားစစ်စစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ Hydrochloric Acid (၈၆၄၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မြင်ကြီးကျေးရွာ၊ မန္တလေး-လားရှိုးသွား ကားလမ်းပေါ်၌ ရပ်တန့်ထားသည့် (၁၂)ဘီးယာဉ်ပေါ်ရှိ ပလတ်စတစ်ပုံးများအတွင်းမှ Sulphuric Acid (၅၉၂၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ မိတ္ထီလာမြို့၊ အောင်ဇေယျရပ်ကွက်၌ သတင်းအရ BMW ယာဉ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄)ပြား၊ ICE(၀.၂)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဝါသုတိုးချဲ့ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၀)ပြား၊ ဆေးခြောက်(၅၀၆၀) ဂရမ်၊ ထပ်မံဖော်ထုတ်ချက်အရ အရှေ့ပြင်ရပ်ကွက်ရှိ တရားခံနေအိမ်မှ စိတ်ကြွဆေးပြား(၂)ပြား၊ ဆေးခြောက်(၁၀)ဂရမ်၊ သာစည်မြို့နယ်၊ မိတ္ထီလာ-တောင်ကြီးသွားကားလမ်း မိုင်တိုင် (၃၉/၁)၌ သတင်းအရ ဆိုင်ကယ်အားစစ်စစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၂၃)ပြား၊ ဘိန်း(၆၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၅၀)ပြား၊ ဆေးခြောက်(၄)ဂရမ်၊ ICE (၇)ဂရမ်၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြန်မာပလာဇာရှေ့၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀)ပြား စတင်ဖမ်းဆီးရမိပြီး ကွင်းဆက်များ စစ်ဆေးဖော်ထုတ်ချက်အရ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်) ရပ်ကွက်၌ တရားခံ အမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၈၈၀၀)ပြား၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၇)ရပ်ကွက်၌ တရားခံအမျိုးသား(၂) ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၆၇၈၀)ပြား၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာကားဝင်းအတွင်းရှိ ကားဂိတ်(၂)ခု၌ လူမဲ့တန်ဆာပစ္စည်းအဖြစ် စစ်တွေမြို့သို့ ပို့ဆောင်မည့် ဆာလာအိတ်(၇)အိတ်အတွင်းမှ စိတ်ကြွဆေးပြား(၁၀၀၀၀၀၀)ပြား၊ ရခိုင်ပြည်နယ်၊ အမ်းမြို့စစ်ဆေးရေးဂိတ်၌ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်စစ်ရာ လူမဲ့တန်ဆာပစ္စည်းအဖြစ် စစ်တွေမြို့သို့ ပို့ဆောင်မည့် ဆာလာအိတ်များအတွင်းမှ စိတ်ကြွဆေးပြား(၇၄၉၉၇၅)ပြား၊ မင်းပြားမြို့နယ်၊ ရာမောင်တံတား၌ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်စစ်ရာ စိတ်ကြွဆေးပြား(၇၅၀၀၀၀)ပြား တွေ့ရှိသိမ်းဆည်းခဲ့ပြီး ပါဝင်ပတ်သက်ဆက်နွယ်သူ ဂိတ်မှူး ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် တရားခံအမျိုးသား(၁၇) ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၁၈)ဦး၊ စုစုပေါင်းတရားခံအမျိုးသား(၂၁)ဦး၊ အမျိုးသမီး(၃)ဦး၊ ပေါင်း(၂၄)ဦး၊ စိတ်ကြွဆေးပြား(၂၆၇၅၉၅၅)ပြား၊ မော်တော်ယာဉ်(၄)စီး၊ ဆရာစံရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ Ecstasy Tablet(၂၈)ပြား၊ Ketamine (၄.၉၅)ဂရမ်အားလည်းကောင်း၊ နိုင်ငံခြားသား ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့နယ်၊ ရန်လုံကျိုင်းကျေးရွာလမ်းပေါ်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၇၀)ပြားအားလည်းကောင်း၊ လက်နက်/ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၅)ခု ရှိခဲ့ပြီး ကယားပြည်နယ်၊ လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်၊ အဝေးပြေးကားဝင်းရှိကားဂိတ်၌ မန္တလေးသို့ လူမဲ့တန်ဆာပစ္စည်း လာရောက်ပို့ဆောင်သည့် တရားခံအမျိုးသမီး(၁) ဦးထံမှ ပွိုင့် ၂၂ ကျည် (၁၅၀၀)တောင့်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ စက်မှုဇုန်ရပ်ကွက်၌ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား(၁၁၁)ပြား၊ Nissan ယာဉ်(၁)စီး၊ ထပ်မံဖော်ထုတ်ချက်အရ မန္တလေးမြို့၊ ကျွဲဆည်ကန်ကားဝင်း၌ တရားခံအမျိုးသား(၁)ဦးနှင့် မဟာအောင်မြေမြို့နယ်၊တက္ကသိုလ်ရပ်ကွက်ရှိ တရားခံနေအိမ်မှ လေသေနတ်အရှည်(၁)လက်၊ လေသေနတ်အတို(၁)လက်၊ စနိုက်ပါမှန်ပြောင်း(၂)ခု၊ အသံတိတ်ပြောင်းတို (၁)ခု၊ လေသေနတ်

စာမျက်နှာ ၉ သို့ »»

# ဒုတိယဝန်ကြီး ဦးစိုးအောင် ငလျင်လှုပ်ခတ်ခဲ့သောဒေသများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ယနေ့နံနက်ပိုင်းတွင် ရွှေဘိုမြို့ ပိတောက်ခေါင်းကျေးရွာအုပ်စု ဆီဆုံကုန်းကျေးရွာရှိ ဘုရားစေတီများထီးတော် တိမ်းစောင်း၊ ပြိုကျအက်ကွဲမှုအခြေအနေကိုကြည့်ရှုပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခင်ဦးမြို့နယ် လောင်းရှည်ကျေးရွာ ဂြိုဟ်ကြီးရှစ်လုံးစေတီများ ထီးတော်ပြိုကျမှု၊ စေတီလုံးတော်များ ကွဲအက်မှုများကိုကြည့်ရှု၍ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ငလျင်ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ အလိုက်ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားပြီး ငလျင်ဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆီဆုံလေးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာမူလတန်းကျောင်းနံရံများ ကွဲအက်မှုအခြေအနေကိုကြည့်ရှုပြီး ယာယီစာသင်ဆောင်ဆောက်လုပ်ရန်လိုအပ်သော အမိုးသွပ်များထောက်ပံ့ရေး စီစဉ်ပေးသည်။



ယင်းနောက် ရေဦးမြို့နယ် မန်ကျည်းတောကျေးရွာ(တောင်)နှင့် မန်ကျည်းတောကျေးရွာ(မြောက်)တို့ရှိ စေတီတော်များ စိန်ဖူးတော်မြေပျက်စီးမှုများကို ကြည့်ရှုပြီးနောက် ဆရာတော်များအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရေဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ဒုတိယဝန်ကြီးက ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က လိုအပ်သလို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ယခုငလျင်သည် ရစ်ချ်စတာစကေးခြောက်ဖြင့် လှုပ်ခတ်ခဲ့သော်လည်း လူသေဆုံးမှုနှင့် လူနေအိမ်များ လုံးဝပြိုကျမှုမရှိဘဲ ဒဏ်ရာရရှိမှုနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးမှုများသာဖြစ်ပေါ်ခဲ့သည်ကိုသိရှိရပါကြောင်း၊ ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံအချို့သာ ထိခိုက်ပျက်စီးမှုရှိခဲ့သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စေတနာရှင်ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အချိန်တိုအတွင်း ပြီးစီးအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး၊ ရွှေဘို၊ ခင်ဦး၊ ရေဦးမြို့နယ်အုပ်ချုပ်ရေးမှူးများက ပျက်စီးဆုံးရှုံးမှုအခြေအနေများ၊ လုပ်ငန်းအလိုက်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ရွှေဘို၊ ခင်ဦး၊ ရေဦးမြို့နယ်များရှိဘုရားစေတီများ ပြုပြင်ရန် ဆောင်ရွက်ဆဲကာလအတွင်း မိုးရေဝင်၍ ပိုမိုပျက်စီးမှုမဖြစ်ပေါ်စေရေးအတွက် ဖုံးအုပ်ကာရံထားရန် လိုအပ်သော မိုးကာလိပ်များ၊ ယာယီစာသင်ဆောင်အတွက် အမိုးသွပ်များနှင့် ခရိုင်အတွင်းရှိ လူနေအိမ်များ၊ သာသနိကအဆောက်အအုံများနှင့် ရေဦးမြို့နယ်မှ ဒဏ်ရာရ လူနာတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ငွေကျပ် စုစုပေါင်း ၃၃၀၀၀၀၀ တို့ကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နှလုံးအဆို့ရှင်ကျဉ်းခြင်းနှင့် မွေးရာပါနှလုံးအပေါက်ပါရောဂါ ခွဲစိတ်ရန်မလိုဘဲ မြန်မာနိုင်ငံတွင် ကုသနိုင်

**ရန်ကုန် စက်တင်ဘာ ၂**

နှလုံးအဆို့ရှင်ကျဉ်းခြင်းနှင့် မွေးရာပါနှလုံးသွေး လက်ခံခန်းနှစ်ခုကြား၌ အပေါက်ပါရှိသည့်ရောဂါကို ခွဲစိတ်ရန်မလိုဘဲ မြန်မာနိုင်ငံတွင် ကုသနိုင်ပြီဖြစ်ကြောင်း ဝိတိုရိယဆေးရုံ နှလုံးနှင့်သွေးကြော အထူးကုစင်တာ(ရန်ကုန်)မှ သိရသည်။

**ပထမဆုံးအကြိမ်အောင်မြင်စွာ ကုသပေးနိုင်**

အဆိုပါ ကုသမှုကို ပြီးခဲ့သည့် ဇူလိုင် ၂၆ ရက်တွင် ဝိတိုရိယဆေးရုံ နှလုံးနှင့် သွေးကြော အထူးကုစင်တာ(ရန်ကုန်)မှ နှလုံးခွဲစိတ်အထူးကုဆရာဝန် Dr.C.Raghu ဦးဆောင်သည့်အဖွဲ့က နှလုံးအဆို့ရှင်ကျဉ်းခြင်းနှင့် မွေးရာပါနှလုံးအပေါက်ပါရောဂါ ခံစားနေရသည့် အသက် ၃၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးအား ခွဲစိတ်ကုသမှုမပြုဘဲ သွေးပြန်ကြောမှတစ်ဆင့် ကိရိယာဖြင့်ပိတ်၍ ပထမဆုံးအကြိမ်အောင်မြင်စွာ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။


"အများအားဖြင့် ဒီလိုနှစ်ခုပေါင်းစပ်ထားတဲ့ နှလုံးရောဂါမျိုးဖြစ်ပြီဆိုရင် သေချာပေါက်ခွဲစိတ်ကုသဖို့ လိုအပ်ပါတယ်။ ဒါပေမယ့် လူနာတွေကလည်း ခွဲစိတ်ဖို့ကို တွန့်ဆုတ်လေ့ရှိတတ်ကြတယ်။ အခုလို လူနာတွေအတွက် ခွဲစိတ်စရာမလိုဘဲ ကုသတဲ့နည်းက အကောင်းဆုံးနည်းတစ်ခုပါပဲ။ ဝိတိုရိယဆေးရုံရဲ့ နှလုံးအထူးကုဆရာဝန်တွေနဲ့ ကျွမ်းကျင်ပညာရှင်တွေ ပေါင်းစည်းထားတဲ့အဖွဲ့ဟာ မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်အနေနဲ့ အခုလို ဆန်းသစ်တဲ့နည်းလမ်းကို သုံးပြီး ရောဂါပျောက်ကင်းအောင် ကုသနိုင်ခဲ့တဲ့အတွက် အလွန်ဝမ်းမြောက်မိသလို ဒါဟာ မြန်မာ့ဆေးလောကအတွက် မှတ်တိုင်တစ်ခုအနေနဲ့ စိုက်ထူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်"ဟု ဝိတိုရိယဆေးရုံမှ စီအီးအို ဒေါက်တာ အေးအေးစန်းက ပြောသည်။




အလွန်ရှားပါးသည့် အဆိုပါရောဂါကို ယခင်က မြန်မာနိုင်ငံတွင် ကုသရန် အခက်အခဲများစွာရှိခဲ့ပြီး နိုင်ငံရပ်ခြားများသို့သာ သွားရောက်ကုသမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ယခုအခါတွင် မြန်မာနိုင်ငံမှ လူနာများအနေဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်ကာ ဆေးကုသရန် မလိုအပ်တော့ဘဲ နိုင်ငံအတွင်း၌ပင် နှလုံးဆိုင်ရာရောဂါများကို ခွဲစိတ်ကုသမှုပြုလုပ်ရန်မလိုဘဲ ကုန်ကျစရိတ်သက်သာစွာ ကုသ ပျောက်ကင်းနိုင်တော့မည်ဖြစ်ကြောင်း ဝိတိုရိယဆေးရုံ နှလုံးနှင့် သွေးကြော အထူးကုစင်တာ(ရန်ကုန်)မှ သိရသည်။

အဆိုပါ ရောဂါအကြောင်းအရာနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဝိတိုရိယဆေးရုံ၌ ပြုလုပ်သည်။

**သတင်းနှင့် ဓာတ်ပုံ-အေးမင်းသူ၊ ဇာနည်မောင်**



## သဘာဝဘေး

# တနင်္သာရီမြစ်ရေ ထပ်မံမြင့်တက်မှုကြောင့် အခြေခံပညာကျောင်းများ ယာယီပိတ်ထား



**တနင်္သာရီ စက်တင်ဘာ ၂**
တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ဩဂုတ် ၂၇ ရက်ကစ၍ (ဒုတိယအကြိမ်) စိုးရိမ်ရေမှတ်အထက် ကျော်လွန်ပြီး တနင်္သာရီမြစ်ရေ ထပ်မံမြင့်တက်မှုကြောင့် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက အခြေခံပညာကျောင်း လေးကျောင်းအား ယာယီပိတ်ထားရကြောင်း၊ အဆိုပါ ကျောင်းများမှာ အထက- ညောင်ကွင်းရွာ၊ အမက-ပိန်းတောရွာ၊ အမက-ကျွန်းရှည်ရွာနှင့် အမက- ဖိုးမဲကျေးရွာတို့ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယင်းကဲ့သို့ ဒုတိယအကြိမ်မြစ်ရေ ထပ်မံမြင့်တက်မှုကြောင့် ဩဂုတ် ၃၀ ရက်က ကျောင်း ခုနစ်ကျောင်း၊ ဩဂုတ် ၃၁ ရက်က ကျောင်း လေးကျောင်းနှင့် ယခုကျောင်း လေးကျောင်းအပါအဝင် အခြေခံပညာကျောင်းပေါင်း ၁၅ ကျောင်းကို ယာယီပိတ်ထားရသဖြင့် ယာယီပိတ်ထားရသော အထက နှစ်ကျောင်း၊ အလက လေးကျောင်းနှင့် မူလတန်းအဆင့် ကိုးကျောင်း စုစုပေါင်း ၁၅ ကျောင်းမှ အထက်တန်းအဆင့် ၆၃၂ ဦး၊ အလယ်တန်းအဆင့် ၁၄၇၂ ဦးနှင့် မူလတန်းအဆင့် ၁၉၆၉ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၀၇၃ ဦးရှိကြောင်း သိရသည်။

အဆိုပါ ကျောင်းများ၏ ကျောင်းဝင်းအတွင်းနှင့် ကျောင်းသွားလမ်းများမှာ မြစ်ရေဝင်နေခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကြောင့် ကျောင်းသား ကျောင်းသူများ အန္တရာယ်မဖြစ်ပွားစေရန်အတွက် ယာယီပိတ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၎င်းကျောင်းများ၏ ယာယီပိတ်ရက်များကို စနေ၊ တနင်္ဂနွေ၊ အဖိတ်နေ့များတွင် အစားထိုး၍ ပြန်လည်ဖွင့်လှစ်သင်ကြားပေးသွားရန် စီစဉ်ထားကြောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်မင်းယုက ပြောကြားသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ကြို့ပင်ကောက်မြို့တွင် မိုးရွာသွန်းမှုနှင့် တောင်ကျရေစီးဆင်းမှုကြောင့် ကျေးရွာအချို့တွင် ရေဝင် အခြေခံပညာကျောင်း လေးကျောင်း ခေတ္တပိတ်ထားရ



**ကြို့ပင်ကောက် စက်တင်ဘာ ၂**
ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ စက်တင်ဘာ ၂ ရက်က မိုးအဆက်မပြတ် ရွာသွန်းမှုနှင့် တောင်ကျရေ စီးဆင်းမှုကြောင့် ကျေးရွာအချို့တွင် ရေဝင်ရောက်ပြီး အခြေခံပညာကျောင်း လေးကျောင်း ခေတ္တပိတ်ထားရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ရေဝင်ရောက်မှုကြောင့် ဇင်ပြွန်းကုန်းကျေးရွာအုပ်စု ဘုတလက်ကုန်းကျေးရွာရှိ အိမ်ခြေ ၅၅ လုံးအတွင်း ရေ နှစ်ပေခန့် ဝင်ရောက်နေသောကြောင့် လူဦးရေ ၁၉၅ ဦး ရေဘေးဒဏ်ခံစားနေရကြောင်း၊ အခြေခံပညာကျောင်းများဖြစ်သော အမက ဘုတလက်ကုန်း၊ မူလွန်ဇင်ပြွန်းကုန်း၊ အမက ညောင်ပင်သာနှင့် အမက ရခိုင်ပုကျောင်း စုစုပေါင်း အခြေခံပညာကျောင်း လေးကျောင်းကို ယနေ့နံနက်မှစ၍ ခေတ္တပိတ်ထားရကြောင်း၊ ယင်းသို့ ရေဘေးဒဏ်ခံစားနေရသော ပြည်သူများအား ခရိုင်မီးသတ်ဦးစီးမှူး ဦးစန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ကိုကိုနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ပရဟိတအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်၍ နေထိုင်စားသောက်ရေး ကိစ္စများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# မိုးသည်းထန်သဖြင့် ကော့သောင်းမြို့တွင် သဘာဝဘေးအန္တရာယ်များဖြစ်ပွား

**ကော့သောင်း စက်တင်ဘာ ၂**
မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းသဖြင့် စက်တင်ဘာ ၁ ရက်က ကော့သောင်းမြို့နယ် ရပ်ကွက်နှင့် ကျေးရွာတချို့တွင် သဘာဝဘေးအန္တရာယ်များဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် အဆိုပါနေ့မတိုင်မီ နံနက်ပိုင်းကစတင်ကာ လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စု အောင်မြန်မာကျေးရွာ၌ ကျေးရွာရေဆင်းတံတား ပြိုကျခြင်း၊ အမက(ခွဲ)အောင်မြန်မာကျောင်းမုန့်ဈေးတန်းပေါ်သို့ သစ်ပင်များ ကျိုးကျပိမိခြင်း၊ ချုန်းဖမ်းကျေးရွာအုပ်စု ချုန်းဖမ်းကျေးရွာ ကန်သာယာရပ်ကွက်တွင် နေအိမ်တချို့အမိုးလန်ပျက်စီးခြင်း၊ အောင်သုခရပ်ကွက် ရန်ကြီးအောင်လမ်းနှင့် နှင်းဆီ(၆)လမ်းများတွင် လမ်းဘေးအမြင့်ပေ ၂၀၀ ခန့် တောင်စောင်းများပေါ်မှ မြေသားပြိုကျခြင်း၊ တောင်ခြေရှိ နေအိမ်ငါးလုံး၏အိမ်နောက်ဘက်ပိုင်းသို့ မြေသားများ ပြိုကျပိမိ၍ အိမ်များ ပျက်စီးဆုံးရှုံးခဲ့သည်။

ဖြစ်စဉ် ဖြစ်ပွားရာ နေရာများသို့ ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ကွက်တာဝန်ရှိအဖွဲ့အစည်းများက သွားရောက်ကြည့်ရှုစစ်ဆေးကာ မြေပြိုမှုဖြစ်ပွားခဲ့ရသည့် အိမ်များတွင် နောက်ဆက်တွဲဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် မိသားစုဝင်များအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခြင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ဝင်များက လိုအပ်သည့်ကယ်ဆယ်ကူညီမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ရပ်ကွက်ပြည်သူများက အပျက်အစီးများအား စုပေါင်းရှင်းလင်း ဖယ်ရှားမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘော်လီဘောပြိုင်ပွဲများ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ ၂၀၁၉ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘော်လီဘော (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲများကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲများကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ရာ ဘော်လီဘောဝါသနာရှင်များ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မောင်လူမော်**

# ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများကစားရန် မြန်မာ ယူ-၂၂ အသင်း အပြီးသတ် ၂၃ ဦးရွေးချယ်

**ရန်ကုန် စက်တင်ဘာ ၂**
ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းသည် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ခြေစမ်းပွဲကစားမည့် မြန်မာ ယူ-၂၂ အသင်းတွင် နည်းပြချုပ်-ပိုပေ့ါဗ်၊ လက်ထောက်နည်းပြ-ဦးချစ်နိုင်၊ ဦးဇော်ဝင်းထွန်း၊ ဂိုးနည်းပြ-ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် **ဂိုး**-ဆန်းဆက်နိုင်၊ ဘုန်းသစ္စာမင်း၊ **နောက်တန်း**-ကျော်သူထွန်း၊ ဟိန်းဖြိုးဝင်း၊ ရဲမင်းသူ၊ ရဲရင့်အောင်(၁)၊ ကျော်ဖြိုးဝေ၊ ထူးခန့်လွင်၊ အောင်ဝဏ္ဏစိုး၊ ဇင်ရဲနောင်၊ **အလယ်တန်း**-အောင်နိုင်ဝင်း၊ ဝေလင်းအောင်၊ ကျော်မျိုးနိုင်၊ မျိုးမင်းဖြိုး၊ နေမိုးနိုင်၊ မြတ်ကောင်းခန့်၊ ကောင်းထက်စိုး၊ စိုးလွင်လွင်၊ **ရှေ့တန်း**-အောင်ကောင်းမာန်၊ ထက်လင်းလင်း၊ ဝင်းနိုင်ထွန်း၊ ဟိန်းထက်အောင်နှင့် သန့်ဇင်မြင့်တို့ ပါဝင်ကြသည်။



မြန်မာ ယူ-၂၂ အသင်း ဂိုးသမား ဘုန်းသစ္စာမင်း လေ့ကျင့်နေစဉ်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ဩဂုတ် ၁၉ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် စက်တင်ဘာ ၃ ရက်မှ ၈ ရက်အထိ ထိုင်းနိုင်ငံ ချင်းရိုင်မြို့၌ သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ထိုင်းခြေစမ်းခရီးစဉ်တွင် ထိုင်းလိဂ်-၁ ကလပ်အသင်းများနှင့် ခြေစမ်းပွဲကစားမည်ဖြစ်ပြီး စက်တင်ဘာ ၅ ရက်တွင် ချင်းရိုင်ယူနိုက်တက်အသင်း၊ စက်တင်ဘာ ၈ ရက်တွင် ချင်းမိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

### ❒ ထိုင်းဘုရင့်ဖလားမှ

တတိယအဖြစ်လည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၌ မြန်မာအသင်းက ပထမ၊ လာအိုအသင်းက ဒုတိယနှင့် အင်ဒိုနီးရှားအသင်းနှင့် တောင်ကိုရီးယားအသင်းတို့က ပူးတွဲတတိယဖြင့် လည်းကောင်း၊ အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ထိုင်းအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနှင့် ဖိလစ်ပိုင်အသင်းနှင့် ဗီယက်နမ်အသင်းတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ထိုင်းအသင်းက ပထမ၊ အင်ဒိုနီးရှား အသင်းက ဒုတိယနှင့် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့က ပူးတွဲတတိယဆုများ ရရှိကြပြီး မြန်မာနိုင်ငံက နှစ်ယောက်တွဲပြိုင်ပွဲများတွင် နိုင်ငံအလိုက် အဆင့် (၁) ရရှိခဲ့သည်။

အဆိုပါအောင်ပွဲရ မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး ဦးဗလကျော်သူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းနှင့် ခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်နှင့်အမှုဆောင်များ၊ ဒိုင်လူကြီးများနှင့် နည်းပြများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများ၊ မိဘဆွေမျိုးများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြောင်း သိရသည်။

**မြင့်မောင်စိုး**


### ❖ ဗီယက်နမ် ယူ-၁၅မှ

တစ်ဂိုးတို့ သွင်းယူခဲ့သည်။ ဒေါ်စန်းစန်းသိန်းကိုင်တွယ်နေသည့် မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းသည် ၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြီးခဲ့သည့် အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် တတိယရခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ပါဝင်ခဲ့သည့် အသက်အငယ်ဆုံးကစားသမား ဖြူဖြူဝင်းက အသင်းခေါင်းဆောင်အဖြစ် ဦးဆောင်ကစားခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်၊ မြန်မာ၊ အိုက်စလန်နှင့် ဟောင်ကောင်အသင်းတို့ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားနေပြီး စက်တင်ဘာ ၃ ရက်တွင် ကျင်းပမည့် ဒုတိယနေ့တွင် မြန်မာအသင်းနှင့် အိုက်စလန်အသင်း၊ ဟောင်ကောင်အသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်**

# လမျက်နှာပြင်ဆင်းယာဉ် ဗီကရမ် ချန်ဒရာရန်း-၂ လပတ်ယာဉ်မှ အောင်မြင်စွာခွဲထွက်



**နယူးဒေလီ စက်တင်ဘာ ၂**

အိန္ဒိယနိုင်ငံမှ လကမ္ဘာစူးစမ်းလေ့လာရေးအတွက် ဒုတိယအကြိမ်အဖြစ် လွှတ်တင်ခဲ့သော ချန်ဒရာရန်း-၂ အာကာသယာဉ်သည် လကမ္ဘာအားဝန်းပတ်ပျံသန်းနေပြီး ယင်းယာဉ်တွင် ပါရှိသည့် ဗီကရမ်အမည်ရှိ လမျက်နှာပြင်ဆင်းယာဉ်သည် လပတ်ယာဉ်မှ အောင်မြင်စွာ ခွဲထွက်ခဲ့ကြောင်း အိန္ဒိယအာကာသ သုတေသနအဖွဲ့(အိုင်အက်စ်အာရ်အို)က စက်တင်ဘာ ၂ ရက်တွင် ပြောကြားသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လမျက်နှာပြင်ဆင်းယာဉ် ဗီကရမ်သည် လကမ္ဘာအားဝန်းပတ်ပျံသန်းနေသည့် ချန်ဒရာရန်း-၂ အာကာသယာဉ်မှ စက်တင်ဘာ ၂ ရက် အပြည်ပြည်ဆိုင်ရာ စံတော်ချိန် ၁၃း၁၅ နာရီတွင် အောင်မြင်စွာခွဲထွက်ခဲ့ကြောင်း၊ ချန်ဒရာရန်း-၂ အာကာသယာဉ်သည် လကမ္ဘာအား ဝန်းပတ်ပျံသန်းလျက်ရှိပြီး လမျက်နှာဆင်းယာဉ်ဗီကရမ်မှာ လတ်တလောတွင် လမျက်နှာပြင်မှ ၁၁၉ ကီလိုမီတာနှင့် ၁၂၇ ကီလိုမီတာအကွာတွင် ဝန်းပတ်ပျံသန်းနေကြောင်း အိုင်အက်စ်ယာဉ်အိုက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ချန်ဒရာရန်း-၂ အာကာသယာဉ်နှင့် ဗီကရမ် လဆင်းယာဉ်တို့၏ စနစ်အားလုံးသည် ကောင်းမွန်စွာရှိကြောင်း ယင်းကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

ချန်ဒရာရန်း-၂ လကမ္ဘာစူးစမ်းလေ့လာရေးယာဉ်ကို ဇူလိုင် ၂၂ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ယင်းယာဉ်ပေါ်ပါ လမျက်နှာပြင်ဆင်းယာဉ် ဗီကရမ်သည် စက်တင်ဘာ ၇ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ညင်သာစွာ ဆင်းသက်နိုင်ရေးကြိုးပမ်းမည်ဖြစ်သည်။ လမျက်နှာပြင်ဆင်းယာဉ်အား အိန္ဒိယအာကာသ သုတေသန အစီအစဉ်၏ ဖခင်ဖြစ်သူ ဗီကရမ် ဆာရပ်ဟီ၏ အမည်ကို ဂုဏ်ပြုမှည့်ခေါ်ထားခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

# ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့် နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနား ရုရှား၌ ကျင်းပ

**မော်စကို စက်တင်ဘာ ၂**

ယခင်ဆိုဗီယက်ယူနီယံက ဂျပန်နိုင်ငံအပေါ် အောင်ပွဲရပြီး ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့် နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၂ ရက်တွင် ရုရှားနိုင်ငံ၌ ကျင်းပသည်။ ယင်းအခမ်းအနားကို ရုရှားနိုင်ငံအရှေ့ဖျားဒေသရှိ ရုရှားနိုင်ငံက သိမ်းယူထားသည့် ဂျပန်နိုင်ငံပိုင်ဆိုင်သည်ဟု ပြောကြားထားသော ကျွန်းများတွင် ကျင်းပခြင်းဖြစ်သည်။

ရုရှားနိုင်ငံက စက်တင်ဘာ ၂ ရက်နေ့အား ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်နေ့ဟု သတ်မှတ်ထားသည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ဂျပန်တပ်ဖွဲ့များက ရုရှားတပ်ဖွဲ့များထံတွင် လက်နက်ချသည့် စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ရုရှားနိုင်ငံက ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်ထံမှ သိမ်းယူထားသည့်ကျွန်းလေးကျွန်းအနက် တစ်ကျွန်းဖြစ်သည့် ရှီကိုတန်ကျွန်းပေါ်တွင် ဒေသခံရုရှားနိုင်ငံသား ၂၀၀ ခန့်နှင့် ရုရှားနယ်ခြားစောင့်တပ်ဖွဲ့ဝင်များစုစည်း၍ အောင်ပွဲအထိမ်းအမှတ်ကျောက်တိုင်ရှေ့တွင် ယင်းအခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

အဆိုပါကျွန်းများ လွတ်မြောက်ရေးအတွက် ပြည်သူ ၂၀၀၀ ကျော်တို့၏ အသက်များစွန့်လွှတ်ခဲ့ရကြောင်း ရုရှားနယ်ခြားစောင့်တပ်ဖွဲ့မှ အထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်။ စက်တင်ဘာ ၂ ရက်သည် ကြီးမြတ်သောနေ့ဖြစ်ကြောင်း၊ ရုရှားနိုင်ငံက အဆိုပါကျွန်းများကို ယင်းနေ့တွင် ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံသို့ ယင်းကျွန်းများ ပြန်လည်လွှဲပြောင်းပေးမှုကို ၎င်းအနေဖြင့် ဆန့်ကျင်ကြောင်း အခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့သူတစ်ဦးက ပြောကြားသည်။

ဂျပန်နှင့် ဆိုဗီယက်ယူနီယံတို့ ၁၉၅၆ ခုနှစ်အတွင်းက ပူးတွဲထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ဆိုဗီယက်ယူနီယံနှင့် ဂျပန်နိုင်ငံတို့အကြား ငြိမ်းချမ်းရေးစာချုပ်ကို နှစ်နိုင်ငံသဘောတူ အပြီးသတ်ချုပ်ဆိုပြီးက ရှီကိုတန်ကျွန်းအပါအဝင်ကျွန်းများကို ဂျပန်နိုင်ငံသို့ လွှဲပြောင်းပေးသွားမည်ဟု ဖော်ပြပါရှိခဲ့သည်။ သို့သော်ငြားလည်း ရုရှားအစိုးရသည် ရှီကိုတန်ကျွန်းတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရရှိရန် အလျင်အမြန်လုပ်ဆောင်နေသည်။ ယင်းကျွန်းတွင် ပမာဏကြီးမားသည့် ပင်လယ်စာထုတ်လုပ်ရေးစက်ရုံကို တည်ဆောက်နေသည်။

ရှီကိုတန်ကျွန်းအပါအဝင် ဂျပန်နိုင်ငံမြောက်ဖျားပိုင်းရှိ ရုရှားက သိမ်းယူထားသည့် ကျွန်းလေးကျွန်းမှာ အစဉ်အလာအရ ဂျပန်နိုင်ငံက ပိုင်ဆိုင်သည့် ပိုင်နက်နယ်မြေအစိတ်အပိုင်းများဖြစ်ကြောင်း ဂျပန်အစိုးရက ဆက်လက်ခံယူထားပြီး ယင်းကျွန်းများကို ဒုတိယကမ္ဘာစစ်အပြီးတွင် ရုရှားက တရားမဝင်သိမ်းယူထားခြင်းဖြစ်သည်ဟု ပြောကြားထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**



# အမေရိကန်ကမ်းရိုးတန်းဒေသ ဒိုရီယန်မုန်တိုင်းဝင်ရောက်မှုအတွက် ကြိုတင်ပြင်ဆင်

**ဝါရှင်တန် စက်တင်ဘာ ၂**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါကမ်းရိုးတန်းတစ်လျှောက် ဒိုရီယန်မုန်တိုင်းချဉ်းကပ်လာမှုကြောင့် ဖလော်ရီဒါပြည်နယ်တောင်ပိုင်း ကာရိုလိုင်းနားနှင့် ဂျော်ဂျီယာတို့တွင် အရေးပေါ်အခြေအနေ ကြေညာထားရပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ရှိသူများက ညွှန်ကြားထားသည်။

အဆိုပါမုန်တိုင်းသည် လက်ရှိအချိန်တွင် အဆင့်-၅ရှိသော မုန်တိုင်းအဖြစ် သတ်မှတ်ထားပြီး မုန်တိုင်း၏ဗဟိုမှာ ၉၁၆ ဟက်တိုပါစကယ်ရှိကာ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၂၈၀ ရှိကြောင်း သိရသည်။ ဒိုရီယန်မုန်တိုင်းသည် ဖလော်ရီဒါအရှေ့ဘက်ကမ်းရိုးတန်းသို့ တနင်္လာနေ့ညမှ ဗုဒ္ဓဟူးနေ့ ညနေအထိ ဝင်ရောက်နိုင်ကြောင်း မိုးလေဝသဌာနမှ တာဝန်ရှိသူများက ခန့်မှန်းထားသည်။

အဆိုပါမုန်တိုင်းသည် ၁၉၈၀ ပြည့်နှစ်က တိုက်ခတ်ခဲ့သော ဟာရီကိန်းမုန်တိုင်းပြီးလျှင် ဒုတိယအင်အားအကြီးဆုံးမုန်တိုင်းဖြစ်သည်။ ယခုမုန်တိုင်းကြောင့် ဘဟားမတ်စ်တွင်မြေပြိုပြီး အဆောက်အဦများ၏ ခေါင်မိုးများလန်ထွက်ကာ လမ်းမများပေါ်တွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည်။ သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် ဝန်ကြီးအဖွဲ့အစည်းအဝေးကို ချက်ချင်းခေါ်ယူခဲ့ပြီး အဆိုပါမုန်တိုင်းနှင့်ပတ်သက်ပြီး အစိုးရက တုံ့ပြန်ဆောင်ရွက်မည့် အစီအစဉ်ကို ဆွေးနွေးခဲ့သည်။ ထရန့်က ဒိုရီယန်မုန်တိုင်းသည် ယခုဆယ်စုနှစ်များအတွင်း အပြင်းထန်ဆုံးမုန်တိုင်းတစ်ခုဖြစ်သောကြောင့် ပြည်သူများ နိုးနိုးကြားကြားနှင့် နေထိုင်ကြရန် သတိပေးပြောဆိုခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# မနီလာမြို့အနီး လေယာဉ်ငယ်တစ်စင်း ပျက်ကျ၊ ကိုးဦး သေဆုံး

**မနီလာ စက်တင်ဘာ ၂**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အနီး အသက်ကယ်ဆေးကုပေးသည့် လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လိုက်ပါသူ ကိုးဦးသေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

စက်တင်ဘာ ၁ ရက်တွင် အဆိုပါလေယာဉ်သည် လာဂူနာ စီရင်စုရှိ အပန်းဖြေစခန်း တစ်ခုအတွင်းသို့ ပျက်ကျသွားခဲ့ပြီးနောက် မီးလောင်ပေါက်ကွဲသွားခဲ့ကြောင်း ဗီဒီယိုမှတ်တမ်းများအရ သိရသည်။

လိုက်ပါစီးနင်းသူများအနက် လူနာတစ်ဦးနှင့် ဆေးဝန်ထမ်းများ ပါဝင်ခဲ့သည်။

လေယာဉ်ပျက်ကျမှုကြောင့် အဆိုပါအပန်းဖြေစခန်းရှိ အလုပ်သမားနှစ်ဦး ဒဏ်ရာအနည်းငယ်ရရှိသွားခဲ့ပြီး ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

သေဆုံးသူများအနက် ယာမာတို တိုဂါဝါအမည်ရှိ သူနာပြုတစ်ဦးလည်း ပါဝင်ခဲ့ကြောင်း ဒေသန္တရမီဒီယာများက ဆိုသည်။

မနီလာမြို့ရှိ ဂျပန်သံရုံးက သူနာပြုယာမာတို တိုဂါဝါသည် ဂျပန်လူမျိုးဟုတ်၊ မဟုတ်ဆိုသည်ကိုမူ မှတ်တမ်းများရှာဖွေကာ စစ်ဆေးလျက်ရှိသည်။

အဆိုပါလေယာဉ်သည် ဇမ်ဘိုရန်ဂါဒယ်နော်တီစီရင်စုရှိ ဒီစပိုလော့ဂ်မြို့မှ မြို့တော်မနီလာသို့ ဦးတည်ပျံသန်းစဉ် ပျက်ကျသွားခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိများက ဆိုသည်။ လေယာဉ်ပျက်ကျရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ဟောင်ကောင်အဓိကရုဏ်းတွင် ကျောင်းသား ကျောင်းသူများ ပါဝင်လာ

**ဟောင်ကောင် စက်တင်ဘာ ၂**

ဟောင်ကောင်အဓိကရုဏ်းဖြစ်စဉ်တွင် ဆန္ဒထုတ်ဖော်သူများနှင့် လုံခြုံရေးအရာရှိများအကြား ထိပ်တိုက်ရင်ဆိုင်မှုများ ရှိလာခဲ့သည့်အပြင် ကျောင်းသား ကျောင်းသူများကပါ ၎င်းတို့၏ သက်ဆိုင်ရာကျောင်းများကို တက်ရောက်ခြင်းမရှိဘဲ အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုတွင် ပါဝင်လာခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သုံးလကြာမြင့်ပြီဖြစ်သည့် အဓိကရုဏ်းတွင် ကျောင်းသား ကျောင်းသူများ ပါဝင်လာမှုသည် ဆန္ဒထုတ်ဖော်ခြင်း၏ အသွင်သစ်တစ်ခုဖြစ်စေခဲ့သည်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအပြင် အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူများက ၎င်းတို့၏အတန်းများကို မတက်ရောက်ဘဲ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ အချို့ မိဘများက ၎င်းတို့၏ သားသမီးများအား ဝန်းရံပေးခဲ့ကြောင်း သိရသည်။

ဟောင်ကောင်မြို့လယ်ရှိ ရင်ပြင်တွင် ဆန္ဒထုတ်ဖော်သည့် ကျောင်းသား ကျောင်းသူဦးရေ ရာပေါင်းများစွာ ရှိခဲ့သည်။

အသက် ၁၈ နှစ်အရွယ် တက္ကသိုလ်ကျောင်းသူတစ်ဦးက အစိုးရအနေဖြင့် ဆန္ဒထုတ်ဖော်သူများ၏ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပြီး ဆန္ဒထုတ်ဖော်သူများအား ဝန်းရံကာ ပူးပေါင်းခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

**ကိုးကား အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရန် မလေးရှားဝန်ကြီးချုပ် ကမ္ဘောဒီးယားသို့ သွားရောက်လည်ပတ်




ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း ကမ္ဘောဒီးယားသို့ သွားရောက်လည်ပတ်သည့် မလေးရှားခရီးသွား ဧည့်သည်ဦးရေသည် ယမန်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၇ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

**ဖနောင်ပင် စက်တင်ဘာ ၂**

မလေးရှားဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်သည် မလေးရှားနှင့် ကမ္ဘောဒီးယား နိုင်ငံတို့၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် သုံးရက်ကြာ တရားဝင်ခရီးစဉ်အဖြစ် စက်တင်ဘာ ၂ ရက်က ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

**နှစ်နိုင်ငံဆက်ဆံရေးနှင့်စပ်လျဉ်း၍ တိုင်ပင်ဆွေးနွေးမည်**

မဟာသီယာမိုဟာမက်သည် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် ဝန်ကြီးချုပ်ရုံးတွင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်မည်ဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့်စပ်လျဉ်း၍ အဓိကထား တိုင်ပင်ဆွေးနွေးကြမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ကြမည်ဖြစ်သည်။ ထို့နောက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဦးဆောင်ကြမည်ဖြစ်ပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်လည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ပဉ္စမ အကြီးမားဆုံး ပြည်ပရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်ပြီး ၂၀၁၄-၂၀၁၈ ခုနှစ်ကာလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၄၈၁ သန်း ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ကမ္ဘောဒီးယားဖွံ့ဖြိုးရေးကောင်စီ၏ အစီရင်ခံစာအရ သိရသည်။

ထို့အတူ ယမန်နှစ်က မလေးရှားနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ ကုန်သွယ်မှု ပမာဏသည် အမေရိကန်ဒေါ်လာ ၄၇၄ သန်းအထိ ရောက်ရှိခဲ့ပြီး ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း မလေးရှားနိုင်ငံသား ၉၁၉၀၅ ဦးခန့် ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်လည်ပတ်ခြင်းနှင့်အတူ မလေးရှားနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံခြားခရီးသွားဧည့်သည် အဋ္ဌမ အများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။



# လက်ဘနွန်နိုင်ငံအတွင်း နောက်ထပ်တိုက်ခိုက်မှု ပြုလုပ်နိုင်ဟု နေတန်ယာဟု ပြောကြား

**ဂျေရုဆလင် စက်တင်ဘာ ၂**

လက်ဘနွန်နိုင်ငံအခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုအပေါ် နောက်ထပ် တိုက်ခိုက်မှုပြုလုပ်ရန် အစ္စရေးအနေဖြင့် အဆင်သင့်ရှိကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက စက်တင်ဘာ ၁ ရက်တွင် ပြောကြားသည်။ နေတန်ယာဟုသည် လက်ဘနွန်နယ်စပ်တစ်လျှောက် အစ္စရေးတပ်ဖွဲ့နှင့် ဟစ်ဇ်ဘိုလာအုပ်စုအကြား အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးတပ်ဖွဲ့အပေါ် ပစ်မှတ်ထားပြီး တင့်ဖျက်ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ပြီးနောက် အစ္စရေးစစ်ဘက်တာဝန်ရှိသူများ တိုင်ပင်ဆွေးနွေးမှုပြုလုပ်ခဲ့ပြီး ဟစ်ဇ်ဘိုလာအုပ်စု၏ တိုက်ခိုက်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားကြောင်း နေတန်ယာဟုက ထပ်မံပြောကြားသည်။ ဟစ်ဇ်ဘိုလာအုပ်စုသည် စက်တင်ဘာ ၁ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခန့်က လက်ဘနွန်နယ်စပ်အနီး အစ္စရေး နိုင်ငံ၏မြောက်ဘက် အဗီဗိမ်ကျေးရွာအနီးရှိ အစ္စရေးတပ်စခန်းကို တင့်ဖျက်ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဟစ်ဇ်ဘိုလာအုပ်စုက ဒုံးကျည်နှစ်စင်း သို့မဟုတ် သုံးစင်းဖြင့် အစ္စရေးတပ်စခန်းကို ပစ်မှတ်ထားပစ်ခတ်ခဲ့ပြီးနောက် အစ္စရေးတပ်ဌာနချုပ်နှင့် လူနာတင်ယာဉ်တစ်စီးကို ထိမှန်ကာ ပျက်စီးခဲ့ကြောင်း၊ သို့သော် အစ္စရေးတပ်ဖွဲ့ဝင်ထဲတွင်ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း အစ္စရေးတပ်မတော် ပြောရေးဆိုခွင့်ရှိသူ ဂျွန်နသန်ကွန်ရီကာ့စ်က ပြောကြားသည်။

ဩဂုတ် ၂၅ ရက်က လက်ဘနွန်နိုင်ငံမြို့တော် ဘေရွတ်မြို့တောင်ဘက် ဆင်ခြေဖုံးအရပ်၌ မောင်းသူမဲ့ ဒရုန်းလေယာဉ်ဖြင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ဟစ်ဇ်ဘိုလာခေါင်းဆောင် နာဆန်နာစရာလာက အစ္စရေးနိုင်ငံအား လက်တုံ့ပြန်တိုက်ခိုက်ရန် သတိပေးမှုနှင့်ပတ်သက်၍ အစ္စရေးတပ်ဖွဲ့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောကြားသည်။

မကြာသေးမီက ဖြစ်ပွားသည့် ပဋိပက္ခများနှင့်ပတ်သက်၍ အစ္စရေးနှင့် အီရန်အား ကျောထောက်နောက်ခံပြုသည့် ဟစ်ဇ်ဘိုလာအုပ်စုအကြား တင်းမာမှုအရှိန် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# ပထမအကြိမ် အမေရိကန်-အာဆီယံပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုစတင်

**ဗန်ကောက် စက်တင်ဘာ ၂**


အမေရိကန်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့သည် တနင်္လာနေ့က ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့ကြသည်။ ယင်းစစ်ရေးလေ့ကျင့်မှုတွင် စစ်သင်္ဘော ရှစ်စင်း၊ လေယာဉ် လေးစင်းနှင့် တပ်ဖွဲ့ဝင်အင်အား တစ်ထောင်ကျော်ပါဝင်ပြီး တောင်တရုတ်ပင်လယ်အနီးအထိ လေ့ကျင့်မှုပြုလုပ်မည် ဖြစ်သည်။

ငါးရက်ကြာ အာဆီယံ-အမေရိကန် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို ထိုင်းနိုင်ငံ၏ ဆတ်တာဟစ်ရေတပ်အခြေစိုက်စခန်းမှ စတင်လေ့ကျင့်မည်ဖြစ်ပြီး စင်ကာပူနိုင်ငံတွင် ပြီးဆုံးမည်ဖြစ်သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အမေရိကန်သံရုံး၏ ထုတ်ပြန်ချက်အရ အမေရိကန်ရေတပ်နှင့် ထိုင်းတော်ဝင်ရေတပ်တို့က ပူးတွဲဦးဆောင်သည့် ယင်းစစ်ရေးလေ့ကျင့်မှုသည် စင်ကာပူနိုင်ငံတွင် အဆုံးမသတ်မီ ထိုင်းပင်လယ်ကွေ့နှင့် တောင်တရုတ်ပင်လယ် အပါအဝင် အရှေ့တောင်အာရှရှိ နိုင်ငံတကာရေပိုင်နက်အတွင်းသို့ ဝင်ရောက်၍ လေ့ကျင့်မှုပြုလုပ်မည်ဖြစ်သည်။

ယင်း စစ်ရေးလေ့ကျင့်မှုများတွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံစလုံး ပါဝင်မည်ဖြစ်ပြီး သတ်မှတ်ထားသည့် ရေယာဉ်များပေါ်သို့ တက်ရောက်၍ ရှာဖွေခြင်းနှင့် ဖမ်းဆီးခြင်းအသွင်သဏ္ဍာန် လေ့ကျင့်မှုပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**



# မာလီနိုင်ငံတွင် အဆောက်အအုံပြိုကျ၊ အနည်းဆုံး ၁၅ ဦး သေဆုံး

**ဘာမာကို စက်တင်ဘာ ၂**

မာလီနိုင်ငံ၏မြို့တော် ဘာမာကိုတွင် တနင်္ဂနွေနေ့က သုံးထပ်အဆောက်အအုံတစ်ခုပြိုကျရာ အနည်းဆုံးလူ ၁၅ ဦး သေဆုံးပြီး ၄၀ ကျော်ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။ တနင်္ဂနွေနေ့ နံနက် ၈ နာရီအထိ ၄၁ ဦးကို ကယ်ဆယ်ခဲ့ပြီး ၁၅ ဦး သေဆုံးခဲ့ကြောင်း၊ အဆောက်အအုံပိုင်ရှင်ကို စစ်ဆေးနေကြောင်း ပြည်တွင်းလုံခြုံရေးနှင့် ပြည်သူ့ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက တွစ်တာတွင် ရေးသားဖော်ပြခဲ့သည်။ ယင်းဆောက်လုပ်ဆဲအဆောက်အအုံသည် ဒေသစံတော်ချိန် နံနက် ၄ နာရီခန့်တွင် ပြိုကျခဲ့ခြင်းဖြစ်သည်။ တတိယအထပ်ရှိကြမ်းခင်းသည် အခြားအထပ်ရှိ ကြမ်းခင်းများပေါ်သို့ ပြိုကျပြီးနောက် အဆောက်အအုံတစ်ခုလုံး ပြိုကျပျက်စီးခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။ ခွင့်ပြုချက်မရဘဲ ဆောက်လုပ်မှုများကြောင့် မာလီနိုင်ငံတွင် ယခုကဲ့သို့ အဆောက်အအုံ ပြိုကျမှုများဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။



**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ



**နေပြည်တော် စက်တင်ဘာ ၂**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်အတွင်း သစ်တောဝန်ထမ်းများပါဝင်သောပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ကွမ်းပင်ရေ စုပေါင်းစစ်ဆေးရေးစခန်း၏ အထက်ဘက် တစ်ဖာလုံခန့်အကွာ မုံရွာ-ကလေးဝ ကားလမ်း (၄၇/၇)မိုင်အနီး Canter ယာဉ်ပေါ်မှ တရားမဝင်ပိတောက်ခွဲသား ၃ ဒသမ ၀၅၃၂ တန်ကိုလည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မဘိမ်းမြို့နယ် ကွန်းချောင်းဘိနယ် ကြိုးပြင် (IX) အတွင်းမှ တရားမဝင် ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၆ ဒသမ ၀၀၂၀ တန်ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

## တာချီလိတ်မြို့ ရန်အောင်မြေအလယ်တန်းကျောင်း၌ သစ်ပင်လဲကျသဖြင့် သုံးဦး ဒဏ်ရာရရှိ

**တာချီလိတ် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရန်အောင်မြေရပ်ကွက် ပါလှံ(၁)ရှိ ရန်အောင်မြေအခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ ယမန်နေ့ညက မိုးရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းက သစ်ပင်တစ်ပင် လဲကျကာ သုံးဦး ဒဏ်ရာရရှိခဲ့သည်။

ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရန်အောင်မြေအခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်းရှိ စိန်ပန်းပင်လဲကျသွားရာ ကျောင်းရှေ့ရှိ အုတ်တံတိုင်းတစ်ခန်း၊ လျှပ်စစ်မီးတိုင်တစ်တိုင်၊ ဆက်သွယ်ရေးတိုင်တစ်တိုင်၊ အင်တာနက်ဖိုင်ဘာကြိုးသွယ်တန်းသည့် တိုင်တစ်တိုင်၊ မော်တော်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်နှစ်စီးတို့ ပျက်စီးဆုံးရှုံးခဲ့သည်။ ကလေးငယ်တစ်ဦးနှင့် အမျိုးသားနှစ်ဦး(မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ပြီး ပြည်သူ့ဆေးရုံ၌ ဆေးကုသလျက်ရှိသည်။

အခင်းဖြစ်ပွားရာသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့မီးလင်းရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ကျောင်းဝင်းအတွင်းရှိ လဲကျသစ်ပင်များနှင့် စိုးရိမ်ရသည့် သစ်ပင်များ၊ ဓာတ်တိုင်များနှင့် မီးကြိုးများကို ရှင်းလင်းခဲ့ကြသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ရွှေဘိုမြို့၌ ဆိုင်ကယ်၊ ဖုန်းနှင့်ရွှေလက်စွပ်လုယက်သူများအား ဖမ်းဆီးရမိ

**ရွှေဘို စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ဩဂုတ် ၂၁ ရက် ညနေ ၅ နာရီခွဲက သမီးရည်းစားစုံတွဲကို ဓားဖြင့်ထောက်၍ ခြိမ်းခြောက်ကာ ဆိုင်ကယ်၊ လက်ကိုင်ဖုန်းနှင့် ရွှေလက်စွပ်တို့ကို လုယက်သူ လေးဦးအားဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒု-ရဲမှူးသိန်းဆန်းဦးထံမှ သိရသည်။



ဖြစ်စဉ်မှာ ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီကရွှေဘိုမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ကျော်ဇင်ကို၊ မိုးစက်တင်၊ ဘိဆန်းနှင့် ကျော်ဇင်လတ်တို့ လေးဦးအားစစ်ဆေးရာ ဩဂုတ် ၂၁ ရက် ညနေ ၅ နာရီခွဲက ရွှေဘိုမြို့အမှတ် (၁၀) ရပ်ကွက် အမကစာသင်ကျောင်းအနီး သမီးရည်းစားစုံတွဲထံမှ Scoopyi ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းနှစ်လုံး၊ ရွှေလက်စွပ်တစ်ကွင်းတို့အား ဓားဖြင့်ထောက်၍ ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အမှုမှ သက်သေခံပစ္စည်းများဖြစ်သည့် ဓား၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ရွှေလက်စွပ်မောင်းကွင်းတစ်ကွင်းတို့အား သိမ်းဆည်းရမိခဲ့ပြီး Scoopyi ဆိုင်ကယ်မှာ ကျည်တောက်ပေါက်ကျေးရွာနေအရှည်ကြီး(ခ) စန်းမြင့်ထွန်း ဆိုသူထံ ရောင်းချထားကြောင်း ပေါ်ပေါက်သဖြင့် သက်သေခံဆိုင်ကယ်အား သွားရောက်သိမ်းဆည်းစဉ် အရှည်ကြီး (ခ)စန်းမြင့်ထွန်းဆိုသူမှာ သက်သေခံဆိုင်ကယ်အား ပေးအပ်ခြင်းမရှိဘဲ တိမ်းရှောင်နေခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လုယက်သူများဖြစ်သည့် ကျော်ဇင်ကို ကျည်တောက်ပေါက်ကျေးရွာစဉ့်ကူးမြို့နယ်နေသူ၊ မိုးစက်တင်အမှတ်(၂) ရပ်ကွက် ရွှေဘိုမြို့၊ ဘိဆန်း ကျောက်ချောင်းကျေးရွာ စဉ့်ကူးမြို့နယ်၊ ကျော်ဇင်လတ် ကျည်တောက်ပေါက်ကျေးရွာ စဉ့်ကူးမြို့နယ်နေသူတို့ လေးဦးနှင့် အရှည်ကြီး (ခ)စန်းမြင့်ထွန်း ကျည်တောက်ပေါက်ကျေးရွာ စဉ့်ကူးမြို့နယ်နေသူ ငါးဦးတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုမြို့မရဲစခန်းမှ သိရသည်။

**မိုးသောက်(ရွှေဘို)**

## အမြန်လမ်းရဲတပ်ဖွဲ့ဝင်ကိုသတ်ပြီး ဆိုင်ကယ်လုယူသွားသူအား ဖမ်းဆီးရမိ

**ပဲခူး စက်တင်ဘာ ၂**

ဇီးပင်သာအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်တစ်ဦးအားသတ်ပြီး တိမ်းရှောင်နေသူအား ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေးဆောင်ရွက်နေစဉ် ဖမ်းဆီးရမိခဲ့ကြောင်း ဩဂုတ် ၃၁ ရက်၌ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များ နယ်မြေအတွင်း မှုခင်းကျဆင်းရေး၊ နယ်မြေလုံခြုံရေးနှင့် ပြေး (၄)ပြေး ဖမ်းဆီးမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၁ ရက် ညနေ ၅ နာရီ ၁၀ မိနစ်ခန့်က ဖြူးမြို့နယ် ကညွတ်ကွင်းနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် နယ်မြေသတင်း စုံစမ်းနေစဉ် ဖြူးမြို့နယ် ကွင်းအရှေ့ (၂)ရပ်ကွက်ရှိ မိဿလင်လမ်းမပေါ်တွင် သတင်းအရ သွားရောက်စစ်ဆေးရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးအားသတ်ပြီး ထွက်ပြေးတိမ်းရှောင်နေသော မင်းကိုလတ်(ခ) နေထက်လင်း နေပူကုန်းကျေးရွာ တောင်ငူမြို့နေသူဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပြီး ဇီးပင်သာအမြန်လမ်းရဲစခန်းသို့ လွှဲပြောင်းအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## မင်းလှမြို့နယ်၌ မလွန်-မင်းလှ ဘူတာအနီးတွင် မီးရထားတစ်စင်း လမ်းချော်မှုဖြစ်

**အထက်မင်းလှ စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်မှ မင်းလှမြို့နယ်သို့ မောင်းနှင်လာသည့် မီးရထားတစ်စင်းသည် ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်က မလွန်ကျေးရွာအနီး



မလွန်-မင်းလှ ရထားလမ်းမိုင်တိုင် (၃၂၇/၂၀) နှင့် (၃၂၇/၂၁) အကြား လမ်းချော်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သရက်မြို့နယ်မှ မင်းလှမြို့နယ်သို့ ဦးသက်နိုင် မောင်းနှင်ပြီး မီးရထားဝန်ထမ်း လေးဦးလိုက်ပါလျက် မင်းလှဘူတာနှင့် မလွန်ဘူတာအကြားရှိ ရထားလမ်းရေတိုက်စား၍ ချောက်ဖြစ်နေသောနေရာသို့ သံပေါင်တံတားတပ်ဆင်ရန် သွားရောက်ခဲ့ရာ မင်းလှမြို့နယ် မလွန်ကျေးရွာအနီး မလွန်-မင်းလှ ရထားလမ်းမိုင်တိုင် (၃၂၇/၂၀) နှင့် (၃၂၇/၂၁) အကြားတွင် သံပေါင်တင်သည့်ရထားတွဲမှာ သံလမ်းချော်သွားပြီး တွဲပေါ်ရှိ သံပေါင်များ အောက်သို့ပြုတ်ကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရထားတွဲချော်ကျမှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ရထားတွဲအားသံလမ်းပေါ်သို့ ပြန်လည်ရောက်ရှိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သဘာဝဘေးဒဏ်မှ ကာကွယ်ဖို့ သစ်တောများကို ထိန်းသိမ်းစို့**

## မြန်မာ့ရုပ်မြင်သံကြား

**၃-၉-၂၀၁၉ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၇:၃၅ ရာသီတုပ်ကွေးသံသယ ရောဂါလက္ခဏာများ

၇:၄၀ လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် “သာယာလှပဇင်းကျိုက် ရေတံခွန်အလှ”

၈:၃၅ စက်မှုဖွံ့ဖြိုးပြည့်အကျိုး “(အမှတ်(၃၆)အကြီးစား စက်ရုံ(ကျောက်ဆည်) (မှန်စက်ရုံ))”

၉:၁၅ ရာဇဝင်ထဲကသမိုင်း အနုပညာ “ရတနာပုံနန်းမြို့ မတည်မီကတည်းက တည်ရှိခဲ့သောဘုရားများ” (ရှင်မာလဲဘုရား)

၁၁:၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ “စရိုက်နှစ်မျိုးဖြင့် ပါဝင်သရုပ်ဆောင်သည်”

၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ “အိမ်ကြီးရှင်သခင်မ” အပိုင်း(၁၃)

၁၃:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ခန်းဆောင်နီအိပ်မက်” (၄)(ပေါင်းချုပ်ကို သတင်းမေးခြင်းအား ထိုက်ယုသဝန်တိုခြင်း)(၁)

၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “အေးအတူပူအမျှ” (အပိုင်း-၃၀)

**ညပိုင်း**

၁၆:၃၅ ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ “ချင်း(လိုင်ဇိုး)”

၁၈:၂၅ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (အဆိုတော်-နန့်ချစ်နဒီဇော်)

၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “ခန်းဆောင်နီအိပ်မက်” (၄)(ပေါင်းချုပ်ကို သတင်းမေးခြင်းအား ထိုက်ယုသဝန်တိုခြင်း)(၂)

၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

# ကျန်းမာရေးစရိတ် ဘယ်လိုမျှပေးကြမလဲ

ဒေါက်တာဖုန်းမြင့်(ကျန်းမာရေးစီမံကိန်း)

စရိတ်မျှပေးကျန်းမာရေး ဆိုသောစကား တစ်ချိန်တစ်ခါက ခေတ်စားခဲ့ပါသည်။ ကျန်းမာရေးဝန်ထမ်းများရော ပြည်သူလူထုအတွက်ပါ အကောင်း၊ အဆိုး၊ အချို၊ အခါး ရောပြွမ်းသော အတွေ့အကြုံများ ရရှိခဲ့ပါသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်မှ စျေးကွက်စီးပွားရေးစနစ်သို့အကူးတိုင်းပြည်စီးပွားရေးကလည်း ရုန်းကန်နေရဆဲအချိန် တိုးမြင့်လာသည့် ကျန်းမာရေးအသုံးစရိတ်များကို ကျခံနိုင်ရေး အခက်အခဲဖြစ်လာပါသည်။

**စရိတ်မျှပေး ကျန်းမာရေး**

ထိုစဉ် တာဝန်ရှိပုဂ္ဂိုလ်၏ နိုင်ငံတော်က ဆေးရုံ၊ ဆေးခန်းတွေ ဆောက်ပေးထားပြီးပြီ၊ ဝန်ထမ်းတွေလည်း ခန့်ထားပေးပြီးပြီ၊ ပြည်သူတွေလည်း ကျန်းမာရေးစရိတ်အတွက် မျှခံသင့်တယ်ဟု သဘောသက်ရောက်သည့် လမ်းညွှန်ချက်အပေါ်အခြေခံကာ စရိတ်မျှပေး ကျန်းမာရေးစနစ် ၁၉၉၀ ပြည့်လွန်နှစ်များတွင် စတင်ပေါ်ပေါက်လာပါသည်။ စရိတ်မျှပေးမှုကြောင့် နိုင်ငံတော်အနေဖြင့် တစ်ဖက်တစ်လမ်းမှ အသက်ရှူချောင်နိုင်မည်ဖြစ်သော်လည်း ထင်ရှားသည့်ဆိုးကျိုးတစ်ခုမှာ အိမ်ထောင်စုများအနေဖြင့် ဆေးဝါးကုသမှုခံယူရန်အတွက် ကိုယ်ပိုင်စိုက်ထုတ်ပေးရငွေ (out of pocket spending for health) မြင့်တက်လာခြင်းပင်ဖြစ်ကာ စုစုပေါင်း အမျိုးသားကျန်းမာရေးအသုံးစရိတ် (National Health Expenditure) ၏ ၈၀ ရာခိုင်နှုန်းကျော်အထိ များပြားလာခြင်းပင်။ ဆိုလိုသည်မှာ တစ်မျိုးသားလုံး ကျန်းမာရေးအသုံးစရိတ် ၁၀၀ ရှိတိုင်း အိမ်ထောင်စုများ အိတ်စိုက်သုံးရငွေမှာ ၈၀ ကျော်ရှိပြီး အစိုးရ၏ ကျခံမှုက ၁၀ ကျော်သာရှိခြင်းပင် ဖြစ်ပါသည်။

သို့ဖြင့် ရောဂါသည်ဖြစ်ချိန်ကျမှ အိတ်စိုက်သုံးရသဖြင့် အချို့ငွေကြေးမတတ်နိုင်သဖြင့် လိုအပ်လျက်နှင့် ကုသမှုခံယူနိုင်စွမ်းမရှိ၍ ရောဂါပိုဆိုး သေဆုံးရခြင်း၊ ငွေကြေးကို တစ်ဖက်တစ်လမ်းမှ ရှာဖွေနိုင်သူတချို့လည်း ကုသမှုစရိတ်ထောင်းသဖြင့် စီးပွားရေးထိခိုက် ဆင်းရဲတွင်းထဲ ထိုးကျသွားခြင်းတို့ ဖြစ်ခဲ့ရပါသည်။

ဒီမိုကရေစီအပြောင်းအလဲ ခေတ်ဦးကာလရောက်ရှိသည့်အခါ ပြည်သူသို့ ရှေးရှုစဉ်းစားပေးသည့် အလေ့အထများ စတင်ပေါ်ပေါက်လာကာ နိုင်ငံတော်အစိုးရကကျန်းမာရေးအသုံးစရိတ်ကို တိုးမြှင့်ကျခံပေးပြီး စရိတ်မျှပေးရခြင်းကို လုံးဝနီးပါးလျှော့ခဲ့သဖြင့် ဆေးကုသစရိတ်အတွက် အိမ်ထောင်စုများ အိတ်စိုက်သုံးစွဲရမှု သိသာစွာကျဆင်းလာသော်လည်း ကျေနပ်ဖွယ်အတိုင်းအတာအထိ မရောက်သေးပါ။ နိုင်ငံတော်က အခမဲ့ဆေးဝါးကုသမှုပေးနေပါသည်ဆိုခြင်းမှာ အပေါ်ယံအမြင်ဖြင့် ကောင်းသယောင်ထင်ရသော်လည်း လက်တွေ့ကျကျကြည့်ပါက နည်းလမ်းကျသည့်ကိစ္စမဟုတ်ပါ။

**ဘယ်လိုစရိတ်မျှပေးကြမလဲ**

ဆိုခဲ့ပြီးသည့်အတိုင်း အခမဲ့ဆေးဝါးကုသမှုပေးမည်ဆိုပါက ဆေးရုံ၊ ဆေးခန်း လက်လှမ်းမီသည့်အရပ်တွင်နေထိုင်သူ အထူးသဖြင့် မြို့နေလူထုအတွက် တစ်ပန်းသာသော်လည်း ဆေးရုံ၊ ဆေးခန်းများနှင့် အလှမ်းမမီသည့်ကျေးလက်နေလူထုအတွက် တရားမျှတမှု မရှိပါ။ တိုးမြင့်လာမည့် ကျန်းမာရေးအသုံးစရိတ်များအတွက် နိုင်ငံတော်က ရေရှည်ကျခံနိုင်ရန်မလွယ်ပါ။ စရိတ်မျှပေးမှုကတော့ လိုအပ်နေဦးမည်သာ ဖြစ်ပါသည်။ အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည့် စရိတ်မျှပေးအစီအစဉ်သည် ငွေကြေးတတ်နိုင်သူများအတွက်သာ ရည်ရွယ်ပြီး နွမ်းပါးသူများကို အခမဲ့စောင့်ရှောက်ပေးရန် ဖြစ်ခဲ့သော်လည်း လက်တွေ့တွင် ရည်မှန်းချက် မပေါက်ရောက်ခဲ့ပါ။ အမှန်ဖြစ်သင့်သည်မှာ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သည့်အချိန်၊ တစ်နည်းအားဖြင့် နာမကျန်းဖြစ်ချိန်ကျမှ စရိတ်မျှပေးခြင်းအစား နိုင်ငံတော်စီမံခန့်ခွဲမှုဖြင့် ကြိုတင်ထည့်ဝင်ငွေအဖြစ် ကျခံ၊ မျှခံစေရန် ဖြစ်ပါသည်။

အိမ်ထောင်စုများအနေဖြင့် ငွေကြေးကြိုတင်ထည့်ဝင်ထားခြင်းဖြင့် စရိတ်မျှခံနိုင်ရန် နည်းလမ်းနှစ်သွယ်ရှိပါသည်။ ကမ္ဘာ့နိုင်ငံကြီးများတွင်လည်း အလားတူကျင့်သုံးလျက်ရှိပါသည်။ ပထမနည်းလမ်းမှာ နိုင်ငံတော်အခွန်ဘဏ္ဍာသို့ မိမိတို့ပေးသင့်သည့်အခွန်ကို တာဝန်ကျေစွာ ပေးချေခြင်းမှတစ်ဆင့် ဖြစ်ပါသည်။ သာဓကအားဖြင့် အင်္ဂလန်ကဲ့သို့နိုင်ငံမျိုးတွင် ကျန်းမာရေးအသုံးစရိတ်ကို အစိုးရအခွန်ဘဏ္ဍာငွေမှ ကျခံခြင်းဖြစ်ကာ National Health Service (NHS) အဖြစ် လူသိများကြပါသည်။ ဒုတိယနည်းလမ်းမှာ ဝင်ငွေအပေါ်အခြေခံကာ သတ်မှတ်ထားသည့် ထည့်ဝင်ငွေကို တာဝန်ခံဆောင်ရွက်မည့်အဖွဲ့အစည်းသို့ ထည့်ဝင်ခြင်းဖြစ်ပါသည်။ မဖြစ်မနေထည့်ဝင်ရမည်ဖြစ်ပြီး ထိုသို့ထည့်ဝင်ရေးအတွက် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းရပါသည်။ ဂျာမနီနိုင်ငံက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး Social Health Insurance အဖြစ် အသိများကြပါသည်။

နည်းလမ်းနှစ်မျိုးစလုံးတွင် အားသာချက်၊ အားနည်းချက်များ ရှိကြပါသည်။ မိမိတို့နိုင်ငံ၏ စီးပွားရေးအဆင့်၊ နိုင်ငံရေးနောက်ခံနှင့် ယဉ်ကျေးမှုဓလေ့စရိုက်နှင့် လျော်ညီမှုရှိအောင် ညှိနှိုင်းပြင်ဆင် အကောင်အထည်ဖော်ကြရသည်ဖြစ်ရာ အချို့နိုင်ငံများတွင် နည်းလမ်းနှစ်မျိုးစလုံးကို တွဲဖက်အကောင်အထည်ဖော်မှုများလည်း ရှိပါသည်။

အဓိကကောင်းမွန်သည့်အချက်မှာ ငွေကြေးကို ကြိုတင်ထည့်ဝင်ပေးထားပြီးဖြစ်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်လာသည့်အခါ ငွေကြေးမတတ်နိုင်သဖြင့် စောင့်ရှောက်မှုမခံယူနိုင်သည့်အခြေအနေကို ရှောင်လွှဲနိုင်ခြင်းဖြစ်ပါသည်။ နည်းလမ်းစနစ် အမျိုးအစားအလိုက် အခွန် သို့မဟုတ် ထည့်ဝင်ငွေကို သတ်မှတ်ရာတွင် ဝင်ငွေ သို့မဟုတ် ငွေကြေးတတ်နိုင်ခြေအပေါ် အခြေခံသတ်မှတ်သည်ဖြစ်ရာ သဘောတရားအရ ကျန်းမာရေးအသုံးစရိတ်အတွက် ပြည်သူတွင်း အချင်းချင်းမျှခံပေးကြသည့် သဘောဖြစ်ပါသည်။

ကျန်းမာသူက မကျန်းမာသူအတွက်၊ တတ်နိုင်သူက မတတ်နိုင်သူအတွက် ကျန်းမာရေးစရိတ် ထောက်ကူမျှခံပေးသည့် သဘောဖြစ်ပါသည်။ စရိတ်မျှပေး ကျန်းမာရေးစနစ် အကောင်အထည်ဖော်ခဲ့စဉ်က အိမ်ထောင်စုများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူရာတွင် "လိုအပ်သလောက်ယူ ကျသင့်သမျှပေး" သဘောတရားဖြစ်ရာ ငွေကြေးတတ်နိုင်မှ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်မည့်သဘော ဖြစ်ပါသည်။ ကြိုတင်ထည့်ဝင်ငွေစနစ်ဖြင့် စရိတ်မျှခံသည့်အခါ "လိုအပ်သလောက်ယူ၊ တတ်နိုင်သလောက်ပေး" သဘောသက်ရောက်ပါသည်။ ကျန်းမာရေးအသုံးစရိတ်ဆိုင်ရာ ဘဏ္ဍာငွေစီမံခန့်ခွဲခြင်း၏အဓိကရည်ရွယ်ချက်မှာ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုခံယူရာတွင် ငွေကြေးဆိုင်ရာ အခက်အခဲများမှ ကာကွယ်ပေးနိုင်ရန်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ငွေကြေးမတတ်နိုင်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှု မခံယူရခြင်းမရှိစေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ငွေကြေးကုန်ကျမှုကြောင့် အိမ်ထောင်စုများ စီးပွားရေးအခက်တွေ့ ဆင်းရဲဒုက္ခမရောက်ရစေရေးပင် ဖြစ်ပါသည်။ မည်သည့်နည်းလမ်း ကောင်းမွန်သည်၊ အသုံးချသင့်သည်ဆိုခြင်းမှာ သက်ဆိုင်ရာမူဝါဒ ချမှတ်သူများနှင့် ပညာရှင်များ၏အရာဖြစ်သဖြင့် အကျယ်မရေးတော့ပါ။

**သူ့ချည်းသာလော**

ကျန်းမာရေးအသုံးစရိတ် ရှာဖွေခြင်းနည်းလမ်းဖြစ်သော်လည်း လက်တွေ့အကောင်အထည်ဖော်သည့်အခါ အခြားလိုအပ်ချက်များကို တစ်ပါတည်း ထည့်သွင်းစဉ်းစား ကြိုတင်စီမံထားရန်လည်း လိုအပ်ပါသည်။ တစ်သီးတခြား စီမံအကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက အခက်အခဲများကြုံတွေ့နိုင်ပြီး ငွေကြေးထည့်ဝင်သူ ပြည်သူများ၏ ရပိုင်ခွင့်များကို အပြည့်အဝ ပြန်လည်ပေးဆောင်နိုင်မည်မဟုတ်ပါ။ ပြည်သူလူထု၏ ယုံကြည်မှု လျော့ပါးသွားတတ်ပါသည်။

ကောက်ခံရရှိထားသည့် ငွေကြေးပမာဏနှင့် လျော်ညီစွာ ပြန်လည်ပေးနိုင်မည့် စောင့်ရှောက်မှုအမျိုးအစား အတိုင်းအတာပမာဏကို ကြိုတင်သတ်မှတ်အသိပေးထားရမည်။ ထိုသတ်မှတ်ထားသည့်စောင့်ရှောက်မှု အမျိုးအစားအလိုက် စံကိုက်ကုထုံးလည်း သတ်မှတ်ပြီး လိုက်နာစေရပါမည်။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းကုထုံးများဖြင့် စခန်းသွားမရပါ။ ထိုနည်းတူ စောင့်ရှောက်မှုပေးမည့်သူ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါသည်။ ထိုသူတို့အတွက် မှန်ကန်သောမက်လုံးပေးနိုင်သည့် ငွေပေးချေမှုစနစ်လည်းရှိရပါမည်။ ပုဂ္ဂလိကကဏ္ဍရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများ၏ ပါဝင်မှုကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ စည်းကမ်းနည်းလမ်းတကျဖြစ်စေရေးအတွက် ထိန်းသိမ်းကွပ်ကဲမှုဘောင်လည်းရှိရပါမည်။ ငွေကြေးကို စနစ်တကျ လေလွင့်မှုမရှိ၊ အလွဲသုံးစားမှုမရှိ သုံးစွဲနိုင်အောင် စောင့်ကြပ်ကြည့်ရှုနိုင်ရေးနှင့် လူနာအများ၏ မှတ်တမ်းမှတ်ရာကိစ္စများကို အထောက်အကူပြုမည့် သတင်းစနစ်ရှိရပါမည်။

အချုပ်အားဖြင့်ဆိုရသော် ကျန်းမာရေးအသုံးစရိတ် ရှာဖွေသုံးစွဲစီမံခန့်ခွဲခြင်းသည် ကျန်းမာရေးစနစ်တစ်ခုလုံး၏ အစိတ်အပိုင်း တစ်ရပ်သာဖြစ်ကာ ကျန်အစိတ်အပိုင်းများနှင့်လည်း အပြန်အလှန်အကျိုးသက်ရောက်မှု ရှိသည်ဖြစ်ရာ ကောင်းမွန်ထိရောက်မှုရှိသော ကျန်းမာရေးအသုံးစရိတ်ဆိုင်ရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးစနစ်တစ်ခုလုံး၏ ကျန်အစိတ်အပိုင်းများကို လျစ်လျူရှုပြီး တစ်သီးတခြား ဆောင်ရွက်ပါက ကောင်းကျိုးထက် ဆိုးကျိုးက များပါမည်။ သို့ဖြစ်ပါ၍ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် တွေးတောဆင်ခြင်ပြီး ကျန်းမာရေးအသုံးစရိတ်စနစ် အောင်မြင်ထိရောက်စေရေးအတွက် အခြားကြိုတင်ဖြည့်ဆည်းဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း စူးစမ်းဖော်ထုတ်ကာ တွဲဖက်ညီ ဟန်ချက်ညီ လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ ဆန္ဒစောပြီး အလောတကြီး ဖုတ်ပူမီးတိုက် ဆောင်ရွက်မည့်အစား လိုအပ်သည့်အချိန်အတိုင်းအတာတစ်ခုကိုယူကာ စနစ်တကျ ဆောင်ရွက်သွားနိုင်ပါမှ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှုခံယူရာတွင် ငွေကြေးဆိုင်ရာ အခက်အခဲ များမှ ကာကွယ်ပေးနိုင်ရန် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ငွေကြေးမတတ်နိုင်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှု မခံယူရခြင်း မရှိစေရန်နှင့် ကျန်းမာရေးစောင့် ရှောက်မှု အတွက် ငွေကြေးကုန်ကျမှု ကြောင့် အိမ်ထောင်စုများ စီးပွားရေးအခက်တွေ့ ဆင်းရဲ ဒုက္ခမရောက်ရစေရေးပင် ဖြစ်**

# ရန်ကုန်စည်ပင်တွင် အွန်လိုင်းမှ ငွေကြေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ပြီ

**ရန်ကုန် စက်တင်ဘာ ၂**

အွန်လိုင်းမှ ငွေကြေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်းကို ယခုလဆန်းတွင် စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သတင်းအချက်အလက်များရယူနိုင်မှုအတွက် သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ပြောသည်။

"ဒီလဆန်းကစပြီး အွန်လိုင်းမှ ငွေကြေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်းနဲ့ပတ်သက်ပြီး သာမန်ရငွေ၊ ငွေလုံးရငွေ ကြွေးမြီရငွေအကုန်လုံးအွန်လိုင်းစနစ်ကို စတင်ပြောင်းလဲကျင့်သုံးနေပြီဆိုတာလည်း ပြောချင်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့အနေနဲ့ ဘဏ်ရငွေစာရင်းနဲ့ ပတ်သက်တဲ့ ပုံစံ ၄၅ ၇ တို့၊ ပုံစံ ၄၅ ၉ တို့ဆိုတာ သီးခြား ထပ်ပြီးတော့ ရေးသွင်းရခြင်းမရှိဘဲနဲ့ ကွန်ပျူတာကနေထုတ်လို့ရတဲ့ အခြေ အနေရှိပါတယ်" ဟု အတွင်းရေးမှူးက ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် e-governance ကို လွန်ခဲ့သည့်ငါးနှစ်ခန့်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ Application ၄၀ နီးပါး ထပ်မံရေးဆွဲထားပြီး စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်နေသည့် Application သုံးခုရှိပြီး ရေးဆွဲနေဆဲ Mobile Application ငါးခုရှိကြောင်း သိရသည်။

"Application အခု ၄၀ မှာ လက်ဗွေတွေပါသလို အမိုက်ကားတွေကို ဂျီပီအက်စ်တပ်ပြီးတော့ ဘယ်ကိုသွားလဲ၊ ဘယ်လောက်နားလဲဆိုတဲ့ကိစ္စတွေကို ထိန်းချုပ်တဲ့စနစ်တွေလည်းပါပါတယ်။ လိုင်စင်တွေ ပါပါတယ်။ အားလုံးပေါင်း Application ၄၀ လောက်ရှိပါတယ်" ဟု အတွင်းရေးမှူးက ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် e-governance ဆုရရှိခဲ့ပြီး ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်**

ကြေးမုံ
စက်တင်ဘာ ၃၊ ၂၀၁၉



## ကချင်ပြည်နယ်တွင် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၂**
မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲများကို ကျောင်းဝင်းအတွင်းရှိ ရွှေသွေးခန်းမ သရဖီဆောင်တို့တွင် မြစ်ကြီးနားခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက လူကုန်ကူးမှုအန္တရာယ်ဝိုင်းဝန်းပူးပေါင်းတို့ကာကွယ် ခေါင်းစဉ်ဖြင့် ပြိုင်ပွဲအမျိုးအစားများအလိုက် ပါဝင်ယှဉ်ပြိုင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်းနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများကို အလယ်တန်းနှင့် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ၁၂၀၊ ကာတွန်းပြိုင်ပွဲတွင် ၃၃ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၂၈ ဦး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ၂၀၉ ဦးတို့ဖြင့် စုစုပေါင်း ၃၉၀ တို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် အလားတူ ပြည်နယ်အတွင်းရှိ မိုးညှင်းခရိုင်အတွင်း မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်မြို့နယ်တို့တွင် ပြိုင်ပွဲအားလုံး၌ ဝင်ရောက်ယှဉ်ပြိုင်သူ ၅၉၉ ဦး၊ ဗန်းမော်ခရိုင်တွင် ၁၂၄ ဦးနှင့် ပူတာအိုခရိုင်တွင် ၁၈၆ ဦး တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲများအလိုက် ဆုရကျောင်းသား ကျောင်းသူများအား စက်တင်ဘာ ၁၃ ရက်တွင် မြစ်ကြီးနားမြို့၌ ကျင်းပမည့် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ကလေးအလုပ်သမားပပျောက်ရေးအစည်းအဝေး ချင်းပြည်နယ်တွင်ကျင်းပ

**ဟားခါး စက်တင်ဘာ ၂**
ချင်းပြည်နယ် ကလေးသူငယ်အလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီခွဲက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ် ကလေးသူငယ်အလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနာယက၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က လူမှုစီးပွားရေးဘဝ ကျပ်တည်းမှုကြောင့် ကလေးလူငယ်လူရွယ်များသည် ပညာရေးဆုံးခန်းတိုင်မသင်ကြားနိုင်ဘဲ ကလေးအလုပ်သမားအဖြစ်အသုံးချခံနေရပါကြောင်း၊ ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးအတွက် အိမ်ထောင်ဦးစီးနှင့် မိသားစုဝင်များကို အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်းနှင့် အန္တရာယ်ရှိသောလုပ်ငန်းခွင်များတွင် ကလေးများ ဝင်ရောက်လုပ်ကိုင်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် ကလေးသူငယ်အလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဖွေအားက ဆပ်ကော်မတီများဖွဲ့စည်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ကလေးသူငယ်အလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တက်ရောက်လာကြသည့် ဆပ်ကော်မတီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မွန်ပြည်နယ်ရှိ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်

**မော်လမြိုင် စက်တင်ဘာ ၂**
မွန်ပြည်နယ်အတွင်း ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး အောင်ချက်ပထမရရှိပြီး ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ကျောင်းများ၊ ဆရာ ဆရာမများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မိမိတို့ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကမှာ ပညာရေးစနစ်ဖြစ်ကြောင်း၊ ဆရာ ဆရာမများမှာ အဓိကကျသည့် လက်ဦးဆရာများဖြစ်သောကြောင့် ကျောင်းသားကျောင်းသူများ၏ ဘဝတိုးတက်အောင်မြင်ရေးလမ်းကြောင်းများကို ကြိုးစားရှာဖွေဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း၊ ယနေ့ကာလသည် ပညာခေတ်ဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားနေကြသလို မိမိတို့နိုင်ငံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်မြင့်မားရေး၊ နည်းပညာတိုးတက်မြင့်မားရေး၊ စွန့်ဦးတီထွင်မှုများဆောင်ရွက်နိုင်ရေးကို ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်မှလည်း ပံ့ပိုးကူညီပေးမှုများကို မြှင့်တင်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်က ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထူးချွန်ဆုရရှိကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်သည် အောင်ချက် ၃၇ ဒသမ ၅၄ ရာခိုင်နှုန်းဖြင့် အောင်ချက်ပထမဆုရရှိခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝေါမြို့နယ်နှင့် ပဲခူးမြို့နယ်အတွင်းရှိ ပြည်သူများနှင့်တွေ့ဆုံ

**ပဲခူး စက်တင်ဘာ ၂**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့်အတူ ဝေါမြို့နယ် တနော်ကျွန်းကျေးရွာ အုန်းတော်ကျောင်းတိုက်ဓမ္မာရုံနှင့် ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဝမ်းဘဲအင်းကျေးရွာ ကံမြင့်ခေမာသီဝံကျောင်းတိုက်ဓမ္မာရုံတို့တွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးရွာများတွင် မီးလင်းရေးပြဿနာများ၊ မြေယာပြဿနာများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဒေသခံပြည်သူများ၏ အခက်အခဲပြဿနာများ ဖြေရှင်းပေးရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ဒေသခံများကလည်း ပွင့်လင်းမြင်သာစွာ တင်ပြပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက မိမိတို့ကျေးရွာအလိုက် ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ဆက်သွယ်သွားလာရေးကောင်းမွန်စေရန် လမ်း၊ တံတားဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးအတွက်လိုအပ်နေသည့်ကိစ္စရပ်၊ မြေယာဆိုင်ရာကိစ္စရပ်များ၊ တရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ ကျေးလက်မီးလင်းရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခဲ့သည်။

တွေ့ဆုံပွဲများအပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်သူများ၏ တင်ပြချက်များအရ အမှန်တကယ်အခက်တွေ့နေသည့်နေရာများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## ကျုံပျော်နှင့် ရေကြည်မြို့နယ်အတွင်းရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစပါးစိုက်ခင်းများ ကြည့်ရှု

**ပုသိမ် စက်တင်ဘာ ၂**
ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ကျုံပျော်မြို့နယ်နှင့် ရေကြည်မြို့နယ်တို့အတွင်း စပါးစိုက်ပျိုးထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုသည်။

ကျုံပျော်မြို့နယ် ပျဉ်ချဆိပ်ကျေးရွာတွင် တောင်သူ ၄၃ ဦးတို့၏ လယ်မြေ ၃၁၆ ဒသမ ၀၀ ဧကနှင့် ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာတွင် တောင်သူလေးဦးတို့၏ လယ်မြေလေးဧကတို့တွင် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ ထူထောင်၍ သက်လျင်၊ သက်လတ် စပါးမျိုးများ မျိုးယှဉ်ပြိုင်စိုက်ပျိုးထားရှိမှု၊ စပါးခွံမြေဆွေးထည့်သွင်းစမ်းသပ်စိုက်ပျိုးထားရှိမှု၊ သစ်စိမ်းမြေဩဇာထည့်သွင်းစမ်းသပ်စိုက်ပျိုးထားရှိမှု၊ ထုံးစမ်းသပ်ထည့်သွင်းစိုက်ပျိုးထားရှိမှု၊ SRI စနစ်၊ ပေါင်ပျိုးစနစ်၊ ကြဲခင်းစနစ်၊ Seeder စနစ်စသော စိုက်နည်းစနစ်လေးမျိုး စိုက်ပျိုးမှုအပင်အထွက်နှုန်းကွာခြားမှုကို တောင်သူများနိုင်းယှဉ်သိရှိနိုင်ရန် စိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်မှန်ကန်၍ စပါးအထွက်နှုန်းတိုးတက်လာစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။



**မောင်မောင်မြင့်(ပြန်/ဆက်)**

## အခြေခံမြားပစ်သင်တန်း ဖွင့်ပွဲအခမ်းအနား မန္တလေးတွင်ကျင်းပ



**မန္တလေး စက်တင်ဘာ ၂**

အခြေခံမြားပစ်သင်တန်း (၁/၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ ဆုထူးပန်သက်မွေးပညာသင်ကျောင်းတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး ကျော်ကျော်မင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက မြားပစ်သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်ကြသူများက အား/ကာသိပ္ပံမှ မြားပစ်သင်တန်းသား သင်တန်းသူများ၏ မြားပစ်အားကစားနည်း သရုပ်ပြတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

သင်တန်းကို စက်တင်ဘာ ၅ ရက်အထိ ဆုထူးပန်သက်မွေးပညာသင်ကျောင်း၌ သင်တန်းဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

## ကျောင်းပေါင်းစုံအေရိုးဗစ်ပြိုင်ပွဲနှင့် Myanmar Physical Fitness Dance ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ



**ကော့သောင်း စက်တင်ဘာ ၂**

မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကျောင်းပေါင်းစုံအေရိုးဗစ်ပြိုင်ပွဲနှင့် Myanmar Physical Fitness Dance ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ကြက်တောင်အားကစားခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ကော့သောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများရှိ အခြေခံပညာကျောင်း ၁၃ကျောင်းမှ အေရိုးဗစ်ပြိုင်ပွဲဝင်အသင်း ၁၃ သင်းနှင့် Myanmar Physical Fitness Dance ပြိုင်ပွဲအသင်း ၁၃ သင်းတို့သည် ဩဂုတ် ၃၁ ရက်မှစတင်ကာ ပြိုင်ပွဲဝင်ခဲ့ကြပြီး စက်တင်ဘာ ၁ ရက်တွင် ပြိုင်ပွဲနှစ်ရပ်လုံး ဗိုလ်လုပွဲများကို ဆက်လက်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲနှစ်ရပ်လုံးတွင် ပထမဆုအဖြစ် အလက(ခွဲ) ရွှေဇင်ယော်(၁)ကျောင်းက ဆွတ်ခူးရရှိခဲ့သည်။

ကော့သောင်းမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်း၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲနှစ်ရပ်စလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် အသင်းများကို လည်ဆွဲဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



## ရှမ်းပြည်နယ်တစ်ခွင်ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကျင်းပ

**မောက်မယ် စက်တင်ဘာ ၂**

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် နမ့်ယွမ်းခန်းမရှေ့ ဗိုလ်ချုပ်အောင်ဆန်းလမ်း၌ စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီက ကျင်းပသည်။

မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်အောက်ပြိုင်ပွဲဝင် ကျား/မ အဖွဲ့အား မြို့ဦးဆိုင်းဘုတ်အထိနှင့် ၁၂ နှစ်အထက် ပြိုင်ပွဲဝင်ကျား/မအဖွဲ့အား မိုးနဲ-မောက်မယ်လမ်း မိုင်းယွန်းကျေးရွာထိပ်အထိ စုစုပေါင်း ၄၅၄ ဦးတို့အား အဖွဲ့လိုက်နမ့်ယွမ်းခန်းမရှေ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ စတင်တာလွှတ်၍ ထိုမှတစ်ဆင့် နမ့်ယွမ်းခန်းမရှေ့တွင် ပန်းဝင်ခဲ့သည်။ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို မြို့နယ်အားကစားကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **စိုင်းမျိုးသန့် (မောက်မယ်)**

## သီးနှံအထွက်နှုန်းတိုးတက်စေရေး စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်များပညာပေး

**တာလေ စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက တာလေမြို့ရန်အောင်ကျေးရွာတွင် ဒေသခံတောင်သူများအား သီးနှံအထွက်နှုန်းတိုးတက်စေရေး စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်များ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှဝင်းက သီးနှံအထွက်နှုန်းတိုးတက်စေရေး၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးခင်မောင်ထူးက စပါးသီးနှံများတွင် ကျရောက်တတ်သည့် ပိုးမွှားများနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ လက်ထောက်ဦးစီးမှူး ဒေါ်မေရီထွန်းက ပိုးသတ်ဆေး စနစ်တကျ ကိုင်တွယ်သုံးစွဲနည်းများကို အသီးသီးဟောပြောသည်။

ယင်းနောက် တက်ရောက်လာသည့် ဒေသခံတောင်သူများက စိုက်ပျိုးရေးဆိုင်ရာသိရှိလိုသည်များကို မေးမြန်းရာ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပြန်လည်ဖြေကြားသည်။

အဆိုပါဟောပြောပွဲသို့ တောင်သူ ၁၀၀ ကျော် တက်ရောက်ရာ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့်အတူ အပင်အားတိုးဆေးများ၊ လက်ရှိပိုးကျရောက်နေသည့် စိုက်ခင်းများတွင် အသုံးပြုရန် Formectin ပိုးသတ်ဆေးများကို အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## သတင်းလမ်းညွှန်

သန်းဇော်မင်း (ပြန်/ဆက်) စုစည်းတင်ပြသည်။

### အခွန်ဆိုင်ရာအသိပညာနှင့်ဈေးကွက်ပြိုင်ဆိုင်မှုပညာပေး

မန္တလေးတိုင်းဒေသကြီး မိုဘိုင်းလုပ်ငန်းရှင်များအသင်း၏ သင်းလုံးကျွတ်အစည်းအဝေးနှင့် အခွန်ဆိုင်ရာအသိပညာနှင့်ဈေးကွက်ပြိုင်ဆိုင်မှု ပညာပေးဟောပြောပွဲကို မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမ၌ စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အနုပညာရှင်ပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရေဘေးသင့်ပြည်သူများအတွက် အနုပညာရှင်ပေါင်းစုံ လေးသင်းပတ်လည် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်းတွင် စက်တင်ဘာ ၇ ရက်နှင့် ၈ ရက် ညနေ ၃ နာရီမှ စတင်ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် Movie FC၊ Music FC၊ Forever FC နှင့် Model FC အသင်းတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

### ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲကျင်းပမည်

ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားရုံတွင် စက်တင်ဘာ ၉ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### နိုင်ငံတကာခရီးသွားဝန်ဆောင်မှုပြပွဲ ကျင်းပမည်

နိုင်ငံတကာခရီးသွားဝန်ဆောင်မှုပြပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း၊ သဇင်လမ်းနှင့် ငုဝါလမ်းကြားရှိ မင်္ဂလာမန္တလေး၌ စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### Creating Business Value Through Effective Marketing အခမဲ့ဟောပြောပွဲကျင်းပမည်

Creating Business ValueThrough Effective Marketing အခမဲ့ဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းရှိ ရတနာပုံစူပါစင်တာ သုံးလွှာ၌ စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရပြီး ဈေးကွက်ချဲ့ထွင်ရေးနှင့်ပတ်သက်သော အခြေခံလိုအပ်ချက်များ ဟောပြောဆွေးနွေးသွားမည်ဖြစ်ကာ မည်သူမဆို အခမဲ့တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

### ဆီးချိုရောဂါ လူထုပညာပေးဟောပြောပွဲ ကျင်းပမည်

ဆီးချိုရောဂါ လူထုပညာပေးဟောပြောပွဲကို မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### လူထုအသိပညာပေးပြပွဲ ကျင်းပမည်

အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်ဆိုင်ရာ လူထုအသိပညာပေးပြပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် စက်တင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁ ရက်တွင် ဂန့်ဂေါမြို့နယ် စိုင်ဒူးကျေးရွာ အလက၌ ပြုလုပ်ရာ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်က မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ ဂန့်ဂေါမြို့မ ဒု-ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ထွန်းထွန်းဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဟောပြော၍ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **ကျော်သန်းဆွေ(ဂန့်ဂေါ)**

## စာပေရေးရာစာတမ်းများ လှူဒါန်း



**မန္တလေး စက်တင်ဘာ ၂**

မန္တလေး အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ စာပေရေးရာ(ကဗျာ)၊ စာပေရေးရာ(ကာတွန်း) စာတမ်းများကို ဗလငါးတန်စာကြည့်တိုက် ကလေးငယ်များ မျှဝေခံစားသိရှိစေရန် လှူဒါန်းခြင်းကို စက်တင်ဘာ ၁ ရက်က အမရဌာနီအနောက် ဗလငါးတန်စာကြည့်တိုက်၌ ပြုလုပ်သည်။

အဆိုပါ စာတမ်းပေးအပ်လှူဒါန်းခြင်းသို့ မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ ဦးထွန်းလှအောင် (မိုးဇော်အောင်)၊ မန္တလေးစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမောင်တင့်နှင့် ကော်မတီဝင်များ၊ စာတမ်းအလှူရှင် မြောက်ပြင်တော်က ကိုရွှေမော်၊ ယောမင်းကြီး မောင်မြဝေနှင့် စာကြည့်တိုက်တွင် စာဖတ်နေသော ကလေးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။ ထို့နောက်စာတမ်းရှင်များက စာကြည့်တိုက်ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းရာ လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် စာကြည့်တိုက်ဥက္ကဋ္ဌနှင့် အမှုဆောင်များက စာကြည့်တိုက်တွင် စာဖတ်နေသော အသင်းဝင်ကလေးငယ်များကို စာပေရေးရာ(ကဗျာ)၊ စာပေရေးရာ(ကာတွန်း) စာတမ်းများကို မျှဝေခံစားသိရှိလာစေရန် ပြန်လည်ဝေငှပေးခဲ့ကြောင်း သိရသည်။ **ဟိန်းတေဇထွန်း(မန္တလေး)**

## လူငယ်နှင့်အနာဂတ်ခေါင်းစဉ်ဖြင့် စကားဝိုင်းကျင်းပ

**လက်ပံတန်း စက်တင်ဘာ ၂**

လူငယ်နှင့်အနာဂတ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို လက်ပံတန်းမြို့နယ် ၂ လမ်း ခန်းမ၌ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင့်နန္ဒာဌေးက စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ "လူငယ်နှင့် အနာဂတ် ပြည်သူ့စကားဝိုင်းကိုပြုလုပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်အေးသန်းက 'လူငယ်နှင့်ပညာရေး'၊ မြို့နယ် အားကစားမှူး ဦးဇော်ရဲလှိုင်က 'လူငယ်နှင့် အားကစား'၊ စာရေးဆရာ အကြည်တော်က 'လူငယ်နှင့်အနာဂတ်'၊ စာရေးဆရာ မြင့်သိန်း-ရွှေတောင် (Book Club) ဥက္ကဋ္ဌက 'လူငယ်နှင့်ကိုယ်ကျင့်တရား' စသည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။

**မောင်ရွှေဝင်း (ပြည်)**

## အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

**ကျောင်းကုန်း စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ဆုတောင်းပြည့်ကျောင်းတိုက်တွင် (၉)ကြိမ်မြောက် ၂၄ နာရီ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၇ နာရီက ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပခြင်းဖြစ်ကြောင်း၊ မြို့ပေါ်နှင့် စခန်းနယ်မြေအလိုက် စုစုပေါင်း ခုနစ်နေရာတွင်ကျင်းပခဲ့ကြောင်း ပြောကြားသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## နောင်ကြီးအိုင်တိုက်နယ်ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**အရာတော် စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် နောင်ကြီးအိုင်တိုက်နယ်ဆေးရုံသို့ Helping Hands အဖွဲ့သားများက ဆေးရုံသုံးပစ္စည်းများလှူဒါန်းမှုကို စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် နောင်ကြီးအိုင်တိုက်နယ်ဆေးရုံ၌ ကျင်းပသည်။

Helping Hands အဖွဲ့သားများက အောက်ဆီဂျင်အိုး သုံးလုံး၊ ဝှီးချဲ တစ်ခု၊ အပူတိုင်းကိရိယာ နှစ်ခု၊ သွေးပေါင်ချိန်စက် သုံးခု၊ ဆီးချိုတိုင်းစက် တစ်ခု လှူဒါန်းရာ တိုက်နယ်ဆရာဝန်ကြီး ဒေါက်တာကျော်စန်းဝင်းက လက်ခံရယူသည်။ ဆက်လက်၍ ဆေးရုံတက်လူနာ ၁၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် လှူဒါန်းခဲ့ပြီး စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၇၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**



## မဟာဓာတ်အားလိုင်းပြင်ပက စစ်ကိုင်းတိုင်းဒေသကြီး၏ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း

**စစ်ကိုင်း စက်တင်ဘာ ၂**

မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူ ၄၃ ဒသမ ၆ ရာခိုင်နှုန်းခန့်သာ လျှပ်စစ်မီးသုံးစွဲနိုင်သေးသည့်အတွက် ကျန်သည့်ရာခိုင်နှုန်း ၅၀ ကျော် ကျေးလက်နေသူများသည် လျှပ်စစ်မီးရရှိရန် အထူး မျှော်လင့်တောင့်တလျက်ရှိကြမည်ဖြစ်သည်။

ယခုလိုမဟာဓာတ်အားလိုင်းပြင်ပစနစ် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းမြစ်များကို အသုံးပြုပြီး တစ်အိမ်သုံးဆိုလာစနစ် အသေးစားဓာတ်အားစနစ်ဆိုသည့် နည်းလမ်းနှစ်သွယ်ဖြင့်ဆောင်ရွက်နေခြင်းဖြစ်သည်။

"မဟာဓာတ်အားလိုင်း ပြင်ပစနစ်ဆိုတာဟာ မဟာဓာတ်အားလိုင်းကနေ ၁၀ မိုင်အထက် ဝေးပြီး နောင်လာမယ့် ၁၀ နှစ်ကနေ ၁၅ နှစ်အတွင်း မီးမရနိုင်သေးတဲ့ဒေသတွေမှာ တစ်အိမ်သုံးဆိုလာစနစ်နဲ့ အသေးစားဓာတ်အားလိုင်းစနစ်တို့နဲ့ မဟာဓာတ်အားလိုင်းမရောက်ခင် အကြိုမီးလင်းရေး ဆောင်ရွက်တာကို ဆိုလိုတာပါ" ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ နှစ်နှစ်တာအတွင်း တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၂၉၀ ကျော်တွင်ရှိသော အိမ်ခြေ ၂၂၀၀၀ ကျော် လမ်းမီးအပါအဝင် စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးအဆောက်အအုံစသည့် အများပိုင်အဆောက်အအုံပေါင်း ၁၁၀၀ အတွက် ကျေးလက်မီးလင်းရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးဝင်းကျော်မျိုးက ရှင်းပြသည်။

ပြည်သူအချိုးကျထည့်ဝင်ငွေ၊ ကမ္ဘာ့ဘဏ်၏ International Development Association ချေးငွေနှင့် နိုင်ငံတော်ဘတ်ဂျက်တို့ဖြင့် တစ်အိမ်သုံး ဆိုလာစနစ်ကို ဆောင်ရွက်နေခြင်းဖြစ်သည်။

National Electrification Project စီမံကိန်းအရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခွင့်ရှိသည့် မဟာဓာတ်အားလိုင်း ပြင်ပဧရိယာအတွင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ကျေးရွာပေါင်း ၂၈၀၀ ကျော် ပါဝင်သည့်အတွက် အချိန်တိုကာလအတွင်း မဟာဓာတ်အားလိုင်းပြင်ပဧရိယာ၏ ၁၁ ရာခိုင်နှုန်းခန့် လွှမ်းခြုံနိုင်ခဲ့ပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးသန်းညွန့်ဝင်းက ပြောကြားသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## သူ့အတွေး သူ့အရေး

### တန်ဖိုးရှိတဲ့အသက်ရှင်ခြင်းဖြစ်အောင်နေထိုင်ရန်

'တန်ဖိုးရှိတဲ့ အသက်ရှင်ခြင်း'ဟု ဆိုရာတွင် လူ့ဘဝ ရရှိလာသည့်နေ့မှစ၍ လူ့သက်တမ်းတစ်လျှောက် ပညာတတ်၊ စည်းစိမ်ဥစ္စာပေါ်များပြီး လူတန်းစေ့ နေထိုင်နိုင်လျှင် ယေဘုယျအားဖြင့် တန်ဖိုးရှိတဲ့ အသက်ရှင်ခြင်းအဖြစ် သတ်မှတ်ကြသော်လည်း ဘာသာသာသနာဘက်ကကြည့်လျှင် ပညာတတ်၊ စည်းစိမ်ဥစ္စာပေါ်များပြီး လူတန်းစေ့ နေထိုင်နိုင်ရုံဖြင့် 'တန်ဖိုးရှိတဲ့ အသက်ရှင်ခြင်း' မဖြစ်နိုင်၊ တန်ဖိုးရှိသော အသက်ရှင်ခြင်းနှင့်နေထိုင်နိုင်ရန် သူတော်ကောင်းတရားခုနစ်ပါးပြည့်စုံအောင် နေထိုင်ခြင်းဖြင့်သာ မိမိနှင့်ပတ်ဝန်းကျင်ကို အကျိုးရှိသော အသက်ရှင်နေထိုင်မှုဖြစ်သည်။

သူတော်ကောင်းတရား ခုနစ်ပါးဖြစ်သော သဒ္ဓါ- လှူဒါန်းပေးကမ်းခြင်း၊ သီလ- ကိုယ်၊ စိတ်၊ နှလုံးသုံးပါး စောင့်ထိန်းခြင်း၊ သုတ- အကြားအမြင်၊ ဗဟုသုတနှင့်ပြည့်စုံခြင်း၊ စာဂ- ပင်ကိုစိတ်ထား ဖြူစင်ခြင်း၊ ပညာ- ဉာဏ်ပညာဖြင့်ပြည့်စုံပြီး အကောင်းအဆိုးပိုင်းခြားနိုင်ခြင်း၊ ဟီရိ- မကောင်းမှု ကြံစည်ရန်/ ဆောင်ရွက်ရန် ရှက်ခြင်း၊ ဩတ္တပ္ပ- မကောင်းမှုကြံစည်ရန်/ ဆောင်ရွက်ရန် ကြောက်ခြင်းတို့ကို လိုက်နာကျင့်ကြံနေထိုင်သူသည် 'တန်ဖိုးရှိတဲ့ အသက်ရှင်ခြင်း' ဖြင့် နေထိုင်သူဖြစ်သည်။

ယနေ့ခေတ်တွင် သဒ္ဓါတရား လှူဒါန်းပေးကမ်းခြင်းကို လူတိုင်းနီးပါး ဆောင်ရွက်နိုင်သော်လည်း သီလစောင့်ထိန်းခြင်း၊ အကြားအမြင်ဗဟုသုတနှင့်ပြည့်စုံပြီး ဉာဏ်ပညာဖြင့် အကောင်းအဆိုးပိုင်းခြားနိုင်ခြင်းတို့ နည်းပါးလာသည့်အတွက် မကောင်းမှုကြံစည်ရန်/ဆောင်ရွက်ရန်အတွက် ရှက်ကြောက်မှု နည်းပါးလာသည့်အခါ မလုပ်သင့်မလုပ်ထိုက်သော ပြစ်မှုများ၊ မှုခင်းများ ပြုလုပ်လာကြသည်။ ထို့ကြောင့် လူငယ်လူရွယ်များ သူတော်ကောင်း တရားခုနစ်ပါးကျင့်ကြံအားထုတ် ပွားများနိုင်စေရန်အတွက် ငယ်စဉ်ကလေးဘဝအချိန်မှစ၍ (၃၈)ဖြာ မင်္ဂလာတရားတော်နှင့်အညီ နားလည်သဘောပေါက်နေထိုင်တတ်စေရေး ကျောင်းများတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ဗုဒ္ဓတရားတော်တွင် ဗျသနတရား ငါးပါးမှ ဉာတိဗျသန (ဆွေမျိုးဉာတိတို့ သေကျေပျက်စီးခြင်း)၊ ဘောဂဗျသန (ရာထူးဂုဏ်သိမ် စည်းစိမ်ဥစ္စာ လျော့ကျပျက်စီးခြင်း)၊ ရောဂဗျသန(အနာရောဂါနှိပ်စက်ပျက်စီးခြင်း) တို့ ဖြစ်သော်လည်း အပါယ်ဘုံသို့ မကျရောက်နိုင်၊ သို့သော် သီလဗျသန (အကျင့်သီလပျက်စီးခြင်း)၊ ဒိဋ္ဌိဗျသန (အယူဝါဒလွဲမှားပျက်စီးခြင်း) တို့ဖြစ်ပါက အပါယ်ဘုံသို့ ရောက်ရှိနိုင်ကြောင်း ဘုရားရှင် ဟောကြားထားရာ ဆွေမျိုးဉာတိ ရာထူးဂုဏ်သိမ် စည်းစိမ်ဥစ္စာတို့အတွက် အပါယ်ဘုံသို့ မရောက်ရှိနိုင်အောင် ကောင်းမြတ်သော ကျင့်ကြံအားထုတ်မှုကို လိုက်နာကြရမည်ဖြစ်ပေသည်။

လူ့ဘဝသက်တမ်း နှစ်တစ်ရာ မနေရသော်လည်း အသက်ရှင်နေထိုင်စဉ် သူတော်ကောင်းတရား ခုနစ်ပါးနှင့်ပြည့်စုံသော 'တန်ဖိုးရှိတဲ့ အသက်ရှင်ခြင်း' ဖြစ်အောင် ငယ်စဉ်ဘဝမှစ၍ (၃၈) ဖြာ မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်သွားနိုင်စေရန် ဆန္ဒပြုလိုက်ရသည်။

**(မြန်အောင်မြို့ ရွှေညောင်ပင် ဖားအောက်တောရဆရာတော် ဟောကြားသော တရားတော်အား မှီငြမ်းရေးသားပါသည်)**

**ဝင်းဗိုလ် (ပြန်/ဆက် )**



မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်း ဦးစီးသည့် အင်အား ၅၀ တို့သည် ဘီးလင်းမြို့နယ် တောင်ကြီးကျေးရွာရှိ ကေလာသဆံတော်ရှင် စေတီတောင်တက်ကားလမ်းပြုပြင်သည့် မြေထိန်းနံရံတည်ဆောက်ရေးလုပ်ငန်းတွင် စက်တင်ဘာ ၁ ရက်က စုပေါင်းလုပ်အားပေးဆောင်ရွက်ခဲ့သည်။ **နန္ဒကျော်စွာ**

# ရန်ကုန်စတော့အိတ်ချိန်းအစုရှယ်ယာတွင် ရင်းနှီးမြှုပ်နှံသူများချိတ်ဆက်ကာ အစုရှယ်ယာအရောင်းအဝယ်များပြုလုပ်

ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၆ ခုနှစ် မတ်လက စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင် ရန်ကုန်စတော့အိတ်ချိန်း (FMI) ကုမ္ပဏီ၊ မြန်မာသီလဝါ (MTSH) ကုမ္ပဏီ၊ တယ်လီကွန်း ကုမ္ပဏီ (TMH)၊ မြန်မာနိုင်ငံသားများဘဏ် (MCB)၊ ပထမပုဂ္ဂလိကဘဏ် (FPB) စသည့် စာရင်းဝင်ကုမ္ပဏီငါးခု၊ Securities ကုမ္ပဏီခြောက်ခုနှင့် အစုရှယ်ယာတွင် ရင်းနှီးမြှုပ်နှံသူများချိတ်ဆက်ကာ အစုရှယ်ယာအရောင်းအဝယ်များ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါအကြောင်းအရာများနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် ရန်ကုန်စတော့အိတ်ချိန်းမှ အမှုဆောင် အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးနှင့် တွေ့ဆုံမေးမြန်းမှုများကို စုစည်းဖော်ပြလိုက်ပါသည်။



အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦး
ရန်ကုန်စတော့အိတ်ချိန်း အမှုဆောင်

**ရန်ကုန်စတော့အိတ်ချိန်း လက်ရှိအခြေအနေကို ပြောပြပေးပါခင်ဗျ။**

စတော့ဈေးကွက် လက်ရှိအခြေအနေကတော့ တော်တော်လေးကိုလှုပ်လှုပ်ရှားရှားလေးနဲ့ တိုးတက်လာတယ်လို့ပဲပြောချင်ပါတယ်။ နိုင်ငံခြားသားခွင့်ပြုတာလည်းပါတယ်။ ကုမ္ပဏီငါးခုရဲ့ ဈေးနှုန်းတွေကလည်း ဒီလပိုင်းအတွင်းမှာ တော်တော်လေးကိုမြင့်တက်ခဲ့ပါတယ်၊ အဓိကတက်တာ မြန်မာသီလဝါ တက်တယ်၊ FMI ဆိုရင်အစောပိုင်းကာလတုန်းက ၁၀၀၀၀ လောက်က ၁၂၀၀၀ ဖြစ်လာတယ်၊ မြန်မာသီလဝါဆိုလည်း ပြီးခဲ့တဲ့လတွေက ၃၅၀၀ ပတ်လည် အခု ၄၁၀၀ ရှိတယ်။ မြန်မာနိုင်ငံသားဘဏ်က အရင်တုန်းက ၈၀၀၀ ပတ်လည်မှာ အရောင်းအဝယ်ဖြစ်တာကနေ အခု ၈၄၀၀ ဖြစ်လာတယ်၊ ပထမပုဂ္ဂလိကဘဏ်ကဆိုလည်း ၂၅၅၀၀ အထိတက်တယ်၊ တယ်လီကွန်းဆိုလည်း ၃၀၀၀ နဲ့ ၃၁၀၀ ကြားမှာ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်၊ စတော့အညွှန်းကိန်းဆိုလည်း မေလ အစောပိုင်းတုန်းကဆိုရင် အညွှန်းကိန်းက ၄၀၀ ပတ်လည်လောက်ရှိရာက အခုဆို ၄၉၀ ရှိပြီး ၅၀၀ နားကပ်နေတယ်၊ ဒါကလည်း ဈေးကွက်ပြန်ပြီးတော့ မြင့်တက်လာတဲ့အနေအထားကို တွေ့ရပါတယ်၊ အညွှန်းကိန်းက မေလကတည်းကစတက်တာ ဈေးကွက်အလားအလာပြန်ပြီးတော့ သွက်လာတယ်လို့ယူဆတယ်။

**နိုင်ငံခြားသားတွေကို အစုရှယ်ယာရောင်းဝယ်ခွင့်ပြုတဲ့အပေါ် အမြင်လေးပြောပြပေးပါဦး။**

ကျွန်တော်တို့ခွင့်ပြုပြီဆိုရင်တော့ နိုင်ငံခြားသားတွေကတော့ဝယ်မှာပဲပေါ့။ ဘယ်နိုင်ငံကဘယ်လိုတွေဘယ်လောက်အထိဝင်မလဲဆိုတာကတော့ ကနဦးအဆင့်မှာတော့ အများကြီးမျှော်မှန်းလို့မရသေးဘူး။ နိုင်ငံတော်အတွက်အများကြီးအကျိုးရှိပါတယ်။ ငွေကြေးပမာဏများများဝင်နိုင်တာက နိုင်ငံခြားသားကဝင်နိုင်တာ။ နိုင်ငံခြားသားဝင်လာတဲ့အတွက် မြန်မာကုမ္ပဏီတွေအနေနဲ့လည်း အနာဂတ်မှာ သူတို့ အများနဲ့သက်ဆိုင်တဲ့ကုမ္ပဏီကြီးတွေတည်ထောင်ပြီးတော့ နိုင်ငံခြားသားကရင်းနှီးမြှုပ်နှံမှုအင်အားရော Local မှာရှိတဲ့ရင်းနှီးမြှုပ်နှံမှုအင်အားရောပေါင်းပြီးတော့ ရင်းနှီးငွေတွေပိုပြီးတော့ရှာနိုင်တာပေါ့။ ကျွန်တော်တို့အတွက် အလားအလာကောင်းတွေ အများကြီးပေါ်လာမှာပါ။

**စတော့အိတ်ချိန်း ဖွံ့ဖြိုးတိုးတက်မှုနဲ့ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆက်နွှယ်မှုရှိပါသလား။**

စတော့အိတ်ချိန်းဖွံ့ဖြိုးတိုးတက်မှုနဲ့ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တိုက်ရိုက်ဆက်စပ်မှုရှိပါတယ်။ ပုဂ္ဂလိကကဏ္ဍမှာလိုအပ်နေတဲ့ ငွေကြေးအရင်းအမြစ်တွေကို စတော့ဈေးကွက်ကတစ်ဆင့် စုစည်းပေးတာဖြစ်တယ်။ ကမ္ဘာ့နိုင်ငံတွေမှာလည်း ဒီဈေးကွက်ကတစ်ဆင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်သွားကြတာဖြစ်ပါတယ်။ ပြည်တွင်းမှာရှိနေတဲ့ စုဆောင်းမှုတွေကို ရင်းနှီးမြှုပ်နှံမှုအဖြစ် တိုက်ရိုက်ပြောင်းလဲတဲ့ ဈေးကွက်ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေက သူတို့စီးပွားရေးလုပ်ငန်းတွေကို တိုးချဲ့ဖို့အတွက် နိုင်ငံစီးပွားရေးကိုအထောက်အကူပြုဖို့ လိုအပ်တဲ့ငွေကြေးအရင်းအမြစ်က ဒီဈေးကွက်ကပဲရနိုင်တယ်။

**ဈေးကွက်ဘယ်လိုရနိုင်ပါသလဲ။**

ကုမ္ပဏီတွေအနေနဲ့ စတော့ရှယ်ယာတွေထုတ်ရောင်းမယ်၊ တစ်ဖက်က ပြည်သူလူထုကဝယ်ယူရင်းနှီးမယ်၊ အဲဒီတော့ ပြည်သူလူထုဆီကရတဲ့ ငွေကြေးအရင်းအမြစ်တွေနဲ့ ကုမ္ပဏီတွေဟာ အချိန်တိုတိုအတွင်းမှာ စီးပွားရေးလုပ်ငန်းတွေတိုးချဲ့လို့ရတယ်။ စီးပွားရေးလုပ်ငန်းတွေတိုးချဲ့ခြင်းဖြင့် ဝင်ငွေတွေရလာမယ်၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်တွေရလာမယ်၊ ကုမ္ပဏီတွေရဲ့ဝင်ငွေတိုးတက်တဲ့အတွက် နိုင်ငံရဲ့ GDP ကိုသွားပြီး အထောက်အကူပြုမယ်၊ ငွေဖောင်းပွမှုနှုန်းတွေ လျော့သွားမယ်၊ တိုင်းပြည်မှာအခွန်အကောက်တွေရလာမယ်၊ နိုင်ငံတကာမှာလည်း Capital Market ကနေတစ်ဆင့် နိုင်ငံစီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်သွားကြတာပဲ၊ အဲဒါကြောင့် ဒီဈေးကွက်ဟာ တိုင်းပြည်စီးပွားရေးအတွက် မရှိမဖြစ်အရေးကြီးတာဖြစ်ပါတယ်။

**စတော့အိတ်ချိန်းကို ဘယ်သူတွေပါဝင်နိုင်လဲ။**

စတော့အိတ်ချိန်းရဲ့ ထူးခြားချက်ကတော့ ငွေကြေးပမာဏ ၅၀၀၀၊ ၁၀၀၀၀ ရှိရုံနဲ့ ရှယ်ယာအရောင်းအဝယ်ဝင်လုပ်လို့ရတယ်။ ရှယ်ယာတစ်စုဝယ်လိုက်တာနဲ့ သူကဒီကုမ္ပဏီရဲ့ ပိုင်ရှင်တစ်စိတ်တစ်ပိုင်း ဖြစ်သွားတယ်။ ကုမ္ပဏီရဲ့အမြတ်ငွေစု ကုမ္ပဏီရဲ့ပိုင်ဆိုင်ခွင့်တွေအားလုံးကိုဆက်စပ်ပိုင်ဆိုင်နိုင်တဲ့ ရှယ်ယာရှင်ဖြစ်သွားတယ်။ တခြားဈေးကွက်တွေလို ငွေပမာဏအများကြီး ရှိစရာမလိုဘူး။ တစ်စုကနေစပြီး သိန်းပေါင်းများစွာအထိ ကုမ္ပဏီရဲ့ရှယ်ယာတွေကိုဝယ်ယူရင်းနှီးနိုင်တယ်။ ကုမ္ပဏီကနေပြီး အချိန်တန်ခွဲပေးတဲ့ အမြတ်ဝေစုတွေ ခံစားနိုင်တယ်။ စတော့ဈေးကွက်မှာလာရောင်းရင်လည်း ရှယ်ယာဈေးနှုန်းတက်တဲ့အချိန်မှာ သူတို့အကျိုးအမြတ်တွေအများကြီး ရနိုင်တယ်၊ ရှယ်ယာဈေးကွက်က ရှယ်ယာရှင်က အကျိုးအမြတ်နှစ်မျိုးရနိုင်တယ်။ နံပါတ်တစ်ကတော့ ကုမ္ပဏီကခွဲပေးတဲ့ အမြတ်ဝေစုရတယ်။ စတော့ဈေးကွက်မှာ တင်ရောင်းရင် ရှယ်ယာဈေးနှုန်းတက်တဲ့အချိန်မှာ အမြတ်ရနိုင်တယ်။ ကုမ္ပဏီရဲ့ အရေးအရာတွေမှာ ပါဝင်ဆောင်ရွက်ခွင့်ရှိတယ်။ မဲပေးခွင့်တွေရှိပါတယ်။

**စတော့ဈေးကွက်မှာ စိတ်ဝင်စားတဲ့ ပြည်သူတွေအနေနဲ့ အရောင်းအဝယ်ဘယ်လိုလုပ်ရမလဲ။**

စတော့အိတ်ချိန်းမှာ စာရင်းဝင်ထားတဲ့ ကုမ္ပဏီတစ်ခုရဲ့ ရှယ်ယာကို ဝယ်ချင်တယ်။ ရောင်းချင်တယ်ဆိုရင် ငွေကြေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်က တရားဝင်အသိအမှတ်ပြုထားတဲ့ Securities ကုမ္ပဏီ ခြောက်ခုရှိတယ်။ အဲဒီကုမ္ပဏီခြောက်ခုမှာ မိမိကြိုက်နှစ်သက်တဲ့ကုမ္ပဏီမှာ စာရင်းဖွင့်လှစ်ပြီး အရောင်းအဝယ်အော်ဒါတွေ တင်လို့ရတယ်။ တင်လိုက်တဲ့ အော်ဒါတွေက အင်တာနက်စနစ်ကနေ စတော့အိတ်ချိန်းကို ရောက်သွားတယ်။ ရောက်လာတဲ့ အော်ဒါတွေကိုမှ စတော့အိတ်ချိန်းကနေပြီးတော့ အရောင်းအဝယ်ပြုလုပ်ပေးတာ ဖြစ်ပါတယ်။

**အရှုံးအမြတ်ကို ဘယ်လိုပုံစံမျိုးနဲ့သွားပါသလဲ။**

အရှုံးအမြတ်ကျတော့ ဈေးကွက်ထဲမှာ ရောင်းရင်းဝယ်ရင်းနဲ့ပဲ ရှုံးတယ်မြတ်တယ်ဆိုတာ သိတာပါ။ စတော့တစ်စောင်ဟာ အနာဂတ်မှာ အလားအလာကောင်းတယ်။ တက်ရိပ်ရှိတယ်ဆိုရင်ဝယ်မယ်။ သူမကြိုက်တော့ဘူးလို့ထင်တဲ့အချိန်မှာ ပြန်ထုတ်ရောင်းမယ်။ သူတို့ရောင်းတဲ့ဝယ်တဲ့အပေါ်မူတည်ပြီးတော့ပဲ အရှုံးအမြတ်က ဖြစ်တာ။ အဲဒီတော့ ဈေးကွက်မှာပါဝင်ရင်းနှီးမယ့်သူ တစ်ယောက်ဟာ ဈေးကွက်ကို စနစ်တကျလေ့လာဖို့ လိုအပ်ပါတယ်။ ဈေးတက်တယ် ကျတယ်ဆိုတာတွေကတော့ ကုမ္ပဏီရဲ့ သတင်း အချက်အလက်တွေအပေါ် အခြေခံသလို ပြည်တွင်းပြည်ပ စီးပွားရေး၊ နိုင်ငံရေးအခြေအနေတွေနဲ့လည်း ဆက်စပ်နေပါတယ်။ အဲဒီသတင်းအချက်အလက်တွေအပေါ်မှာ လူတစ်ယောက်ချင်းစီရဲ့ ခံစားချက်အပေါ်မူတည်ပြီး ရောင်းကြဝယ်ကြတာဖြစ်တဲ့အတွက် ဈေးကွက်ကို မရောင်းဝယ်ခင်မှာစနစ်တကျလေ့လာပါ။ ဗဟုသုတတွေရဖို့အတွက်လည်း ကျွန်တော်တို့အနေနဲ့ ဆွေးနွေးပွဲတွေ၊ သင်တန်းတွေစဉ်ဆက်မပြတ်လုပ်နေပါတယ်။

**ဖြည့်စွက်ပြောချင်တာရှိရင် ပြောပြပေးပါခင်ဗျာ။**

စတော့ဈေးကွက်က မြန်မာနိုင်ငံမှာ အားလုံးက အသစ်အဆန်းလိုဖြစ်နေတယ်။ ကျွန်တော်တို့အနေနဲ့ ပြောချင်တာကတော့ ရင်းနှီးမြှုပ်နှံတဲ့သူတွေ ဈေးကွက်အကြောင်းကို အရင်ဆုံးနားလည်အောင် လေ့လာပါ။ လေ့လာပြီးမှ ရင်းနှီးမြှုပ်နှံပါ။ ရင်းနှီးမြှုပ်နှံတဲ့အခါမှာလည်း ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုခုမှာ စနစ်တကျ သွားရောက်ပြီးတော့ ကြိုတင်လေ့လာပါ။ သတင်းအချက်အလက်တွေအကုန်လုံးကို ရအောင်တောင်းယူပါ။ အဲဒီသတင်းအချက်အလက်ကို အခြေခံပြီးတော့မှ ဝယ်ယူရင်းနှီးမြှုပ်နှံပါ။ ရင်းနှီးမြှုပ်နှံတဲ့အခါမှာလည်း ကနဦးအဆင့်မှာတော့ အရေအတွက်အများကြီး တစ်ပြိုင်တည်းမြှုပ်နှံတာထက်စာရင် နည်းနည်းချင်းစပြီးတော့ လေ့ကျင့်သင်ယူရင်းနဲ့ ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော်တိုက်တွန်းလိုပါတယ်။ ပြီးတော့မှသာ မိမိတို့ရည်မှန်းထားတဲ့ ပမာဏကို ဝယ်ပါ။ ပထမဦးဆုံးတော့ လေ့ကျင့်ရင်းနဲ့ဝယ်ယူဖို့ပဲ အကြံပေးပါတယ်။

**ဇာနည်မောင်၊ အေးမင်းသူ**



ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ မူခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၁ ရက်က ဆိပ်မူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ဖားကန့်မြို့မရဲစခန်းမှူး ဒု-ရဲမှူးမင်းဇော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူခင်းဆိုင်ရာများ၊ ဆိပ်မူရဲကင်းမှူး ရဲအုပ်အွမ်နိန်က မူခင်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်တပ်ဖွဲ့စု (၃) မှ ရဲအုပ်နေလင်းက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ဒု-ရဲအုပ်ဝင်းယုက သက်ငယ်မုဒိမ်းမှုဖြစ်ပွားရသည့်အကြောင်းရင်းများကို ရှင်းလင်းဟောပြောစဉ်။ **မြတ်သူမင်း (ဖားကန့်)**

## တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေ အသိပညာပေးဟောပြော

**လွိုင်ကော် စက်တင်ဘာ ၂**

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနအကြောင်း မိတ်ဆက်ခြင်းနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေ အသိပညာပေး ဟောပြောခြင်းကိုစက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးလှမျိုးဆွေက အဖွဲ့ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဒေါ်သက်ထားဆွေက တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနအကြောင်း မိတ်ဆက်ခြင်းနှင့် ဦးစီးဌာနအကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဦးသီဟစိုးက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့သည်။

**ကိုစိုင်း (လွိုင်ကော်)**



## ထီးလင်း၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ကွင်းဆင်းအသိပညာပေး

**ထီးလင်း စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့မဈေးကြီး၌ စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီက ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထီးလင်းမြို့နယ်စည်ပင်ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်များ၊ မြို့နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများပါဝင်၍ ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား အင်ဖက်၊ ငှက်ပျောရွက်၊ စက္ကူအိတ်အမျိုးမျိုးနှင့် အစားထိုးပြောင်းလဲသုံးစွဲကြရန် အသိပညာပေးပြောကြား၍ ပလတ်စတစ်အိတ်များကို အသုံးပြုခြင်းဖြင့် ရရှိမည့် ဆိုးကျိုးများပါဝင်သည့် လက်ကမ်းစာစောင်များကို ဈေးသည်နှင့် ဈေးဝယ်များအား ဖြန့်ဝေပေးခဲ့သည်။

**စစ်ကြည်(စလင်း)**

# အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံ တာချီလိတ်ခရိုင်ရုံးခွဲသစ်ဖွင့်လှစ်

**တာချီလိတ် စက်တင်ဘာ ၂**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း၏ တာချီလိတ်ခရိုင် ရုံးခွဲသစ်ဖွင့်ပွဲကို စက်တင်ဘာ ၂ ရက်က အဆိုပါရုံးသစ်၌ပြုလုပ်ရာ မြန်မာနိုင်ငံအာမခံအသင်း ဥက္ကဋ္ဌ၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦး၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံ၏ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်၊ တာချီလိတ်ခရိုင် ခေတ္တခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်း တို့က ရုံးခွဲသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အာမခံအသင်းဥက္ကဋ္ဌ၊ မြန်မာ့အာမခံ လုပ်ငန်း ဦးဆောင်ညွှန်ကြားရေး မှူးက အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံ၏ ဒုတိယဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်းသည် အာမခံလုပ်ငန်း အမျိုးအစားများစွာကို ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် ခရိုင်မြို့များ တွင် ရုံးခွဲများဖွင့်လှစ်၍ ဝန်ဆောင်မှု ပေးလျက်ရှိသည်။ **ကြေးမုံ**




# ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်



**ဂန့်ဂေါ စက်တင်ဘာ ၂**

ဂန့်ဂေါမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း ရေထုတ်ပြွန်အနီးတွင် စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီက ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာန ညွှန်ကြားရေးမှူး ဦးသောင်းထိုက်၊ တည်ဆောက်ရေး (၈) ဒုတိယ ညွှန်ကြားရေးမှူး ဦးနီထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၀ နှင့် ငါးခုံးမကောင်ရေ ၅၀၀၀၀ တို့ကို စိုက်ထည့်ပေးကြသည်။

"ငါးမျိုးတွေကို မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ပို့ပေးတာဖြစ်ပါတယ်၊ ၂၀၁၆ ခုနှစ်က ငါးကောင်ရေ ၃၀၀၀၀၀၊ ၂၀၁၇ ခုနှစ်က ငါးကောင်ရေ ၂၅၀၀၀၀၊ ၂၀၁၈ ခုနှစ်က ငါးကောင်ရေ ၃၀၀၀၀၀ တို့ကို စိုက်ထည့်ပေးခဲ့ပါတယ်" ဟု အဆိုပါစီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်စိုးက ပြောသည်။

**စိန်ကျော်**

## တိုတိုထွာထွာဖတ်စရာ

### သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြော

**ကျိုက်မရော**

စာသင်ကျောင်းများတွင် မြေလျှင်ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ဆောင်ရွက်ပုံအဆင့်ဆင့် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ကျိုက်မရောမြို့နယ် နိတုံကျေးရွာအုပ်စု အ-မ-က မြကုန်းကျောင်း၌ ကျင်းပသည်။

အမက မြကုန်းကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရေဘေး၊ လေဘေးနှင့် စာသင်ကျောင်းများတွင် မြေလျှင်ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ပုံအဆင့်ဆင့်ကို ပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်နှင့် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ **ကျိုက်မရော (ပြန်/ဆက်)**

### ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**ဟသ်ာတ**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ပညာ့ဥယျာဉ်စာကြည့်တိုက်က ကြီးမှူးဖွင့်လှစ်သည့် ကွန်ပျူတာအခြေခံ(အခမဲ့) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက်က သုံးပင်ကွင်းရပ်ကွက် ပညာ့ဥယျာဉ်စာကြည့်တိုက်တွင် ကျင်းပသည်။

ကွန်ပျူတာ(အခမဲ့)သင်တန်းကို ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

### လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ**

မိတ္ထီလာမြို့နယ်၌ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းနှင့် ကဗျာပြိုင်ပွဲများကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများ၊ အလယ်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ အထက်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းနှင့် ကဗျာပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူ ၆၅ ဦးနှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းနှင့် ကဗျာပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူ ၅၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **သိန်းမြင့်ကျော် (မိတ္ထီလာ)**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**တန့်ယန်း စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့နှင့် ပူးပေါင်းကာ ငလျင်နှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကျောင်းသား ကျောင်းသူများ သိရှိနိုင်စေရန်အတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းကို စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီခွဲက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်စိုးမိုးက ငလျင်နှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းဟောပြောကာ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ငလျင်အန္တရာယ် ကျရောက်လာပါက အန္တရာယ်နှင့်လွတ်ကင်းသည့်နေရာသို့ ရွှေ့ပြောင်းနည်း၊ ကျိုးကျပျက်စီးနေသော အဆောက်အအုံတွင်းမှ လူနာအားကယ်ထုတ်နည်း၊ ကားအောက်တွင်ပိမိနေသောလူနာအား ကယ်ထုတ်နည်း၊ အထပ်မြင့်အဆောက်အအုံပေါ်မှ လူနာအား ကယ်ထုတ်နည်းများကို လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

**မင်းလွင်ဦး (ပြန်/ဆက်)**





# ဆွာချောင်းရေပြန်ကျသွားချိန် ကမ်းပါးများပဲ့ကျခြင်းကြောင့် စိုက်ခင်းများစွာပျက်စီး

**ရေတာရှည် စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စက်တင်ဘာ ၁ ရက်က ဆွာချောင်းတစ်လျှောက်ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ယင်းနေ့မွန်းလွဲပိုင်းအချိန်မှစတင်ကာ ရေများပြန်လည်ကျဆင်းသွားခဲ့ရာ ချောင်းတစ်လျှောက်ရှိနေရာအနှံ့အပြားတွင် ကမ်းပါးများပြိုကျလျက်ရှိပြီး ကမ်းပါးများပြိုကျမှုကြောင့် တောင်သူများစိုက်ပျိုးထားသည့် သီးနှံခင်းများ ပျက်စီးဆုံးရှုံးလျက်ရှိသည်ကို တွေ့ရှိခဲ့သည်။

"ရေပြန်ကျကတည်းက ပြိုကျတဲ့နေရာတွေမနည်းပါဘူး၊ စပါးခင်း၊ နှမ်းစိုက်ခင်း၊ ယာခင်းသီးနှံခင်းတွေတော့ အတော်များများပါကုန်ပြီ၊ အချို့နေရာတွေမှာ သရက်ပင်၊ ထန်းပင်နဲ့ အရိပ်ရသစ်ပင်တွေပါ ချောင်းထဲပါကုန်တာ" ဟု တံတားကြီးကျေးရွာနေ ဒေသခံကိုမင်းဇော်ဦးက ပြောသည်။

ဆွာချောင်းကို ဖြတ်ဆောက်ထားသည့် ရထားလမ်းတံတားအထက်ပိုင်း ချောင်းတောင်ဘက်ကမ်းတစ်လျှောက်နှင့် တံတားအောက်ဘက် ချောင်းမြောက်ဘက်ကမ်း၊ တံတားကြီးကျေးရွာအောက်ဘက် ကညင်အိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီးတွင်လည်းကောင်း၊ ရေနီးကျေးရွာနှင့် သရက်တောကျေးရွာအကြားနေရာများတွင် ချောင်းကမ်းများ ပဲ့ကျလျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။

ရိုးမတောင်ပေါ်ဒေသမှ စတင်စီးဆင်းလာသည့် ဆွာချောင်းသည် မိုးရာသီကာလတွင် ရေစီးအလွန်သန်သော ချောင်းတစ်ခုဖြစ်ပြီး ရာသီဥတုပြောင်းလဲခြင်းနှင့် ရေစီးကြောင်းပြောင်းလဲမှုများကြောင့် နှစ်စဉ် ယခုကဲ့သို့ ကမ်းပြိုကျမှုများကြုံတွေ့နေကြရခြင်းဖြစ်သည်။

**ကိုသန်းလွင်**

# နှစ်သန်းပေါင်း ၂၀၀ ကျော် သက်တမ်းရှိ ဒိုင်နိုဆောမျိုးနွယ်ဝင် တွားသွားသတ္တဝါကျောက်ဖြစ်ရုပ်ကြွင်း တွေ့ရှိ

**မန္တလေး စက်တင်ဘာ ၂**

မြန်မာနိုင်ငံ၏ ဘူမိဗေဒဘာသာရပ်တွင် ပထမဆုံးအဖြစ် နှစ်သန်းပေါင်း ၂၀၀ ကျော် သက်တမ်းရှိ ဒိုင်နိုဆောမျိုးနွယ်ဝင် ပင်လယ်ပျော် ကျောရိုးရှိ တွားသွားသတ္တဝါ၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ အနောက်ဘက်ရှိ ရဲဘော်ဟောင်း ကျောက်တောင်မှ သုတေသနပြု ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

**ကျောရိုးရှိ တွားသွားသတ္တဝါ**

အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းကို ရတနာပုံတက္ကသိုလ် ဘူမိဗေဒဌာနမှ ၂၀၁၈ ခုနှစ်အတွင်းက ရှာဖွေရှိခဲ့ပြီး လက်ရှိတွင် လွန်ခဲ့သည့်နှစ်သန်းပေါင်း ၂၁၀ နှင့် ၂၄၀ ကြားရှိ ပင်လယ်ပျော် ကျောရိုးရှိ တွားသွားသတ္တဝါ (Pachypleurosaurs) ကျောက်ဖြစ်ရုပ်ကြွင်းဟု ယေဘုယျသတ်မှတ်ထားပြီး ဖွတ်၊ ပုတတ်၊ ပုတ်သင်ညိုကဲ့သို့ ခေါင်းသေး၍ လည်ပင်းရှည်ကာ အရွယ်အစားမှာ ၂၀ စင်တီမီတာမှ ၁ မီတာအထိ ရှည်လျားသည့်အပြင် မေးရိုးတွင် သေးငယ်ချွန်ထက်သည့် သွားများပါရှိကာ ငါးများကို စားသုံးသည့်သတ္တဝါအဖြစ် ရုပ်ကြွင်းနှင့် ငါးရုပ်ကြွင်းများကိုလည်း တွေ့ရှိရကြောင်း ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမောင်မောင်နိုင်က ပြောကြားသည်။

"အခုလို နှစ်သန်းပေါင်း ၂၀၀ ကျော် သက်တမ်းရှိတဲ့ကျောက်ဖြစ်ရုပ်ကြွင်းကို မြန်မာနိုင်ငံမှာ ပထမဆုံးတွေ့ရှိမှုက ဘူမိဗေဒဘာသာရပ်အနေနဲ့ တန်ဖိုးကြီးမားတဲ့ တွေ့ရှိမှုတစ်ခုဖြစ်တဲ့အတွက် သမိုင်းမှတ်တိုင် တစ်ခုအဖြစ် မှတ်တမ်းတင်ရမှာပါ။ ဒီရုပ်ကြွင်းကို တွေ့ရှိခြင်းအားဖြင့် သူနဲ့ မျိုးနွယ်တူတဲ့ ဒိုင်နိုဆော သတ္တဝါတွေလည်း ကျွန်တော်တို့နိုင်ငံမှာ ရှိခဲ့တယ်ဆိုတာကို ဆက်လက်ရှာဖွေလေ့လာနိုင်ဖို့ လမ်းပွင့်သွားမှာပါ။ မကြာခင်ကာလမှာ ဒီကျောက်ဖြစ်ရုပ်ကြွင်းနဲ့ပတ်သက်လို့ နိုင်ငံတကာ ပညာရှင်တွေနဲ့ ပူးပေါင်းပြီး သုတေသနလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်သွားမှာပါ "ဟု ၎င်းက ပြောသည်။

ယခုတွေ့ရှိခဲ့သည့် ကျောက်ဖြစ်ရုပ်ကြွင်းနှင့်ပတ်သက်၍ သုတေသနစာတမ်းများ ပြုစုရေးသားကာ အင်္ဂလန်နိုင်ငံရှိ The University of Edinburgh မှ ပညာရှင်များ ပူးပေါင်းကာ Acta Palaeontologica Polonica ဂျာနယ်တွင် နိုင်ငံတကာမှ သိရှိစေရန် ပုံနှိပ်ထုတ်ဝေပြီးဖြစ်ကြောင်း အဆိုပါ ရုပ်ကြွင်းအား ရှာဖွေတွေ့ရှိ၍ သုတေသနစာတမ်းများ ဆောင်ရွက်ခဲ့သည့် ရတနာပုံတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခ ဒေါက်တာခိုင်ခိုင်စန်းက ပြောသည်။

**ဒိုင်နိုဆောမျိုးနွယ်တူ**

"ဒီသတ္တဝါတွေကို ကမ္ဘာပေါ်မှာ ဥရောပဒေသနဲ့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်နဲ့ ကွမ်ကျိုးပြည်နယ်တွေမှာ အများဆုံးတွေ့ရှိရပါတယ်။ ဒီရုပ်ကြွင်းကို တွေ့ရှိခဲ့တဲ့အတွက် သင်ကြားရေးလုပ်ငန်းတွေမှာလည်း အထောက်အကူပြုစေတဲ့အပြင် ဒိုင်နိုဆောနဲ့ မျိုးနွယ်တူတဲ့အတွက် ကမ္ဘာ့နိုင်ငံ အတော်များများမှာ တွေ့ရှိပြီး မြန်မာနိုင်ငံမှာ မတွေ့ရှိခဲ့ဖူးသေးတဲ့ ဒိုင်နိုဆောသတ္တဝါတွေကို တွေ့ရှိလာနိုင်တယ်ဆိုတဲ့ အလားအလာကောင်းတွေလည်း ရရှိလာမှာပါ"ဟု ၎င်းက ပြောသည်။

ယခုတွေ့ရှိခဲ့သည့် ကျောက်ဖြစ်ရုပ်ကြွင်းသတ္တဝါ၏ မျိုးရင်းကိုသာ သတ်မှတ်နိုင်ပြီး မျိုးစုနှင့်မျိုးစိတ်များ ထပ်မံခွဲခြားသတ်မှတ်နိုင်ရန် အဆိုပါ သတ္တဝါများ ထပ်မံတွေ့ရှိရန် ဆက်လက်လေ့လာရှာဖွေရမည့် လုပ်ငန်းများအပြင် ယင်းဒေသတွင် ဒိုင်နိုဆောများတွေ့ရှိရန်လည်း ရှာဖွေမှုလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားရန် အစီအစဉ်များရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ဝန်ကြီးဌာနသုံးခုပံ့ပိုးမှုဖြင့် နိုင်ငံတကာကုန်စည်ပြပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပါဝင်ပံ့ပိုးကူညီ၍ ကုန်သည်စက်မှုအသင်းချုပ်၏ ၂၀၁၉ ခုနှစ်တွင် ပြည့်မြောက်မည့် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် UMFCCI Centennial International Expo 2019 နိုင်ငံတကာ ကုန်စည်ပြပွဲကြီးကို စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တိုင်တိုင် ရန်ကုန်မြို့ သာကေတမြို့နယ် မင်းနန္ဒာလမ်းမကြီးရှိ ဖော်ကျွန်းပလာဇာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲကြီးက မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ဒေသထုတ်ကုန်တွေကို နိုင်ငံတွင်းကနေတစ်ဆင့် ကမ္ဘာကသိအောင် ချပြခြင်းဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာ စီးပွားရေးမိတ်ဖက်တွေနဲ့အတူတကွ ပူးပေါင်းပြီး နိုင်ငံ့အကျိုးစီးပွားတိုးတက်ဖို့ ပါဝင်ဆောင်ရွက်သွားကြမှာပါ" ဟု ကုန်သည် စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက စက်တင်ဘာ ၂ ရက်နံနက်ပိုင်းတွင် ကုန်သည်စက်မှုအသင်းချုပ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ နိုင်ငံတကာ ကုန်စည်ပြပွဲကြီးတွင် ဂျာမနီ၊ နယ်သာလန်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ် (တိုင်ပေ) နှင့် ပြည်တွင်း လုပ်ငန်းရှင်များ၏ ပြခန်းများအပါအဝင် ပြခန်းပေါင်း ၂၀၀ ကျော် ပါဝင်ပြသမည်ဖြစ်ကြောင်း၊ ပရိသတ် ၃၀၀၀၀ မှ ၅၀၀၀၀ ကြား တက်ရောက်ကြည့်ရှုကြလိမ့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

"ဒီပြပွဲကြီးက ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးအခွင့်အလမ်းများ အကောင်းဆုံး ရရှိနိုင်မှာပါ။ မြန်မာလုပ်ငန်းရှင်တွေရဲ့ ကိုယ့်ဒေသထွက်ကုန်များကို ဒီပွဲမှာ ထုတ်ဖော်ပြသစေချင်လို့ပါ။ မြန်မာနိုင်ငံရဲ့ ထွက်ကုန်တွေကို နိုင်ငံတကာနဲ့ ချိတ်ဆက်နိုင်အောင်လို့ပါ" ဟု ပြပွဲကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ဦးမျိုးသန့်က ပြောသည်။

ယင်းနိုင်ငံတကာကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ၏ ဒေသတွင်း ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများတွင် ဆုရရှိသည့် SME လုပ်ငန်းရှင်များအတွက် ပြခန်းများကို အခမဲ့စီစဉ်ပေးထားသည့်အပြင် အသင်းချုပ်ညီနောင်အသင်းများအတွက်လည်း ပြခန်းပေါင်း ၃၅ ခန်း အခမဲ့ပံ့ပိုးကူညီထားကြောင်း သိရသည်။

**မြင့်မောင်**

# မှော်ဘီ၌ မူခင်းအသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ယင်းတိုက်ပင်ကျေးရွာအုပ်စု ရေကျော်ကျေးရွာတွင် ဩဂုတ်လနောက်ဆုံးပတ်က ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတရရှိစေရန် မူခင်းအသိပညာပေး ဟောပြောပွဲကျင်းပရာ မှော်ဘီမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ မြို့မရဲစခန်းမှူး ဒု-ရဲမှူးအောင်ကျော်မိုးက မူခင်းများ မဖြစ်ပွားစေရေးအတွက် ဆောင်ရန်ရှောင်ရန်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အမှတ် (၆၅)ယာဉ်ထိန်းရဲ တပ်ဖွဲ့စုမှူးရုံးမှ ရဲအုပ်အောင်အောင်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ထပ်မံရှင်းလင်းပြသရာ ဟောပြောပွဲသို့ ကျေးလက်နေပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဟန်စိုး**

**စိုက်ပြီးသစ်ပင် ထိန်းသိမ်းလျှင်**
**လောင်စာလည်းရ ပြည်လည်းလှ**

# ကမ်းဝေးငါးဖမ်းရေယာဉ်များ စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ အောက်တိုဘာလကုန်အပြီး တပ်ဆင်ရမည်



**မြိတ် စက်တင်ဘာ ၂**

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေကြသော ကမ်းဝေး ငါးဖမ်းရေယာဉ်များ၌ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ (VMS - Vessel Monitoring System)ကို အောက်တိုဘာ ၃၀ ရက် အပြီးတပ်ဆင်ရန် ငါးလုပ်ငန်းဦးစီးဌာနက ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း သိရသည်။

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းကွက်များကို ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရ ဧရိယာသတ်မှတ်ခြင်း အချိန်ကာလပြီးမြောက်ခဲ့ပြီဖြစ်၍ စက်တင်ဘာ ၁ ရက်တွင် VMS ကိရိယာတင်ဆင်ခြင်း မရှိသေးသော်လည်း ရေလုပ်သားများ၏ စားဝတ်နေရေးအဆင်ပြေစေရေး၊ ကုန်ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး၊ ပြည်ပပို့ကုန်ပမာဏနှင့် တန်ဖိုးလျော့ကျမှုမရှိစေရေးတို့အတွက် ၂၀၁၉-၂၀၂၀ ငါးဖမ်းရာသီအစတွင် ငါးဖမ်းရေယာဉ်အားလုံးကို ငါးဖမ်းတစ်ခေါက်ထွက်ခွာခွင့်ပြုခဲ့ပြီး ရေယာဉ်များအားလုံးကို စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ နှစ်လအတွင်း VMS ကိရိယာကို အပြီးတပ်ဆင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားထားသည်။

တနင်္သာရီကမ်းရိုးတန်းသည် မြန်မာနိုင်ငံတောင်ဘက်ခြမ်းတွင်တည်ရှိပြီး မြန်မာနိုင်ငံ၏ ကမ်းရိုးတန်း သုံးခုအနက် အရှည်ဆုံး ကမ်းရိုးတန်းတစ်ခုဖြစ်၍ ကမ်းရိုးတန်းမိုင် ၇၀၀ ရှည်လျားသည်။ ကမ်းရိုးတန်းရေပြင်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဧပြီလအထိ မြိတ်အခြေပြု ကမ်းဝေးငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသည့် ရေယာဉ် ၁၂၀၂စင်းရှိကာ ကမ်းဝေးရေလုပ်သား ၂၀၉၈၇ ဦးရှိခဲ့ပြီး စက်တင်ဘာ ၁ ရက်တွင် ကမ်းဝေးငါးဖမ်းရေယာဉ် ၆၀၀ ကျော်ချက်ပွဲ့ပြ၍ ထွက်ခွာသွားကြောင်း၊ ယနေ့တွင်လည်း ဆက်လက်ထွက်ခွာလျက်ရှိကြောင်း မြိတ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေကြသော ကမ်းဝေးငါးဖမ်းရေယာဉ်များ စနစ်တကျလုပ်ကိုင်ကြစေရန်၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ ငါးဖမ်းရေယာဉ်များ၏ လှုပ်ရှားမှုများ၊ သတင်းအချက်အလက်များ စောင့်ကြည့်ခြင်း၊ မှတ်တမ်းရယူခြင်း၊ ထိန်းချုပ်ခြင်းများ ဆောင်ရွက်နိုင်ရန်နှင့် တရားမဝင် ငါးဖမ်းဆီးမှုမရှိစေရေးအတွက် ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ ( VMS - Vessel Monitoring System) တပ်ဆင်ဆောင်ရွက်ကြရန် ညွှန်ကြားချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ **ခိုင်ထူး (ပြန်/ဆက်)**

# အင်တာမီလန်အသင်းက ကာဂလီယာရီအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲစဉ်မှာ တိုက်စစ်မှူး လူကာကူ ကာဂလီယာရီပရိသတ်ရဲ့ လူမျိုးရေးခွဲခြားခံခဲ့ရ

ကာဂလီယာရီအသင်းနဲ့ အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်မှာ တိုက်စစ်မှူး လူကာကူဟာ ကာဂလီယာရီအသင်းပရိသတ်တွေရဲ့လူမျိုးရေးခွဲခြားခြင်းကိုခံခဲ့ရပါတယ်။ အဲဒီပွဲစဉ်မှာ အင်တာမီလန်အသင်းက ကာဂလီယာရီအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး တိုက်စစ်မှူး လူကာကူဟာ အင်တာမီလန်အသင်းအတွက် ဒုတိယဂိုးကို ပင်နယ်တီကနေတစ်ဆင့်သွင်းယူပေးခဲ့ပြီးချိန်မှာ လူမျိုးရေးခွဲခြားခံခဲ့ရတာလည်း ဖြစ်ပါတယ်။


တိုက်စစ်မှူး လူကာကူဟာ လူမျိုးရေးခွဲခြားခံခဲ့ရတဲ့ လူမဲကစားသမားတစ်ဦးဖြစ်ပြီး အခုလိုလူမျိုးရေးခွဲခြားမှုတွေ ကာဂလီယာရီအသင်းရဲ့သမိုင်းမှာ အရင်တုန်းကလည်း ရှိခဲ့တယ်လို့ ဥရောပဘောလုံးလောကရဲ့ လူမျိုးရေးခွဲခြားမှုဆန့်ကျင်ရေးအဖွဲ့က ဆိုပါတယ်။

အခုလိုလုပ်ရပ်တွေဟာ ဘောလုံးလောကမှာမလုပ်သင့်ဘူးလို့လည်း အင်တာမီလန်အသင်းရဲ့ နောက်တန်းကစားသမားတစ်ဦးဖြစ်တဲ့ စကရီနီယာက ကာဂလီယာရီပရိသတ်တွေရဲ့လုပ်ရပ်တွေနဲ့ ပတ်သက်ပြီး ပြစ်တင်ပြောကြားခဲ့ပါတယ်။



အင်တာမီလန်အသင်းနည်းပြ ကွန်တီကတော့ ကာဂလီယာရီပရိသတ်တွေရဲ့ လူမျိုးရေးခွဲခြားမှုအသံကို မကြားမိဘူးလို့ ဆိုပါတယ်။ ဒါပေမယ့် အီတလီမှာ ဖြစ်လေ့ဖြစ်ထရှိတာကြောင့် ပညာပေးမှုတွေ လုပ်ဆောင်ဖို့ အများကြီးလိုအပ်နေသေးတယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီကလည်း ကာဂလီယာရီအသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ပွဲစဉ်မှာ ဂျူဗင်တပ်ကစားသမား ကီယန်ကို လူမျိုးရေးခွဲခြားမှုတွေ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

တိုက်စစ်မှူး လူကာကူဟာ မန်ယူအသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၇၄ သန်းနဲ့ အင်တာမီလန်အသင်းကို ရောက်ရှိလာတာဖြစ်ပြီး ကာဂလီယာရီအသင်းနဲ့ ပွဲစဉ်ဟာ အင်တာမီလန်အသင်းအတွက် ကစားခဲ့တဲ့ ဒုတိယမြောက်ပွဲစဉ်လည်း ဖြစ်ပါတယ်။ အင်တာမီလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို မာတီနက်ဇ်နဲ့ လူကာကူတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး ကာဂလီယာရီအတွက် ချေပဂိုးကို ဂယ်လ်ဗာအိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။



## အာဆင်နယ်ကွင်းလယ်လူ မစ်ခီတာယန် အငှားစာချုပ်ဖြင့် ရိုးမားသို့ပြောင်းရွှေ့မည်

အာဆင်နယ်အသင်းကွင်းလယ်ကစားသမား မစ်ခီတာယန်ဟာ တစ်ရာသီအငှားစာချုပ်နဲ့ အီတလီစီးရီးအေကလပ် ရိုးမားအသင်းကို ပြောင်းရွှေ့တော့မှာဖြစ်ပါတယ်။ ရိုးမားအသင်းဟာ မစ်ခီတာယန်ရဲ့လုပ်ခလစာကို ပေးချေရမှာဖြစ်ပြီး အခုချုပ်ဆိုမယ့် အငှားစာချုပ်ကတော့ အငှားစာချုပ်သက်တမ်းကုန်ရင် အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူခွင့်ရရှိမှာမဟုတ်ဘူးလို့လည်း သိရပါတယ်။

မစ်ခီတာယန်ဟာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်းက မန်ယူအသင်းကနေ အာဆင်နယ်အသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ မစ်ခီတာယန်အနေနဲ့ အာဆင်နယ်အသင်းနဲ့အတူ ၅၉ ပွဲအထိ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးကိုးဂိုးသွင်းယူပေးထားတာ ဖြစ်ပါတယ်။

မစ်ခီတာယန်ဟာ အာဆင်နယ်အသင်းနဲ့ စပါးအသင်းတို့ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တဲ့ပွဲစဉ်မှာ ပါဝင်ကစားပေးခဲ့ပြီး လက်ရှိမှာ ရိုးမားအသင်းကို အငှားစာချုပ်နဲ့ ပြောင်းရွှေ့ဖို့စီစဉ်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ် ရေးသားသည်**

# အနုပညာ

## နာရီပေါင်း ၆၄၀ ကျော်ကြာ ပြင်ဆင်ခဲ့ရတဲ့ အဲလီဂိုးဒင်းရဲ့ သတို့သမီးဝတ်စုံ

ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ အဲလီဂိုးဒင်းဟာ လတ်တလောမှာ မင်္ဂလာပွဲဆင်နွှဲခဲ့တာ ဖြစ်ပါတယ်။ မင်္ဂလာအခမ်းအနားကို လှပစွာ ဝတ်ဆင်ဆင်နွှဲဖို့ရာ သူ့အတွက်တော့ ပြင်ဆင်ချိန်တွေ အတော်လေးယူခဲ့ရပါတယ်။ သူဝတ်ဆင်ခဲ့တဲ့ မင်္ဂလာဝတ်စုံကို ချုပ်လုပ်ပြင်ဆင်ရာမှာ နာရီပေါင်း ၆၄၀ ကျော်ကြာခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုတော်နဲ့ တေးရေးတစ်ဦးဖြစ်တဲ့ အဲလီဂိုးဒင်းရဲ့ မင်္ဂလာပွဲကို ဩဂုတ် ၃၁ ရက်က နယူးယောက်မှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ဒီမင်္ဂလာအခမ်းအနားမှာ အဲလီဂိုးဒင်းဟာ ရှည်လျားလှတဲ့သတို့သမီးဝတ်စုံကို ဝတ်ဆင်ခဲ့ပါတယ်။ ဒီသတို့သမီးဝတ်စုံကတော့ အဖြူရောင်ဖြစ်ပြီး ပိုးသားနဲ့ ဖန်တီးထားတာပါ။ ဂါဝန်ပေါ်မှာ လက်နဲ့အလှဖော်ရေးထိုးထားတဲ့ နှင်းဆီပန်းပုံတွေလည်း ပါဝင်တာကြောင့် ပြီးစီးဖို့ရာ နာရီပေါင်း ၆၄၀ ကျော်ကြာအောင် ပြင်ဆင်ပေးခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

အဲလီဂိုးဒင်းဟာ အနုပညာနဲ့ပတ်သက်ပြီး ရောင်းဝယ်မှုတွေကို ပြုလုပ်နေသူ ကတ်စပါဂျော့ပ်လင်းနဲ့ လက်ထပ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။



## ဂျန်ကွတ်ခ်ရဲ့ မွေးနေ့အတွက် ဂျက်စတင်ဘီဘာဆုတောင်းစကားပေးပို့



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BTS” ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျန်ကွတ်ခ်ဟာ လတ်တလောမှာ မွေးနေ့ကျရောက်ခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့မွေးနေ့မှာ ကနေဒါလူမျိုးတေးသံရှင် ဂျက်စတင်ဘီဘာက မွေးနေ့အတွက် ဆုတောင်းစကားတွေကို လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားပေးပို့ခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၁ ရက်မှာ မွေးနေ့ကျရောက်ခဲ့တဲ့ ဂျန်ကွတ်ခ်အတွက် ကမ္ဘာတစ်ဝန်းက ပရိသတ်တွေက မွေးနေ့ဆုတောင်းတွေ ရေးသားပေးပို့ခဲ့ကြပါတယ်။ အဖွဲ့ဝင်တွေနဲ့ လုပ်ဖော်ကိုင်ဖက်တွေကလည်း မွေးနေ့ဆုတောင်းစကားဆိုခဲ့ကြပြီး ဒီအထဲမှာ ဂျက်စတင်ဘီဘာလည်း ပါဝင်နေပါတယ်။ ဒါ့အပြင် အခြားသော တေးသံရှင်တစ်ဦးဖြစ်တဲ့ နီကီမင်နရ်ှကလည်း ဂျန်ကွတ်ခ်အတွက် ပျော်ရွှင်စရာမွေးနေ့ဖြစ်စေကြောင်း အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

ဂျန်ကွတ်ခ်က သူ့အတွက် မွေးနေ့ဆုတောင်းပေးခဲ့ကြသူတွေကို ကျေးဇူးတင်ကြောင်း ပြန်လည်ရေးသားဖော်ပြခဲ့ပြီး သူ့ရဲ့အင်္ဂလိပ်လို သီဆိုထားတဲ့ တစ်ကိုယ်တော်တေးသီချင်းကို စမ်းသပ်ထုတ်လွှင့်ပေးခဲ့တယ်လို့လည်း သိရပါတယ်။

**အေးပြည့် စုစည်းသည်**

## အများပြည်သူသုံးယာဉ်နဲ့ အိမ်ပြန်ခဲ့တဲ့ ဟာဂျန်ဝူး

တောင်ကိုရီးယားမင်းသား ဟာဂျန်ဝူးဟာ လတ်တလောမှာ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲပြုလုပ်ခဲ့ပါတယ်။ တွေ့ဆုံပွဲအပြီး အိမ်အပြန်မှာ မင်းသားဟာ အများပြည်သူသုံးယာဉ်နဲ့ ပြန်ခဲ့တာကြောင့် ပရိသတ်တွေရဲ့အာရုံစိုက်မှုကို ခံခဲ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိအချိန်မှာ တောင်ကိုရီးယားရဲ့ ပို့ဆောင်ဆက်သွယ်ရေးမှာ အများပြည်သူသုံးယာဉ်တွေနဲ့ သွားလာပါက ပိုမိုမြန်ဆန်စွာ ရောက်ရှိနိုင်ပါတယ်။ ယာဉ်ကြောကျပ်တည်းမှုတွေကြောင့် ကိုယ်ပိုင်ယာဉ်နဲ့ သွားလာတာထက် အများသုံးယာဉ်တွေနဲ့ သွားလာပါက အချိန်တိုအတွင်း ပိုမိုမြန်ဆန်စွာ ရောက်ရှိနိုင်ပြီး ဒီအချက်ကို ကြယ်ပွင့်တွေလည်း သိရှိထားဟန်ရှိပါတယ်။

ဩဂုတ် ၃၁ ရက်မှာ ဟာဂျန်ဝူးက သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကို လာရောက်ခဲ့သူတွေကို ကျေးဇူးတင်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ဒီလို ဖော်ပြရာမှာ ယာဉ်ကြောကျပ်တည်းမှုတွေကြောင့် အချိန်ပေးကာ လာရောက်ခဲ့ရတဲ့အတွက် ပရိသတ်တွေကို ကျေးဇူးအထူးတင်ကြောင်းနဲ့ သူကိုယ်တိုင်လည်း မြေအောက်ရထားကို အသုံးပြုကာ အိမ်ပြန်ခဲ့ရကြောင်း သူ့ရဲ့ဓာတ်ပုံနဲ့အတူ ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဒေါ်နီလာကိုယ်တိုင် ဦးစီးသော

နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၈)ရက်ခရီး - သံဝေဇနီယ(၄)ဌာန+ အဝိဇဟိတ(၃)ဌာန(အိန္ဒိယ+နီပေါ)

Hotel (၂)ည (၁၀)သိန်း (၅)သောင်း

(၁၅)ရက်ခရီး- သံဝေဇနီယ(၄)ဌာန+ အဝိဇဟိတ(၃)ဌာန+ နယူးဒေလီ+တာ့ဂျ်မဟာ

(အိန္ဒိယ+နီပေါ) Hotel (၆)ည (၁၂)သိန်း (၅)သောင်း

ခရီးစဉ်တစ်ခုအတွင်း တစ်ပြိုင်တည်း (၁၀)ဦး လိုက်ပါလျှင် (၁)ဦး အခမဲ့ပေးပါသည်။

အမှတ်-၃၁၃,၃၁၅(မြေညီထပ်)၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

Ph: 01-376610 , 01-241243, 09-441334201, Hot Line 09-444029070

သုံးရာသီ (ဗမ္မဒါန)

(ရေ)ကြိမ်မြောက်အဘထွက်ပွဲ အဘရွာ၊ ထီးတော်လှုပ်၊ ပုပ္ပါး - ၃၀၀၀၀/-၊ ပုပ္ပါး၊ ပုဂံ၊ ပခုက္ကူ၊ ဇွယ်တော်လေးဆူ ပြည့်ငါးပြည့် အဘရွာ၊ ထမင်းကျွေး-၄၀၀၀၀/-(၁၀)ဦး(၁)ဦးအခမဲ့ ဘုရားဖူးကားမြို့မြို့ဝင်လုံးငှားသည်။ 13-9-2019

09 420144148, 09 421153797

တက်လူ Travel...

အဘ(ထွက်ပွဲ)၊ စင်မြင့်ရွာ၊ပုပ္ပါး၊ နေ့ချင်းပြန်၊ ထမင်းကျွေး- ၄၀၀၀၀/

အဘ(ထွက်ပွဲ)၊ ပုဂံ၊ ပခုက္ကူ

(၃)ရက်၊ စား/ တည်း - ၄၅၀၀၀/ ၇၀၀၀၀

ကားစင်းလုံးငှား စီစဉ်ပေးသည်

09-254855582, 09-254855583

Mandalar Charm Travels & Tours ၏ ဗုဒ္ဓဂါယာ ရက်တိုခရီးစဉ်များ (ဂါယာတိုက်ရိုက်)

| တစ်ဦးနှုန်း (ဒေါ်လာ) | ၂ည ၃ရက် (ဂါယာ) | | ၃ည ၄ရက် (ဂါယာ၊ နာလန္ဒာ၊ ရာဇဂြိုဟ်) | | ၅ည ၆ရက် (သံဝေဇနီယ ၄ဌာနနှင့် အဝိဇဟိတ ၃ဌာန) | |
|---|---|---|---|---|---|---|
| | ဘုန်းကြီးကျောင်း | ဟိုတယ် | ဘုန်းကြီးကျောင်း | ဟိုတယ် | ဘုန်းကြီးကျောင်း | ဟိုတယ် |
| ၂ဦး သွားလျှင် | ၆၀၀ | ၆၃၀ | ၆၆၀ | ၇၅၀ | ၈၃၀ | ၁၄၅၀ |
| ၄-၈ဦး သွားလျှင် | ၅၃၀ | ၆၀၀ | ၆၃၀ | ၇၆၀ | ၇၀၀ | ၁၃၂၀ |
| ၉-၁၀ဦး သွားလျှင် | ၅၀၀ | ၆၃၀ | ၆၂၀ | ၇၄၀ | ၆၃၀ | ၁၂၅၀ |

[illegible] Tour Leader [illegible]

Mandalar Charm Travels & Tours မင်းကြီးလမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။

Tel : 09 504 5819, 01 3642334, 01 3644271

**THE REPUBLIC OF THE UNION OF MYANMAR**

**MINISTRY OF AGRICULTURE, LIVESTOCK AND IRRIGATION**

**Irrigation and Water Utilization Management Department (IWUMD)**

**Loan No. 3477-MYA: Irrigated Agriculture Inclusive Development Project (IAIDP)**

**INVITATION FOR EXPRESSIONS OF INTEREST**

**Consultants' Positions: National Experts & Officers for Project Management Unit (PMU)**

- **Deputy Project Manager (1 Person, up to 52 person-months)**
- **Administrative Officer (1 Person, up to 52 person-months)**
- **Accountant (2 Persons, up to 52 person-months each)**

The Republic of the Union of Myanmar has received a loan from the Asian Development Bank (ADB) for the Irrigated Agriculture Inclusive Development Project (IAIDP).The main objective of the consulting services is to assist IWUMD Project Administration Unit (PAU) in day-to-day implementation of all Project activities. Interested individuals (Myanmar nationals) may submit their Expression of Interest (EOI) in the standard form: "Template for Expression of Interest (Individual Consultants)" which can be obtained via the following link:

https://www.adb.org/sites/default/files/page/82619/files/adb-tas-eio-ind.doc

Terms on Reference (TOR) for the above 3 consulting positions may be obtained by sending an e-mail to: **iaidp.mm@gmail.com** and CC to **jarnuco@yahoo.com,** and **kyawwinntintmsi@gmail.com.**

EOIs must be submitted online via the **same e-mail addresses given above.**

Deadline for EOI Submission is: 13 September 2019 at 02:00 PM (Myanmar standard time). Late submission of EOI will not be considered.




## မသက်ဆိုင်ပါကြောင်း

အဖ ဦးမင်းငွေသန်း၏သား မင်းသန့်ထူးအောင် [၇/ပခန(နိုင်)၂၆၀၈၉၃]သည် အဖ ဦးလှဝင်း၏သမီး မရွှေရည်လှဝင်း[၁၂/ ဥကမ(နိုင်)၁၉၄၉၄၃]နှင့် နှစ်ဦးသဘောတူလက်ထပ်ထားပြီး ယခုအခါ နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်း၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မရွှေရည်လှဝင်း[၁၂/ဥကမ(နိုင်)၁၉၄၉၄၃]

အောင်မင်္ဂလာ

အိမ်ပြောင်း/ရွှေ့လုပ်ငန်း

မြို့တွင်း/နယ်ဝေး

09428773300

09428773355

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ [illegible]

[illegible]

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

[illegible]

ဦးဇော်မျိုးဦး (ဘ) ဦးပေါ်ဦး [၁၄/ဟသတ(နိုင်)၂၂၁၃၂၉]နှင့် အများသိစေရန် ကြေညာခြင်း

Ever Green Active Engineering & Services Co.,Ltd နှင့် Excellent Design Construction & Decorative Work Co.,Ltd တို့မှ နုတ်ထွက်သွားသော ဒါရိုက်တာအဖွဲ့ဝင် (၁)ဦးဖြစ်သည့် ဦးဇော်မျိုးဦး [၁၄/ဟသတ(နိုင်)၂၂၁၃၂၉]ထံသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၄ရက်တွင် ပေးရန်ရှိ/ရရန်ရှိ စာရင်းများအား (၁၀၀%) ရှင်းလင်းပြီးဖြစ်ပါသောကြောင့် Ever Green Active Engineering & Services Co.,Ltd, Excellent Design Construction & Decorative Work Co.,Ltd တို့နှင့် ဦးဇော်မျိုးဦး[၁၄/ဟသတ(နိုင်)၂၂၁၃၂၉] တို့သည် နောင်တွင် လုံးဝ(လုံးဝ) သက်ဆိုင်မှုမရှိတော့ပါကြောင်း ဦးဇော်မျိုးဦး(ဘ)ဦးပေါ်ဦး [၁၄/ဟသတ(နိုင်)၂၂၁၃၂၉]နှင့် အများသိစေရန် တရားဝင် အသိပေးကြေညာအပ်ပါသည်။

BOD အဖွဲ့ဝင်များ

Ever Green Active Engineering & Services Co.,Ltd

Excellent Design Construction & Decorative Work Co.,Ltd

GW 0973226006 0973133528 0973077569

အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။

09401505559

ဖျံ့-၅-ကောင် အမှတ်တံဆိပ်

ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

ရန်ကုန်မြို့၊ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)

Ph.D (Alternative Medicines)

ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594

TMR000849(0519)

အမှတ်တံဆိပ်

ပန်းပေါင်းစုံ သွေးဆေး

မြန်မာ့ဆေးစွမ်းကောင်း

တောမဲ့ မြေ သား ရေ တိုက် စား ၏

## ဒေါ်ညွန့်ညွန့်သောင်းတင်(ခ)Noreen Thaung Tin

**B.Com (71 Batch)**

**ဦးစီးအရာရှိ၊ စီမံကိန်းမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

**St.Franeis ကျောင်းသူဟောင်း**

### အသက်(၇၄)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ်(၉၈၇)၊ ပျဉ်းမမြိုင်လမ်း၊ (၃၄)ရပ်ကွက်နေ (ဦးသောင်းတင်-ဒေါ်မြသန်း)တို့၏ သမီးကြီး၊ (ဒေါက်တာဦးရွှေသွင်-ဒေါ်သန်းခင်)တို့၏ သမီးချွေးမ၊ (ဦးလှသွင်)၏ ချစ်လှစွာသောဇနီး၊ (ဒေါ်ဥမ္မာသောင်းတင်)၊ ဒေါ်ဇင်မျိုးမျိုးသောင်းတင်-ဦးဇော်မင်းဦး (POLY GOLD Co., Ltd.)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဦးခင်မောင်သန်း-ဒေါ်ခင်လေး၊ ဦးစိုးထွဋ်တင်-ဒေါ်တင်ဆွေမြင့်တို့၏ အစ်မကြီး၊ ဦးအောင်စိုးမိုး၊ ဒေါ်ခိုင်စပယ်စိုး၊ ဒေါ်လေးမြသန်းတင်တို့၏ ချစ်လှစွာသောကြီးကြီးသည် ၂-၉-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးကျော်ဆန်း (ငြိမ်း) တေဇ (၁)

**အောင်ဆန်းသူရိယလှသောင်း ကျောင်းသားဟောင်း**

### အသက် (၆၇) နှစ်

ရန်ကုန်မြို့နေ [အရာခံဗိုလ်ထွန်းမောင် (နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်)-ဒေါ်သန်းမြ]တို့၏ သား၊ (ဦးမြတ်အောင်)-ဒေါ်ခင်မာစန်း၊ (စခန်းမှူးရဲအုပ် စိုးတင့်)-ဒေါ်ခင်မာသန်းတို့၏ မောင်၊ (ကိုရန်နိုင်ထွန်း)၊ ကိုဝေဖြိုးမောင်မောင် (LPM Co.,LTD)-မမြတ်ခင်မာဦး(စီးပွားရေးဦးပိုင်)၊ ကိုဇော်မျိုး-မမင်းမင်းစိုး၊ ကိုထိန်ဝင်းမြတ် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-မစန္ဒာကျော်ဦး(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ [မောင်ထိန်လင်းထွန်း(LL.B)] တို့၏ဦးလေး၊ မြေး လေးယောက်တို့၏အဘိုးသည် ၁-၉-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ်(၂၃၄/၈)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ကြည် (ထားဝယ်)

### အသက် (၉၉) နှစ်

ရန်ကုန်တက္ကသိုလ်သတ္တဗေဒကျောင်းသူ/ကျောင်းသားဟောင်းများအသင်းဝင် ဦးစိုးနိုင်(၁၉၇၈)၏မိခင် ဒေါ်ခင်ကြည်သည် ၃၁-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသူ/ကျောင်းသားဟောင်းများ၏ လူမှုကူညီစောင့်ရှောက်မှုအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်အေး(မိတ္ထီလာမြို့)

### အသက်(၈၅)နှစ်

ဦးအောင်ကျော်ဟိန်း(ဒုတိယညွှန်ကြားရေးမှူး စည်ပင်သာယာ၊ မိုးကုတ်မြို့)-ဒေါ်နီနီခိုင်တို့၏မိခင် ဒေါ်တင်အေး ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမြင့်နိုင် (ရေအားလျှပ်စစ်)-ဒေါ်မိမိလှိုင်**
**ဗိုလ်ကြီးချစ်ကိုကို(မိတ္ထီလာ)-ဒေါ်သန်းသန်းလွင်**
**ဒေါက်တာသန်းဇော်ဦး(ကျေးလက်ဦးစီး)-ဒေါ်သူဇာမြင့်**
**ဦးသန့်ဇင်အောင်(ကျေးလက်ဦးစီး)-ဒေါ်ပပထင်အောင်**
**ဦးကျော်မင်းထွန်း (ဗဟိုစာရင်းအင်း)**
**MPA Intake (12)(MEUE)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သိန်းနွယ် (ခ) ဒေါ်ခင်ရွှယ်ဉ်

### အသက် (၈၅) နှစ်

Capt: ထင်လင်း (BOD မြန်မာအမျိုးသားလေကြောင်း)-(ဒေါ်ကြူကြူ)တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းနွယ်(ခ)ဒေါ်ခင်ရွှယ်ဉ်သည် ၃၀-၈-၂၀၁၉ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့် ဝန်ထမ်းများ**
**(မြန်မာအမျိုးသားလေကြောင်း)**

## ဝမ်းနည်းကြေကွဲခြင်း

## ဆရာကြီးဦးတင်ဝင်း

### အသက် (၈၃) နှစ်

ပါမောက္ခ ဒေါက်တာဦးမျိုးမြင့် နှင့် ပါမောက္ခ ဒေါက်တာမြင့်သက်မွန် (မန္တလေးဆေးတက္ကသိုလ်)တို့၏ဖခင် ဆရာကြီးဦးတင်ဝင်းသည် ၁-၉-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း**
**သားဖွားမီးယပ်ပညာအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မေသိန်း (ခ) ဒေါ်ရှယ်လီ

### အသက် (၇၁) နှစ်

သူငယ်ချင်း ဒေါက်တာကျော်စိုးဦး (မင်္ဂလာစတိုး၊ ဖော့ကန်)၏ ချစ်လှစွာသော မိခင်ဖြစ်သူ ဒေါ်ခင်မေသိန်း အသက်(၇၁)နှစ်သည် ၁-၉-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-၉၁ Batch B.V.S မှ**
**အတန်းဖော်ချစ်သူငယ်ချင်းများ**

## ဒေါ်မြကြင် (မြင်းခြံမြို့)

### အသက် (၁၀၁) နှစ်

မြင်းခြံမြို့ (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၆)နေ ပွဲစားကြီး(ဦးပေ)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးခိုင်လွင်-ဒေါက်တာမိုးကေသွယ်အောင်၊ ကိုသက်မောင်မောင်-မဝေဝေလှိုင်၊ ဒုတိယဗိုလ်မှူးကြီးနိုင်စိုး-မမေသော်တာမောင်၊ ကိုရဲထွန်းနောင်-မဇင်မျိုးဦး (True Love Photo Studio)၊ ကိုပိုင်ဖြိုး-မဝင်းမာထွေး၊ ကိုမင်းကျော်သူ-မသက်ရည်ရည်ထက်(KoKoRo ဂျပန်နိုင်ငံ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ)၊ လက်ထောက်ပါမောက္ခ ဒေါက်တာရီဇော် (Los Angeles Children Hospital)၊ ကိုအောင်ထွန်းဝင်း-မစိမ့်စိမ့်သူ၊ ကိုဝင်းထက်အောင်-မအိသန္တာမိုး၊ ကိုဇင်မောင်မောင်(Senior Quality Assurance Specialist) (Hydrafacial, Long Beach)-မဘုန်းသစ်နိုး(Teacher, Los Angeles Unified school District)၊ ကိုခိုင်ဇော်ဟိန်း-မဟန်ဇာဘို၊ ဒေါက်တာအေးမွန်မွန်ခန့်၊ ကိုပိုင်သော်ခန့်၊ ကိုထင်လင်းတို့၏အဘွား၊ မြစ် ၁၄ ယောက်တို့၏ဘွားဘွားကြီးသည် ၃၁-၈-၂၀၁၉ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၉ ရက် ညနေ ၄ နာရီတွင် မြင်းခြံမြို့ ဆူးဖြူကုန်းသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၁၉ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြကြင် (မြင်းခြံမြို့)

### အသက်(၁၀၁)နှစ်

မြင်းခြံမြို့ (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၆)နေ ပွဲစားကြီး(ဦးပေ)၏ ဇနီး၊ (ဦးရွှေအောင်)-ဒေါ်တင်တင်ဝင်း၊ ရန်ကုန်မြို့ ဦးကောင်း-ဒေါ်ယဉ်ယဉ်၊ မြင်းခြံမြို့ ဦးခင်မောင်အေး-ဒေါ်ရီရီဝင်း ("ပါရမီ"မုန့်ဆိုင်)၊ မြင်းခြံမြို့ ဦးဇော်လွန်း-ဒေါ်လှလှမြင့် (Los Angeles) အမေရိကန်ပြည်ထောင်စု ဦးသိန်းဝင်း-ဒေါ်မီမီလွင်၊ ရန်ကုန်မြို့ ဦးစိုးဝင်း-ဒေါ်အေးအေးမြင့် ("ငွေကြယ်ပွင့်" မှုကြို မြင်းခြံမြို့)တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေး ၁၅ ယောက်၊ မြစ် ၁၄ ယောက်တို့၏အဘွား ဒေါ်မြကြင်သည် ၃၁-၈-၂၀၁၉ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၉ ရက် ညနေ ၄ နာရီတွင် မြင်းခြံမြို့ ဆူးဖြူကုန်းသုသာန်၌ သဂြိုဟ်ပြီးစီးကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၁၉ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထူး (ခ) ဦးရွှေထူး

### အသက် (၉၂) နှစ်

ဒါးပိန်မြို့နေ (ဦးလှဖေ-ဒေါ်သန်းခင်)တို့၏သား၊ (ဦးသိန်း-ဒေါ်ညွန့်သိန်း)တို့၏သားသမက်၊ ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၁၇၃-ခ)နေ ဒေါ်ပဲ(ခ)ဒေါ်ရီရီသန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးရန်နိုင်ဝင်း-ဒေါ်အေးစု(ခ)ဒေါ်သန်းသန်းရီ၊ ဦးစိုးသိန်း-ဒေါ်ငွေငွေ၊ ဦးဖိုးကျော်(ခ)ဦးကျော်ကျော်-ဒေါ်စန်းစန်းမော်၊ ဦးနိုင်ဝင်း၊ ဦးဝင်းထူး-ဒေါ်ငွေငွေဝင်း၊ ကိုမျိုးမင်းသိန်း၊ ကိုထူးဝေယံတို့၏ကျေးဇူးရှင်ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဘညွန့် (၈၁)နှစ်

**စိုက်ပျိုးရေး (ဂုဏ်ထူးဆောင်)၊ ရုံးအုပ်(ငြိမ်း)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ပုဏ္ဏကားရွာနေ (ဦးဘရန်း-ဒေါ်တင်လှ)တို့၏သား၊ ဂန့်ဂေါမြို့နေ (ဦးဘသာ-ဒေါ်သိန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၇၆၄)နေ ဒေါ်ဂရီတာ (ဦးစီးအရာရှိ-ငြိမ်း၊ ဆည်/ရေဦးစီးဌာန)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကိုညွန့်-ဒေါ်ချိုချိုမာ၊ ဒေါ်ဖြူဖြူညွန့်၊ ဦးသီဟညွန့်၊ ဦးအောင်ကျော်ညွန့်-ဒေါ်မြမြငွေ တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်သေးသေးမြင့်(ဦးစီးအရာရှိ-စာရင်း၊ ဆည်/ရေဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်)၏ဦးလေးသည် ၁-၉-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါဒဂုံမြောက်ပိုင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘိုဘိုဟန်

### အသက်(၄၃)နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၉/၃ခ)နေ (ဦးခင်မြင့်-ဒေါ်ခင်မာချို)တို့၏ သား၊ ဦးအောင်မျိုးလှိုင်-ဒေါ်လှကလျာမြင့်၊ ဒေါ်မြဖြူပြာမြင့်၊ ဦးကျော်မိုး-ဒေါ်နွဲ့မှုယာမြင့်တို့၏ ညီ/မောင်၊ ဦးသော်သော်ဟန် ၏ အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေး သည် ၁-၉-၂၀၁၉ (တနင်္ဂနွေနေ့) ည ၇း၄၅ နာရီတွင် ခုတင်(၅၀၀) ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၉ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းသန်း

**(ဘိုကလေးမြို့နယ်အသင်းဝင်)**

### အသက် (၈၇) နှစ်

ရန်ကုန်မြို့ ဒဂုံအရှေ့မြို့နယ်၊ (၉)ရပ်ကွက်၊ တိမ်ညို(၁)လမ်း၊ အမှတ်(၇၀၄)နေ (ဦးဝင်း-ဒေါ်အုန်းစိန်)တို့၏ သမီး၊ (ဦးတင်အုန်း)၏ဇနီး၊ (ဦးအာသာ)-ဒေါ်ခင်မာချို၊ (ဦးမြင့်သန်း)၊ ဒေါ်မာလာအုန်း (ဒုဦးစီးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ ဒဂုံအရှေ့)၊ ဦးသက်ဝင်း-ဒေါ်မြင့်၊ ဒေါ်ယဉ်ယဉ်အုန်း (မူအုပ်-ငြိမ်း၊ ဆိပ်ကြီးခနောင်တို)၊ ဦးကျော်ဝင်း၊ ဗိုလ်ကြီးမျိုးဝင်း(ငြိမ်း)-ဒေါ်ပဒုမ္မာအေး၊ ဆေးအရာခံဗိုလ် အောင်အောင်ထွန်း (အ.မ.တ-၃၆၀)-ဒေါ်စန်းစန်းဝင်း၊ ဦးဇော်ဇော်ထွန်း (Manager KBZ Bank)-ဒေါ်မြင့်ဇင်သော် (National Manager Mahaswari Int' Co., Ltd)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၃ ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွား ဒေါ်သန်းသန်းသည် ၁-၉-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၉ (စနေနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်လှလှကျော်နှင့်(ခ)ဒေါ်မြတ်မူ

**(စားဖျော်-ငြိမ်း)**

### အသက်(၈၁)နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ လမ်းမတော်လမ်း၊ ညောင်ပင်လေးပလာဇာ၊ 'င'ဆောင်၊ အခန်းအမှတ်(3/E)နေ (ဦးရွှေကျော်-ဒေါ်ဝါနု)တို့၏ သမီး၊ [ဦးအေးကြူ (ဒုတိယညွှန်ကြားရေးမှူး၊ နယကရုံး-ငြိမ်း)]၏ ဇနီး၊ (ဒုရဲမှူး ဦးတင့်လွင်ဦး)-ဒေါ်လူလူမော်၊ ဒေါက်တာနီဝါလွင် (ပါမောက္ခ၊ သတ္တဗေဒဌာန၊ ကလေးတက္ကသိုလ်)၊ ဒေါ်သီသီလွင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၁-၉-၂၀၁၉ရက် နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးနေမျိုးခိုင်(ခ)ဦးငယ်

### အသက်(၄၅)နှစ်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဂန္ဓမာလမ်း၊ အမှတ်(4.E)နေ (ဦးကျော်မြင့်)-ဒေါ်စောရှင်တို့၏ သားငယ်၊ ဦးလေးခိုင်၏ညီ၊ ဒေါ်ခင်ထားဦး၏ မောင်သည် ၂-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ရှုတင် (ခ) ဒေါ်ဝမ်စစ်တူ

### အသက်(၉၅)နှစ်

ရန်ကုန်မြို့ အမှတ်(၃၄)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်နေ ဦးတန်ဂုံတင်၏ ဇနီး၊ (ဦးတင်ထွန်း-ဒေါ်သင်းသင်း)၊ ဦးလှစိန်-ဒေါ်နီနီမာ၊ (ဦးလှရွှေ)-ဒေါ်ခင်မြင့်ကြည်၊ ဒေါ်ချို၊ ဒေါ်လှလှ၊ ဦးမောင်မောင်သန်း-ဒေါ်အုန်းမြင့်၊ ဦးမြင့်ဆွေ-ဒေါ်သန်းမြင့်တို့၏ မိခင်၊ ဦးအောင်ထွန်း-ဒေါ်အေးမြသန္တာဝင်း၊ ဦးမျိုးထွန်း-ဒေါ်သီသီညွန့်၊ ဦးစိုးမြင့်ထွန်း-ဒေါ်အေးအေးတင်၊ ဦးသောင်းထွန်း-ဒေါ်တွတ်တာ၊ ဦးမြတ်ဝင်းထွန်း၊ မစောလှနွယ်၊ မယဉ်ယဉ်ရွှေ၊ မထက်ယဉ်ဝင်း၊ ဦးကျော်ဇေယျ-ဒေါ်သီရိဒုံ၊ ဒေါ်စန်းစန်းယဉ်၊ မောင်မင်းဇေယျာကျော်၊ မဆွေလဲ့ဝင်းတို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၈း၄၅ နာရီတွင် အာယုအင်တာနေရှင်နယ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးငွေအောင်

### အသက်(၈၅)နှစ်

**ဒု-ညွှန်မှူး(ငြိမ်း)သာသနာရေးဦးစီးဌာန**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်)ပိုင်းမြို့နယ်၊ (၃၅)ရပ်ကွက်၊ နတ်သျှင်နောင်လမ်း၊ အမှတ်(၃၀၀/၃၀၁)နေ ဒေါ်သောင်းညွန့်၏ ခင်ပွန်း၊ ဦးဉာဏ်ဝင်း-ဒေါ်ဥမ္မာအောင်၊ ဦးသင်းအောင်-ဒေါ်ပန်းချယ်ရီ၊ ဦးတင်ထွန်းအောင်-ဒေါ်အေးအေးသင်း၊ (ဦးကျော်တိုးထွန်း)-ဒေါ်မဥ္စူထွေးအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂-၉-၂၀၁၉ ရက် နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်အေး

### အသက်(၈၅)နှစ်

မိတ္ထီလာမြို့ ကျောက်ဖူးရပ်ကွက်၊ အမှတ်(၂၁၄)နေ (ဆရာကြီးဦးအောင်လှိုင်)၏ ဇနီး၊ ဦးအေးလွင်-ဒေါက်တာချိုချိုမြင့်၊ ဒေါ်ချိုချိုတင့်၊ ဦးအောင်ကျော်ဟိန်း(ဒုတိယညွှန်ကြားရေးမှူး၊ စည်ပင်သာယာ၊ မိုးကုတ်မြို့)-ဒေါ်နီနီခိုင်၊ ဦးစိုးဝင်း-ဒေါ်သင်းသင်းလှိုင် (ယွန်းရွှေရည်ဆန်ပွဲရုံ)၊ ဒေါက်တာသန်းတင်အောင်-ဒေါက်တာအိဝဒဲမယ၊ ဒေါ်အေးအေးအောင်၊ ဒေါက်တာစီစီဖြိုး (တွဲဖက်ပါမောက္ခ၊ သချာင်္ဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်)တို့၏ မိခင် ဒေါ်တင်အေး သည် ၁-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇း၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် မြင်တော်ကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမင်းမြင့်ဆွေ(ခ)ဦးမြင့်ဆွေ (ရွှာလွတ်ရွှာဘီလူးကျွန်း)

### အသက်(၇၄)နှစ်

**71 B.Ed အ-ထ-ပြ(ငြိမ်း)**

**အ-ထ-က(၃)တောင်ဥက္ကလာပ**

ရန်ကုန်မြို့ အမှတ်(၁၉/သုံးလွှာ)၊ မြလမ်းကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ အငြိမ်းစားကျောင်းအုပ်ဆရာကြီး (ဦးငွေလှိုင်-ဒေါ်ငွေထိန်)တို့၏ သား၊ (ဦးမြိုင်-ဒေါ်ငွေတင်)တို့၏ သားသမက်၊ ဒေါ်ခင်သန်း(ဒု-ဦးစီး-ငြိမ်း၊ နယ်စပ်/စည်ပင်ရုံးချုပ်)၏ ခင်ပွန်း ဦးမင်းမြင့်ဆွေ(ခ)ဦးမြင့်ဆွေသည် ၁-၉-၂၀၁၉ ရက် မွန်းလွဲ ၁း၀၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း ဒါယိကာမကြီး**

## ဒေါ်တင်အေး

**(မော်ဘီချမ်းအေးရိပ်သာ ယောဂီဟောင်း)**

### အသက်(၉၁)နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဦးဂွယ်လမ်း၊ ငါးလွှာ၊ အမှတ်(၃)နေ (ဦးတင့်-မီးရထား-ငြိမ်း)၏ ဇနီး၊ ဦးကျော်ယဉ်-ဒေါ်အေးအေးတင့်(ငြိမ်း)-(စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့်ဗဟိုစာရင်းအင်းအဖွဲ့)တို့၏ မိခင်၊ ဦးဥက္ကာထွန်း၊ ဒေါ်ယဉ်လဲ့မွန်၊ ဦးဇေယျာဟိန်း (Asia World Co., Ltd.)-ဒေါ်သက်ဆုလွင် မောင်တို့၏ အဘွား၊ မထက်မြတ်ယွန်း၊ မောင်လျှံဘုန်းအောင်တို့၏ ဘွားဘွားကြီးသည် ၁-၉-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းသိန်း

### အသက်(၈၅)နှစ်

**သဲအင်းဂူယောဂီ(မော်ဘီ)**

**မြန်မာ့ထီးစက်ဝန်ထမ်းဟောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ သဲအင်းဂူဝိပဿနာ ဗဟိုဌာနချုပ်၊ (၂)လမ်း၊ ဇရပ်(၄၂)နေ (ဦးစောလွင်) အ-ထ-က(၁)လှိုင်-ငြိမ်း၏ ဇနီး၊ ဒေါ်တိလောက၊ (ဒေါ်ညွန့်ညွန့်လွင်)၊ (ဒေါ်တိက္ခ)၊ [ဦးကြယ်နီ(ခ)ဦးမြင့်သိန်း]၊ (ဦးအောင်ကျော်)၊ ဒေါ်ပညာစာရီ၊ ဦးစောမြသိန်းတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေးကိုးယောက်၊ မြစ် ၁၃ ယောက်တို့၏ ဘွားဘွားသည် ၃၀-၈-၂၀၁၉ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၉ (စနေနေ့)တွင် သဲအင်းဂူ ခုတင်နယ်မြေသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါဇရပ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကြေးမုံ ယနေ့ ဗဟိုစာမျက်


**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၈

..................

**ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များအတွက် ဗီဇာကင်းလွတ်ခွင့်နှင့် ဆိုက်ရောက်ဗီဇာစမ်းသပ်ခွင့်ပြုမှု တစ်နှစ်ထပ်တိုးဆောင်ရွက်မည်**

စာမျက်နှာ » ၄

..................

**လူငယ်များအတွက် ဆိုက်ဘာအသိပညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ စကားသံများ**

စာမျက်နှာ » ၆

..................

**ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့် နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနား ရုရှား၌ ကျင်းပ**

စာမျက်နှာ » ၁၂

..................

**ပထမအကြိမ် အမေရိကန်-အာဆီယံ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှု စတင်**

စာမျက်နှာ » ၁၃

..................

**ရန်ကုန်စတော့အိတ်ချိန်း အစုရှယ်ယာတွင် ရင်းနှီးမြှုပ်နှံသူများ ချိတ်ဆက်ကာ အစုရှယ်ယာ အရောင်းအဝယ်များ ပြုလုပ်**

စာမျက်နှာ » ၁၉


# ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ မရှိကြစေရန် အသိပေးထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**ထုတ်ပြန်ချက်**
**၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်**
**၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်စေရန်နှင့် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန်အတွက် ဘဏ်များအပေါ် လိုအပ်သော စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌအနေဖြင့် (၂၇-၈-၂၀၁၉) ရက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဖြေကြားခဲ့သည့် အချက်သည် ဗဟိုဘဏ်၏ရပ်တည်ချက်နှင့် ပြည့်ဝစွာ ကိုက်ညီမှုမရှိပါ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် လက်ရှိဘဏ်လုပ်ငန်းများနှင့် လုပ်ငန်းရှင်များအကြား ညှိနှိုင်းတွေ့ဆုံဆွေးနွေးမှုများနှင့်ပတ်သက်၍လည်း ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဗဟိုဘဏ်၏ သဘောသဘာဝအရ ဘဏ်များ၏ နောက်ဆုံးအားထားရာ(Lender of Last Resort )အဖြစ် ဘဏ်များ၏ လိုအပ်ချက်များရှိခဲ့လျှင် ပြည့်ဝစွာ ကူညီထောက်ပံ့သွားမည်ဖြစ်ပါသည်။ ပြည်သူလူထုအနေဖြင့် ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ မရှိကြစေရန် အသိပေးအပ်ပါသည်။

# ထိုင်းဘုရင့်ဖလား ကမ္ဘာ့ချန်ပီယံရှစ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်း ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိ

**ရန်ကုန် စက်တင်ဘာ ၂**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ထိုင်းဘုရင့်ဖလား ကမ္ဘာ့ချန်ပီယံရှစ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၃၆ နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာအသင်းက ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် အမျိုးသားနှစ်ယောက်တွဲ၌ မြန်မာအသင်းက ပထမ၊ တောင်ကိုရီးယားအသင်းက ဒုတိယနှင့် မလေးရှားအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့က ပူးတွဲ

**စာမျက်နှာ ၁၁ ကော်လံ ၄ သို့**



အောင်ပွဲရ မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ဗီယက်နမ် ယူ-၁၅ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ဂိုးပြတ်အနိုင်ရ



အုပ်စုပထမနေ့တွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် စက်တင်ဘာ ၂**

၂၀၁၉ ဗီယက်နမ် ယူ-၁၅ အမျိုးသမီးဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ကို စက်တင်ဘာ ၁ ရက်က စတင်ကျင်းပရာ မြန်မာအသင်းသည် အဖွင့်ပွဲတွင် အိမ်ရှင် ဗီယက်နမ်အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

ပထမနေ့ပွဲစဉ်များတွင် မြန်မာအသင်းက အိမ်ရှင် ဗီယက်နမ်ကို သုံးဂိုး-ဂိုးမရှိ၊ အိုက်စလန်အသင်းက ဟောင်ကောင်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းသည် အဖွင့်ပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အိမ်ရှင်အသင်းကို ဂိုးပြတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဂိုးများကို သိဂီထွေးက ၁၊ ၃၁ မိနစ်တွင် နှစ်ဂိုးနှင့် ဆုမြတ်နိုးက ၇၉ မိနစ်တွင်

**စာမျက်နှာ ၁၁ ကော်လံ ၄ သို့**